ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

KBZ BANK
STRENGTH OF MYANMAR

၁၃၇၇ ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ ရက် တနင်္လာနေ့၊ 4, Monday April 2016 (၈၅၂၆)

အောင်မြင်တဲ့ ရုပ်ရှင်ကားတစ်ကားဖန်တီးသလို တိုင်းသူပြည်သားအားလုံး ကိုယ်ကျရာနေရာ ကိုယ့်တာဝန်ကျေပွန်အောင်ဆောင်ရွက်ရင် ကျွန်မတို့နိုင်ငံ မလွဲမသွေတိုးတက်ပြောင်းလဲမည်

ဒေါ်အောင်ဆန်းစုကြည်၏ သဝဏ်လွှာ

ဧပြီလ ၃ရက်နေ့မှာ ပြုလုပ်မယ့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို လူကိုယ်တိုင်မလာရောက်နိုင်တဲ့အတွက် ဦးစွာ တောင်းပန်ချင်ပါတယ်။ အခမ်းအနားကို တက်ရောက်လာကြတဲ့ မြန်မာ့ရုပ်ရှင်လောကရဲ့ အနုပညာရှင်၊ အတတ်ပညာရှင်တွေ၊အခမ်းအနားဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီကြိုးပမ်းကြသူတွေအားလုံးကို ဒီသဝဏ်လွှာနဲ့ပဲ နှုတ်ဆက်လိုက်ပါရစေ။

ရုပ်ရှင်ဆိုတာ အနုပညာတွေထဲမှာ လူထုကြားကို အထိုးဖောက်နိုင်ဆုံးနဲ့ လူအများအပေါ် သြဇာသက်ရောက်မှု အရှိဆုံးလို့ ပြောလို့ရပါတယ်။ ပြောင်မြောက်တဲ့ ရုပ်ရှင်အနုပညာလက်ရာတွေဟာ လူတွေရဲ့ ရင်ထဲ၊ နှလုံးသားထဲမှာ နှစ်ပေါင်းများစွာ လွှမ်းမိုးကျန်ရစ်ခဲ့ကြတာပါ။ အဲဒီလိုလက်ရာမြောက်ဖို့လည်း သရုပ်ဆောင်ပညာ၊ ဒါရိုက်တာပညာ၊ တည်းဖြတ်ပညာ၊ ဇာတ်ညွှန်းပညာ၊ ဓာတ်ပုံပညာ၊ ဂီတပညာ၊ အသံပညာအစရှိတဲ့ အနုပညာရပ်ပေါင်းများစွာ ပေါင်းစပ်ခဲ့ရတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ရုပ်ရှင်အနုပညာရဲ့ အောင်မြင်မှုဟာ စုပေါင်းအားထုတ်မှု၊ ညီညွတ်မှုနဲ့ ကိုယ်ကျရာတာဝန်ကို ကျေပွန်စွာ ဆောင်ရွက်နိုင်မှုတို့ရဲ့ ရလဒ်ပဲဖြစ်ပါတယ်။

လာမယ့် ၂၀၂၀ ခုနှစ်မှာ မြန်မာ့ရုပ်ရှင်ရဲ့ သက်တမ်း အနှစ် (၁၀၀)ပြည့်တော့မှာဖြစ်ပါတယ်။ ပထမဆုံးရုပ်ရှင်ဖြစ်တဲ့ "မေတ္တာနဲ့သူရာ" ဇာတ်ကားကနေစပြီး အခုခေတ် "ကျွန်မကနှင်းဆီပါမောင်" ဇာတ်ကားအဆုံးဖြတ်သန်းလာခဲ့ရတဲ့ ခရီးလမ်းတစ်လျှောက်အတွေ့အကြုံတွေ၊ စိန်ခေါ်မှုတွေ အောင်မြင်မှုတွေနဲ့ သင်ခန်းစာတွေ အမျိုးစုံတွေ့ကြုံခဲ့ကြပြီးပါပြီ။ အခုလို ပိုမိုပွင့်လင်းလာတော့မယ့် ခေတ်မှာ ရုပ်ရှင်လောက တစ်ခုလုံး အနုပညာရေး၊ အတတ်ပညာမှာပါ ပိုမိုတိုးတက်အောင်မြင်လာကြမယ်လို့ မျှော်လင့်မိပါတယ်။

ကျွန်မတို့တိုင်းပြည်လည်း "ပြောင်းလဲချိန်တန်ပြီ"ဖြစ်တဲ့အတိုင်း အောင်မြင်တဲ့ ရုပ်ရှင်တစ်ကား ဖန်တီးသလိုတိုင်းသူပြည်သားအားလုံးက ကိုယ်ကျရာနေရာကနေ ကိုယ့်တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြရင် ကျွန်မတို့ရဲ့ နိုင်ငံမလွဲမသွေ တိုးတက်ပြောင်းလဲနိုင်မယ်လို့ ယုံကြည်မိပါတယ်။ ရုပ်ရှင်အနုပညာလောကသား အားလုံးအနေနဲ့လည်း မိမိတို့ပိုင်ဆိုင်တဲ့ သြဇာကြီးမားလှတဲ့ အနုပညာကို ဆတက်ထမ်းပိုးတိုးတက်အောင် ကြံဆောင်နိုင်ကြပါစေ၊ မြန်မာ့ရုပ်ရှင် ထူးချွန်ဆုတွေလည်း အနုပညာရှင်များစွာ ထိုက်ထိုက်တန်တန် ရရှိကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။ **ဒေါ်အောင်ဆန်းစုကြည်**

၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၃

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကျင်းပသည့် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်းရှိ Myanmar Event Park ၌ ကျင်းပသည်။

၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံး ဒါရိုက်တာဆုကို "ကျွန်မက နှင်းဆီပါမောင်" ဇာတ်ကားဖြင့် ဆွတ်ခူးရရှိသူဒါရိုက်တာ ဝိုင်း။

၂၀၁၅ ခုနှစ်အတွက်အကောင်းဆုံးအမျိုးသား ဇာတ်ဆောင်ဆုကို "နက္ခတ်များတဲ့ တိုက်ပွဲ" ဇာတ်ကားဖြင့် ဆွတ်ခူးရရှိသူ နေတိုး။

"ကျွန်မက နှင်းဆီ ပါမောင်" ဇာတ်ကားဖြင့် ၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုရရှိသူ ဖွေးဖွေး။

၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသမီး ဇာတ်ပို့ဆုကို "ဤအရာကိုအချစ်ဟုခေါ်သလား" ဇာတ်ကားဖြင့် ဆွတ်ခူးရရှိသူ တက္ကသိုလ်ဂွမ်းပုံ။

၂၀၁၄ခုနှစ်တွင် မြန်မာရုပ်ရှင် ဇာတ်ကား စုစုပေါင်း ၁၇ ကားရုံတင်ပြသနိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ရုပ်ရှင်ဇာတ်ကား စုစုပေါင်း ၁၃ ကား ရုံတင်ပြသနိုင်ခဲ့သည်။ နှစ်နှစ်အတွင်း ရုံတင်ပြသနိုင်ခဲ့သည့် ရုပ်ရှင်ဇာတ်ကားစုစုပေါင်း ၃၀ မှ အကောင်းဆုံး ဇာတ်ကားများအား ရွေးချယ်၍ ယခုကဲ့သို့ ရုပ်ရှင်ထူးချွန်ဆုများ ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ဆုချီးမြှင့်ပွဲ မစတင်မီ ရုပ်ရှင်အနုပညာရှင်များနှင့် တေးသံရှင်များက ဖျော်ဖြေခဲ့ကြပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦးနှင့် စည်သူဗိုလ်ကလေးတင့်အောင်တို့က အခမ်းအနားအား ဖွင့်လှစ်ပေးသည်။

၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အတွက် ကျင်းပသည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကို ညနေ ၅ နာရီတွင် စတင်ကျင်းပပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သော သဝဏ်လွှာကို ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီထွန်းအိန္ဒြာဗိုက ဖတ်ကြားသည်။

(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ သဝဏ်လွှာအား သီးခြားဖော်ပြထားပါသည်။)

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုကအမှာစကားပြောကြားရာတွင် ယခုနိုင်ငံတော် အစိုးရသစ်သည် "ပြောင်းလဲချိန်တန်ပြီ" ဆိုသော ဆောင်ပုဒ်နှင့် တက်လာသော အစိုးရဖြစ်ကြောင်း၊ လူပြောင်း၊ မူပြောင်း **ကျော်ဖုံးသို့** ○

ကြေးမုံ

အနုပညာတန်ဖိုးနှင့် ပြည်သူ့အင်အား

မြန်မာ့ရုပ်ရှင် အကယ်ဒမီဆုပေးပွဲဆိုသည့် အသံကြားလျှင် မြန်မာလူမျိုးတို့ လှုပ်လှုပ်ရွရွ ဖြစ်လာကြသည်။ အထူးသဖြင့် အနုပညာ ဖန်တီးမှုကို အကန့်အသတ်အချုပ်အခြယ်မများခင်ကာလ၊ လွတ်လပ်သည့် အနု ပညာဖန်တီးမှု ပစ္စည်းများ တသွင်သွင် ထုတ်လုပ်ခွင့်ရနေသော ကာလကဆိုလျှင် လူတိုင်းမျှော်တလင့် လင့်နှင့် ဆုရမည့်သူကို ခန့်မှန်းကြတွက်ဆကြဖြစ်သည်။

အနုပညာဆိုတာ တီထွင်ဖန်တီး ယူရတာ ဖြစ်သည်။ သဘာဝ ထဲမှာ အဆင်သင့်ရှိနေသည်မဟုတ်။ သို့သော်လည်း သဘာဝပေါ်မှာ အခြေပြုကာ ဖန်တီးယူတာ။ အနုပညာပစ္စည်းတို့ကို ဖန်တီးရခြင်း၏ အရင်းအမြစ်က မျှဝေခံစားမှု ဖြစ်သည်။ အနုပညာရှင်တစ်ဦး မြင်လိုက်ရသော၊ သို့မဟုတ် မိမိကြားလိုက်ရသော သို့မဟုတ် မိမိ ကြုံတွေ့လိုက်ရသော အဖြစ်အပျက် မြင်ကွင်း အသံတစ်ခုခုက မိမိ နှလုံးသားကို ထိမိငြိတွယ်သွားတတ်သည်။ သည်လို ထိခိုက် ခံစားလှုပ်ခတ်သွားရသည့်အခါအဲဒါကို အခြားသူများ ထံသို့ မိမိ ခံစား ထိခိုက်ရသည့်အတိုင်း မျှဝေလိုစိတ် ပေါ်လာတတ်သည်။ အဆိုပါ မျှဝေလိုစိတ်ကစပြီး အနုပညာဖန်တီးမှုတို့ ပေါ်ထွက်လာခြင်းဖြစ်သည်။ အနုပညာဆိုသည်ကို ယေဘုယျအားဖြင့် ဆိုရလျှင် လူတို့ အတွေးအခေါ် တီထွင်ဉာဏ် ဖန်တီးမှုတို့ ပေါ်မူတည်ပြီး ထုတ်လုပ်လိုက်သော ပစ္စည်းတစ်ခုသာ ဖြစ်သည်။

သည်လို အနုပညာရှင်တို့ ဖန်တီးထုတ်လုပ်လိုက်သည့် အနုပညာပစ္စည်းများထဲတွင် ရုပ်ရှင်ကအတော်ပဲ အရေးကြီးသည်ဟုဆိုရပါမည်။ ရုပ်ရှင်၏ ဩဇာက ကြောက်စရာကောင်းလောက်အောင် လွှမ်းမိုးနိုင်သည်။ ပြည်သူလူထုအများစုကို အလွှမ်းမိုးနိုင်ဆုံး အနုပညာ တစ်ခုအနေဖြင့် သတ်မှတ်လျှင် မမှားလောက်။ ရုပ်ရှင်တစ်ကား စွဲငြိလောက်အောင်ကောင်းပြီဟုဆိုလျှင် ပရိသတ်ကို နှစ်ပေါင်း များစွာ လွှမ်းမိုးနေတော့သည်။ မြန်မာရုပ်ရှင်များထဲမှာ ဗိုလ်အောင်ဒင်၊ ချစ်အမျှ၊ ချွေးနဲ့သွေးနဲ့ရင်းသည့်မြေ၊ ဖိုးပြုံးချို၊ မောင်တို့ချယ်ရီမြေ၊ ဆောင်း၊ စေလိုရာစေ၊ ဘယ် ပန်းချီရေးလို့မမီ၊ သကြၤန်မိုးစသည့် ရုပ်ရှင်ကားတို့က နှစ်ကာလ ကြာမြင့်စွာ ပြည်သူတို့ကို ဖမ်းစားဆွဲဆောင်ထားနိုင်ခဲ့သည့် နမူနာတို့ ရှိသည်။

အနုပညာ ပစ္စည်းတစ်ခုအတွက် အရေးအကြီးဆုံးကတော့ အနုပညာပြောင်မြောက်ဖို့ပဲဖြစ်သည်။ အနုပညာပစ္စည်းတစ်ခု အနုပညာ ပြောင်မြောက်သည်ဆိုလျှင်ပင် လူ့လောကကြီးအတွက် တန်ဖိုးရှိရှိပါဝင် ဖြည့်ဆည်းပြီးသားဖြစ်သည်။ ထို့ကြောင့်ပင် အစိုးရက ဦးဆောင်ပြီး အကယ်ဒမီဆုကဲ့သို့သော ဆုမျိုးကို အနုပညာ မြောက်သည့် အနုပညာ များကို တန်ဖိုးထား ဂုဏ်ပြုကာ ချီးမြှောက်ခြင်း ဖြစ်ပါသည်။

ရုပ်ရှင်ဇာတ်ကားကောင်းများသည် အနုပညာပြောင်မြောက်ခြင်းနှင့် အတူတွဲပါနေသော လူထုအပေါ်ဩဇာသက်ရောက် လွှမ်းမိုးမှုဆိုသည့် အနုပညာအင်အားကရှိနေသည်။ အဲသည် အင်အားက လူထုတိုးတက်ရေး လုပ်ငန်းများတွင် လူထုကိုယ်တိုင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စည်းရုံးနိုင်သည့်အင်အား ဖြစ်လာသည်။

အနုပညာမြောက် လူထုစွဲလမ်းသော အနုပညာပစ္စည်းများ။

တစ်ခေတ်တစ်ခါက မြတ်လေး၏ 'ပန်းတိုင်းပွင့်ပါစေ'၊ ဂီတစာဆို ကျော့မှူး၏'မဲရုံကိုသွားကြစို့'၊ ကဗျာဆရာတင်မိုး၏ "ငုနဲ့ ပိတောက် နွေမှာလှိုင်ပြီ" "စုရဲ့ခမောက်မေမှာနိုင်မည်" စသည့် သီချင်းနှင့် ကဗျာတို့က ပြည်သူလူထုပါးစပ်ဖျားမှာ စွဲလမ်းနှစ်သက်ရိုမျှမက ပြည်သူတို့ ကိုယ်တိုင်လှုပ်ရှားမှုများမှာ အားတက်သရော ပါဝင်ကြသည့် သာဓကများ ရှိခဲ့သည်။

ယခုလို ဒီမိုကရေစီ အစိုးရသစ်လက်ထက်မှာ အနုပညာတန်ဖိုးရှိပြီး ပြည်သူလူထုနှစ်သက်ကာ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့် အရေး၊ တိုင်းရင်းသားပြည်သူတို့ တန်းတူညီရေး၊ တိုင်းပြည် ဖွံ့ဖြိုးတိုး တက်ရေးတို့အတွက်လည်း တစ်တပ်တစ်အား ကူညီအားပေးနိုင်မည့် အနုပညာပစ္စည်းများ ဖန်တီးထုတ်လုပ်နိုင်ကြပါစေသတည်း။



ကုန်ကျစရိတ် သက်သာသော ရေကြောင်း ကုန်စည်ပို့ဆောင်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် လိုအပ်

ရန်ကုန် မေ ၃

ကုန်စည်ကူးသန်းရောင်းဝယ်မှု ကဏ္ဍတွင် ရေကြောင်း ကုန်စည်ပို့ဆောင်မှုကဏ္ဍသည်အရေးပါလျက်ရှိပြီး အခြားသော သယ်ယူပို့ဆောင်ရေးများ ထက်ကုန်ကျစရိတ် သက်သာသောကြောင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် လိုအပ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာရှင်များက သုံးသပ်ဆွေးနွေးသည်။

မြန်မာနိုင်ငံ၏ အရေးအပါဆုံးဖြစ်သည့် ဧရာဝတီမြစ်အပါ အဝင် ရေအရင်းအမြစ်များဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ရန် အမျိုးသား ရေအရင်းအမြစ် ကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ယခုနှစ်တွင် ဧရာဝတီမြစ်ဝှမ်းဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ရေး၊ မြန်မာ့ရေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ရေအရင်းအမြစ်များ ဘက်စုံစီမံခန့်ခွဲမှု ပိုမိုတိုးတက် ကောင်းမွန်အောင်ဆောင်ရွက်ရေး တို့အတွက် ပြည်တွင်းပြည်ပ ပညာရှင်များနှင့် သက်ဆိုင်ရာဌာနများ ချိတ်ဆက်ကာ ဆောင်ရွက်သွားနိုင်ရန်အတွက် မတ်လ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် နေပြည်တော်၌ ကမ္ဘာ့ရေနေ့ ၂၀၁၆ ကျင်းပခဲ့ကာ ဆွေးနွေးခဲ့ကြသည်။

ယင်းသို့ ဆွေးနွေးခဲ့ရာတွင် မြန်မာနိုင်ငံအတွင်းရှိ ရေအရင်းအ မြစ်များ ရေရှည်တည်တံ့ရေးနှင့် စနစ်တကျ စီမံခန့်ခွဲအသုံးပြုနိုင်ရေးသာမက ရေနှင့်ဆက်နွယ်သည့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရေးကိုလည်း အကောင်အထည်ဖော်နိုင်ရန် အဓိကရည်ရွယ်ချက်ဖြင့် သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

"ရေကြောင်းကုန်စည်ကဏ္ဍဟာ ကမ္ဘာမှာလည်း အရေးပါတဲ့ ကဏ္ဍတစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အဓိကအားဖြင့် ဧရာဝတီမြစ်ကို ကုန်စည်ကူးသန်းရာမှာ အဓိက အသုံးပြုတယ်။ရေကြောင်းနဲ့ သယ်ယူပို့ဆောင်မှုဟာ ကုန်ကျ စရိတ်လည်း သက်သာတယ်။ ဧရာ ဝတီမြစ်အပြင်ရေအရင်းအမြစ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ဒီကဏ္ဍမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုတိုးတက်ကောင်းမွန်လာဖို့ လုပ်ဆောင်သွားရမှာပါ" ဟု အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီမှ တာဝန်ရှိသူတစ်ဦးက အဆိုပါ အခမ်းအနားသို့ တက်ရောက်လာစဉ် ဖြည့်စွက်ပြောကြားခဲ့သည်။

ဧရာဝတီမြစ်ဝှမ်း ဘက်စုံ စီမံခန့်ခွဲမှုစီမံကိန်းကို ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀ ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်အတွင်း စီမံချက်များ ရေးဆွဲဆောင်ရွက်သွားမည့်အပြင် ရေကြောင်း သယ်ယူ ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း ဆောင်ရွက်သွားမည်ဟု သိရသည်။

ရေကြောင်းကုန်စည်ပို့ဆောင်ရေးသည်အခြားသော ကုန်စည်ပို့ဆောင်ရေးများထက် ကုန်ကျစရိတ်ပိုမိုသက်သာသည်ဟု သိရသည်။ ကုန်စည်များအား မန္တလေး မှ ရန်ကုန်သို့ကားဖြင့် သယ်ယူပို့ဆောင်ရာတွင် ခန့်မှန်းခြေအားဖြင့် ငွေကျပ်နှစ်သောင်းကျော် ကျသင့်မည်ဖြစ်ပြီး ရေလမ်းခရီးဖြင့်သယ်ဆောင်ပါက ကျပ်ခြောက်ထောင်ကျော်သာ ကျသင့်မည်ဖြစ်သည့်အတွက် ကုန်ကျစရိတ် ၃ ဒသမ ၇ ဆ သက်သာမှုရှိသည်ဟု လေ့လာသုံးသပ်မှုများအရ သိရသည်။

(၀၀၁)

ဒေါပုံ၌ ပြည်သူ့ ဝန်ဆောင်မှုရုံး ဖွင့်လှစ်

ရန်ကုန် မေ ၃

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန် အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် ပြည်သူများ အခြေခံလိုအပ်ချက်များ တစ်နေရာတည်း၌ အလွယ်တကူ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ဒေါပုံမြို့နယ် မြို့သစ်ရပ်ကွက် ယမုံနာလမ်းနှင့် အလမ်းရောင်းလမ်းထောင့်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ဦးစီးဌာနရုံးဝင်း အတွင်း၌ ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ကို မေ ၁ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ထို့နောက် တာဝန်ရှိသူများနှင့် ဧည့်သည်တော်များက ဒေါပုံမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးအား လှည့်လည်ကြည့်ရှုပြီး အခမ်းအနား တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူးက ရှင်းလင်း ပြောကြားကြောင်း သိရသည်။ **အေးသန်း(ဒေါပုံ)**

တောင်ကြီးမြို့တွင် လမ်းများအားလုံးမီးလင်းပြီ

တောင်ကြီး မေ ၃

ယခင်ကာလများက တောင်ကြီးမြို့တွင် လမ်းမီးတိုင်များရှိသော်လည်း လမ်းမီးများမလင်းသည့် လမ်းများရှိခဲ့သည်။ ယခုအခါ လမ်းမီးမလင်းခဲ့သည့် တောင်ကြီးမြို့ အရှေ့မြို့ပတ်လမ်းတွင် လမ်းမီးများ တပ်ဆင်ပြီးစီးပြီး တစ်လမ်းလုံး လင်းနေသည်ကို တွေ့ရသည်။

ယခုကဲ့သို့ တည်ဆောက်ဖြည့်ဆည်းပံ့ပိုးလုပ်ကိုင်ပေးကြသူများအားလုံးတို့ကို အထူးပင်ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ ဆက်လက်ပြီးလမ်းမကြီးတွင် ပိုမိုကောင်းမွန်ပြည့်စုံသွားအောင် ယာဉ်ကြောသတ်မှတ်ချက်မျဉ်းများကိုပါ သေသပ်လှပစွာဖြင့် ရေးဆွဲလုပ်ဆောင်ပေးနိုင်ကြပါစေကြောင်း၊ လမ်းမကြီးတွင် ဆက်လက်လုပ်ဆောင်ပေးရမည့် လုပ်ငန်းများတို့ကိုပါ လုပ်ဆောင်ပေးနေ ကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြည်သူများက ပြောဆိုကြသည်။ (KZLM)

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
ကြေးမုံ The Mirror Established in 1957

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

ဦးခေါင်းမတ်မတ်ထားရာအရပ်

ဒေါက်တာအောင်ကြီး

ရာဘင်ဒြာနတ်တဂိုး၏ ကြောက်ခြင်းကင်းရာ

ဗြိတိသျှ ကျွန်သပေါက်ဘဝကျရောက်နေသည့် အမိနိုင်ငံ၏ဖြစ်ထွေကို မရှုရက် မမြင်ရက်သည့် အိန္ဒိယစာဆိုတော်ကြီး ရာဘင်ဒြာနတ်တဂိုး (၁၈၆၁-၁၉၄၁)က သူမြင်ချင်သည့် ခေတ်သစ်အိန္ဒိယကို ရော်ရည်ရင်း ကဗျာတစ်ပုဒ် သူ့ရင်ထဲမှ ခုန်ထွက်လာသည်။ ဂီတဉ္ဇလီအမှတ် ၃၅ (Gitanjali 35)။ အရှင့်ခြေရင်းဝပ်စင်း၍ ကဗျာတေးဖြင့် ပူဇော်ခြင်း။

Where the mind is without fear and the head is held high;
Where knowledge is free;
Where the world has not been broken up into fragments by narrow domestic walls;
Where words come out from the depth of truth;
Where tireless striving stretches its arms towards perfection;
Where the clear stream of reason has not lost its way into the dreary desert sand of dead habit;
Where the mind is led forward by thee into ever-widening thought and action
Into that heaven of freedom, my Father, let my country awake.

ဆရာဇော်ဂျီ၏ အကြင်အရပ်၌

တဂိုး၏ ကဗျာကို ဆရာဇော်ဂျီက "ဒို့အိန္ဒိယ" ဟုပြန်သည်။

"အကြင်အရပ်၌ စိတ်ဓာတ်တို့သည် ကြောက်ခြင်းကင်း၍ ဦးခေါင်းတို့သည် မော့လျက်ရှိကြ၏။

အကြင်အရပ်၌ ပညာအရောင်သည် လွတ်လပ်စွာ ထွန်းပြောင်လျက်ရှိ၏။

အကြင်အရပ်၌ အစိတ်စိတ်အမြွာမြွာ ကွဲပြားနေခြင်းသည် နတ္ထိမရှိ။

အကြင်အရပ်၌ စကားတို့သည် သစ္စာနှုတ်ဖျားမှသာ ဖွင့်ထွက်လာတတ်ကြ၏။

အကြင်အရပ်၌မလျော့သော လုံ့လဝီရိယသည် မွန်မြတ်ခြင်းတရားသို့ ဦးတည်လျက်ရှိ၏။

အကြင်အရပ်၌ ပညာဉာဏ်တည်းဟူသော စမ်းရေအေးသည် ဝလေ့ဆိုးစရိုက်ဆိုးတည်းဟူသော သဲကန္တာရထဲတွင် တသွင်သွင်စီးလျက်ရှိ၏။

အကြင်အရပ်၌ ကမ္ဘာတစ်ဝန်းလုံးအတွက် စေတနာထားရန်၊ ဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်သော အသျှင်သည် ရှိ၏။

အို . . . ဖခင်။ အကျွန်ုပ်၏နိုင်ငံသည် ထိုအရပ်၌နိုးကြားလာပါစေသား . . . ။"

ဆရာမောင်ဖြူး၏ လွတ်လပ်သော နိုးကြားသော

ထိုကဗျာကိုပင် ဆရာမောင်ဖြူးက "လွတ်လပ်သောနိဗ္ဗာန်" ဟု ပြန်ဆိုပါသည်။

"စိတ်ကမကြောက်ဘဲနှင့် ခေါင်းကိုမတ်စွာထားနိုင်သော အရပ်၌လည်းကောင်း၊ ပညာသည် လွတ်လပ်ရာ၌လည်းကောင်း၊

ကမ္ဘာကို ကျဉ်းမြောင်းသော လူမျိုးစုနံရံများဖြင့် ဖြတ်တောက်စိတ်ပိုင်းခြားမှုမရှိရာ၌လည်းကောင်း၊

စကားသည် နက်ရှိုင်းသောသစ္စာတွင်းမှလာသောအရပ်၌လည်းကောင်း၊

မနေမနားသော အားထုတ်မှုသည် နိဗ္ဗာန်သို့ လက်လှမ်းသောအရပ်၌လည်းကောင်း၊

ဆင်ခြင်မှုချောင်းရေသန့်သည် အကျင့်ဆွေး သဲကန္တာရတွင် ခရီးလမ်းစမပျောက်ရာ၌လည်းကောင်း၊

စိတ်ကိုအစဉ်ပျံ့ပျူးသော တွေးဆပြုလုပ်မှုတို့သို့ အရှင်ရှေ့ဆောင်ရာ၌လည်းကောင်း၊

ထို လွတ်လပ်သောနိဗ္ဗာန်၌ တပည့်တော်၏တိုင်းပြည်သည် နိုးကြားနိုင်ပါစေ အရှင်ဘုရား။"

ဂီတဉ္ဇလီ အမှတ် ၃၅

ဂီတဉ္ဇလီ အမှတ် ၃၅ ကို ကျွန်တော်ကြိုးစားပြီး မြန်မာမှုပြုကြည့်ပါသည်။

"စိတ်တွင်းကြောက်ခြင်းကင်းပရာ ဦးခေါင်းမတ်မတ်ထားရာအရပ်၊

ပညာရပ်တို့ အခမဲ့မျှဝေရာအရပ်၊

ကျဉ်းမြောင်းသော အိမ်တွင်းနံရံတံတိုင်းတို့ဖြင့် ကမ္ဘာကြီးကို အစိတ်စိတ်အမြွာမြွာ ခွဲခြမ်းစိတ်ဖြာခြင်း မရှိသောအရပ်၊

နက်ရှိုင်းသောသစ္စာတရားမှ စကားလုံးတို့ တိုးထွက်လာရာအရပ်၊

မနေမနားအားထုတ်မှုလက်ရုံးများက သိစပ်မြင်နှံ့ရာဆီ လှမ်းလင့်ကမ်းလင့်နေသောအရပ်၊

ကြောင်းကျိုးဆင်ခြင်တုံတရားစမ်းရေကြည်က ငြီးငွေ့ဖွယ် ကန္တာရသဲအကျင့်သေထဲ စီးဝင်ပျောက်ဆုံးမသွားသောအရပ်၊

စိတ်ကို အစဉ်ကျယ်ပြောပျံ့ပျူးနေသည့် အတွေးနှင့်အလုပ်ရှိရာဆီ အရှင်ကိုယ်တိုင် ဦးဆောင်ခေါ်ငင်သွားရာအရပ်၊

အို ဖခင် . . . ထိုလွတ်လပ်ခြင်း သုဂတိဘုံထဲ အကျွန်ုပ်တို့ နိုင်ငံ နိုးထပါစေသား။"

နံရံသေးသေးတွေကာလိုက၊ ခြံစည်းရိုးကျဉ်းကျဉ်းလေးတွေ ခတ်လိုခတ်နှင့် အမိမြန်မာပြည်ကြီးကို အစိတ်စိတ်အမြွာမြွာ မလုပ်ကြစေကြောင်း၊ ပြည့်စုံပြီးမြောက်အောင်မြင်သည်အထိ လက်ရုံးများကို မချစေကြောင်း၊ အတွေးနှင့်အလုပ် ကျယ်ကျယ်လွင့်လွင့် တောက်တောက်ပပဖြစ်အောင် အစဉ်အားထုတ်ကြစေကြောင်း ကျွန်တော်ထပ်ဆင့် ဆုတောင်းလိုက်ပါသည်။

၃-၄-၁၆

အ မှတ် ၂

မင်းမဲ့စရိုက်က
သင်းတို့နဲ့ အကိုက်ပါလား. . .
မွတ်ဒေါင်း
ဖွတ်ဒေါင်း
အပူးဒေါင်း
ဒေါင်းလဒ
မကောင်းသမျှရောက်
ဒေါင်းအလုပျောက် . . .
ဘောင်းဘီချွတ်တွေရဲ့ ဒီမို
လူထုကြီးကတော့ ဒီလို
ခေါင်းပေါင်းပေါင်းတဲ့ ကရေစီ
လူထုကြီးတော့ သေပြီ
ဒီမိုကရေစီ ဒီလိုသေပြီ . . .
ဘာသဘော
ညာသဘော
ဝါသဘော
လာမပြောနဲ့
အေး
ငါတကော ကောနေ ကောနေ . . .
အရှေ့လေ အတိုက်ကြမ်း
ဝုန်းဝုန်းဒိုင်းဒိုင်းရမ်း
မျက်စိကန်း နားကန်း
ကန်းကြ ကန်းကြ
လမ်းမမှာ ဒီလိုဆဲ
ဘီဒိုလှည်းကြီး လာနေပြီ . . .

ကိုလေး(အင်းဝဂုဏ်ရည်)

၂၈ ၇ ၂၀၁၃

ပါဠိပထမပြန်စာမေးပွဲကျင်းပ

နေပြည်တော် မေ ၃

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပလျက်ရှိသည့် ၂၀၁၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၃၉ ဌာနတို့၌ ဖြေဆိုကြရာ ပထမငယ်၊ ပထမလတ်၊ ပထမကြီး စာရင်းသွင်း သံဃာ၊ သီလရှင်စုစုပေါင်း ၅၃၁၄၆ ပါးအနက် ၄၁၂၆၆ ပါး ဖြေဆိုကြသဖြင့် ၇၇ ဒသမ ၆၅ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

နိုင်ငံတော်အစိုးရ သာသနာရေးဦးစီးဌာနမှ ကျင်းပသည့် ၂၀၁၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ(ကြီး၊ လတ်၊ ငယ်) တန်းများကို မတ် ၃၁ရက် (ပထမနေ့)၊ ဧပြီ ၁ရက်(ဒုတိယနေ့)နှင့် ဧပြီ ၂ ရက် (တတိယနေ့)တို့တွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အောင်ဆန်းအထက(၃) ကျောင်း၌ အင်းစိန်မြို့နယ်အတွင်းရှိ စာသင်တိုက်တို့မှ စာဖြေရဟန်းသံဃာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်အမျိုးသမီးတစ်ဦးတို့ ပါဠိပထမပြန်စာမေးပွဲဖြေဆိုနေကြသည်ကို တွေ့ရစဉ်။ **(၆၈၄)**

အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးခရီး

ရန်ကုန် မေ ၃

၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးကိုကိုကြီးနှင့် သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(Rcss) ဗဟိုကော်မတီဝင် စိုင်းလျန်းတို့သည် ကုလသမဂ္ဂ နော်ဝေအပြည်ပြည်ဆိုင်ရာ ကာကွယ်ရေးဗဟို၊ နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆွစ်ဇာလန် နိုင်ငံခြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ကုလသမဂ္ဂနိုင်ငံများဆိုင်ရာ အပစ်အခတ်ရပ်စဲရေး၊ စေ့စပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲမှု United Nations Ceasefire Management (UNCM)သင်တန်းသို့ တက်ရောက်ရန်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဧပြီ ၂ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် နော်ဝေနိုင်ငံသို့ ထွက်ခွာသွားကြသည်။ ၎င်းတို့ ခရီးစဉ်သည် ဧပြီ ၃ ရက်မှ ဧပြီ ၁၀ ရက်အထိ ရှစ်ရက်ကြာမြင့်မည်ဟု သိရသည်။

သင်တန်းတက်ရောက်သူများ၏ တွေ့ဆုံ နေ့လယ်စာစားပွဲကို ယနေ့ ကျင်းပခဲ့ပြီး သင်တန်းများကို ဧပြီ ၄ ရက်တွင် စတင်မည်ဖြစ်ကြောင်း ဦးကိုကိုကြီးထံမှ သိရသည်။ (MgCS)

အိန္ဒိယဝန်ကြီးချုပ်မိုဒီ ဆော်ဒီအာရေဗျသို့ရောက် စွမ်းအင်၊ လုံခြုံရေး၊ ကုန်သွယ်ရေးကိစ္စရပ်များ ဆွေးနွေးဖွယ်ရှိ

ရီယာ့ဒ် ဧပြီ ၃

အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီသည် သုံးနိုင်ငံခရီးစဉ်၏ ခရီးတစ်ထောက်နိုင်ငံအဖြစ် ဆော်ဒီအာရေဗျနိုင်ငံသို့ မတ် ၂ ရက်တွင် ရောက်ရှိလာခဲ့ပြီး ဆော်ဒီဘုရင် အဗ္ဗဒူလာဇစ်နှင့် ဧပြီ ၃ ရက်တွင် တွေ့ဆုံဆွေးနွေးကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

မိုဒီသည် ဆော်ဒီအာရေဗျနိုင်ငံ၌ ရှိနေစဉ်အတွင်း စွမ်းအင်၊ လုံခြုံရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်ရေးတို့နှင့် ပတ်သက်၍ အဓိကဆွေးနွေးမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အိန္ဒိယနိုင်ငံသည် နိုင်ငံတော် ရေနံလိုအပ်ချက်၏ ၈၀ ရာခိုင်နှုန်းခန့်ကို ပြည်ပမှ ဝယ်ယူတင်သွင်းလျက်ရှိသည်။ စွမ်းအင်ဝယ်လိုအားမြင့်မားနေသော အိန္ဒိယနိုင်ငံသည် ရေနံစိမ်းဈေးနှုန်း ကျဆင်းနေမှုအပေါ် အခွင့်ကောင်းယူကာ ပင်လယ်ရပ်ခြားနိုင်ငံများမှ ရေနံဝယ်ယူမှုမြှင့်တင်နိုင်ရန် ကြိုးပမ်းဖွယ်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

အိန္ဒိယနိုင်ငံက ရေနံစိမ်းတင်သွင်းမှု၏ ၂၀ ရာခိုင်နှုန်းခန့်မှာ ဆော်ဒီအာရေဗျနိုင်ငံမှဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနတာဝန်ရှိသူတစ်ဦးက ခရီးစဉ်အကြိုကာလတွင် ပြောကြားခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံသို့ ရောက်ရှိလာသော ဝန်ကြီးချုပ် မိုဒီအား ဓါလစ်နိုင်ငံတကာလေဆိပ်၌ ရီယာ့ဒ်အုပ်ချုပ်ရေးမှူး မင်းသားဖိုင်ဆယ်ဘင် ဘန်ဒါဘင် အဗ္ဗဒူလာဇစ်က ကြိုဆိုနှုတ်ခွန်းဆက်သည်။

ဝန်ကြီးချုပ် မိုဒီသည် နှစ်ရက်ကြာခရီးစဉ်အတွင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းနှင့် ပတ်သက်၍လည်း ဆော်ဒီတာဝန်ရှိသူများနှင့် ဆွေးနွေးမည်ဟု မျှော်လင့်ရသည်။

ပီတီအိုင်။

လေယာဉ်ပြန်ပေးဆွဲခဲ့သူကို လွှဲပြောင်းပေးအပ်ရန် အီဂျစ်က ဆိုက်ပရပ်ကို မေတ္တာရပ်ခံ

လာနာကာ ဧပြီ ၃

အီဂျစ်အဲလေကြောင်းဌာနပိုင် ခရီးသည်တင်လေယာဉ်တစ်စင်းအား ပြန်ပေးဆွဲခဲ့သူကို လွှဲပြောင်းပေးအပ်ရန် အီဂျစ်နိုင်ငံက ဆိုက်ပရပ်နိုင်ငံအား မေတ္တာရပ်ခံထားကြောင်း ဆိုက်ပရပ်ရှေ့နေချုပ်ကော့စတက်ကလာရိုက်က ဧပြီ ၃ ရက်တွင် ပြောကြားသည်။

ဆိုက်ပရပ်အာဏာပိုင်များက အသက် ၅၉ နှစ်ရှိ အယ်ဒင်မူစတာဖာအား စုံစမ်းစစ်ဆေးပြီးနောက် ၎င်းကို အီဂျစ်နိုင်ငံသို့ လွှဲပြောင်းပေးအပ်ရန် သင့်/မသင့် မိမိတို့ဆုံးဖြတ်မည်ဖြစ်ကြောင်း ရှေ့နေချုပ်ကလာရိုက်က ပြောကြားသည်။

လေယာဉ်ပြန်ပေးဆွဲမှုသည် နိုင်ငံရေးသဘောသဘာဝရှိသဖြင့် မူစတာဖာအား အီဂျစ်နိုင်ငံသို့ လွှဲပြောင်းပေးအပ်ရန် သင့်၊ မသင့်ကိစ္စရပ်ကို အစိုးရအဖွဲ့နှင့် တိုင်ပင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မိမိသည် ဇနီးသည်ဟောင်းနှင့် တွေ့ဆုံခြင်းကြောင့် လေယာဉ်ကို ပြန်ပေးဆွဲခဲ့ရခြင်းဖြစ်သည်ဟု မူစတာဖာက ထွက်ဆိုခဲ့သည်။ မူစတာဖာ၏ ဇနီးသည်ဟောင်းမှာ ဆိုက်ပရပ်လူမျိုးတစ်ဦးဖြစ်ပြီး ၁၉၉၄ ခုနှစ်တွင် အိမ်ထောင်ကွဲခဲ့သည်ဆို၏။

သို့ရာတွင် ဆိုက်ပရပ်နိုင်ငံ လာနာကာမြို့၌ လေယာဉ်ဆင်းသက်ပြီးသည့်အခါ အကျဉ်းထောင်အတွင်း ထိန်းသိမ်းခံထားရသော အမျိုးသမီး ၆၉ ဦးကို ပြန်လွှတ်ပေးရန် မူစတာဖာက တောင်းဆိုခဲ့သည်။

လေယာဉ်ပေါ်ရှိနေသူများ အားလုံးကို လေယာဉ်မှထွက်ခွာသွားရန် မူစတာဖာက ခွင့်ပြုပေးခဲ့ပြီးနောက် ၎င်းကိုယ်တိုင် ထွက်ပြေးလွတ်မြောက်ရန် ကြိုးပမ်းခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းကို ဖမ်းဆီးနိုင်ခဲ့သည်။

ဆင်ဟွာ။

ဆိုက်ပရပ်ရဲအရာရှိများက လေယာဉ်ပြန်ပေးဆွဲသူ အယ်ဒင်မူစတာဖာအား ဖမ်းဆီးလာသည်ကို တွေ့ရစဉ်။

အိုင်အက်စ်အဖွဲ့နှင့် အဆက်အသွယ်ရှိသူနှစ်ဦးအား မော်ရိုကိုအာဏာပိုင်များ ဖမ်းဆီး

ရာဘတ် ဧပြီ ၃

မော်ရိုကိုအာဏာပိုင်များက လစ်ဗျားနိုင်ငံရှိ အိုင်အက်စ်စစ်သွေးကြွအဖွဲ့ကို ကူညီထောက်ပံ့ပေးနေသူနှစ်ဦးအား ဧပြီ ၃ ရက်တွင် ဖမ်းဆီးခဲ့ကြောင်း သတင်းများအရ သိရသည်။

၎င်းတို့သည် အိုင်အက်စ်စစ်သွေးကြွအဖွဲ့သို့ ဝင်ရောက်ရန် လူငယ်များအား ဝါဒဖြန့်ကာ စည်းရုံးပေးနေသည့် အိုင်အက်စ်ခေါင်းဆောင်များနှင့် အဆက်အသွယ်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာချက်တစ်ရပ်တွင် ထည့်သွင်းဖော်ပြထားသည်။

လွန်ခဲ့သောလနှောင်းပိုင်းက အိုင်အက်စ်အဖွဲ့သို့ ဝင်ရောက်ရန် ကြိုးပမ်းခဲ့သည့် လူငယ်ကိုးဦးကို ဖမ်းဆီးနိုင်ခဲ့ရာမှ အထက်ပါသတင်းအရင်းအမြစ်ကို ရရှိခဲ့ခြင်းဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ဆိုသည်။ ယင်းလူငယ်ကိုးဦးသည် လစ်ဗျားနိုင်ငံရှိ အိုင်အက်စ်စစ်သွေးကြွများ၏ အခြေစိုက်စခန်းများတွင် လေ့ကျင့်ရေးများလုပ်ဆောင်ပြီး မော်ရိုကိုနိုင်ငံသို့ အကြမ်းဖက်မှုများလုပ်ဆောင်ရန် ပြန်လည်ရောက်ရှိလာခဲ့သည်ဟု အဆိုပါဝန်ကြီးဌာနက ဆိုသည်။

၂၀၁၃ ခုနှစ်ကစပြီး မော်ရိုကိုစစ်တပ်ဖွဲ့က အကြမ်းဖက်အဖွဲ့အများအပြားကို ချေမှုန်းနိုင်ခဲ့ပြီး မော်ရိုကိုနိုင်ငံအား ပစ်မှတ်ထားလုပ်ဆောင်ရန်ကြိုးပမ်းခဲ့သည့် အကြမ်းဖက်အဖွဲ့များ၏ လုပ်ရပ်များကို တားဆီးနိုင်ခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ဆက်လက်ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ။

အိုင်အက်စ်၏အမာခံဌာနချုပ် အယ်ကွာရာတင်မြို့အား ဆီးရီးယားတပ်မတော် သိမ်းပိုက်

ဒမတ်စကတ် ဧပြီ ၃

လွန်ခဲ့သောနှစ် ဩဂုတ်လက အိုင်အက်စ်တို့ စတင်သိမ်းပိုက်ခဲ့သည့် ပါမာရာမြို့အနီးရှိ အယ်ကွာရာတင်မြို့အား ဆီးရီးယားတပ်မတော်က ယနေ့ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြောင်း ဆာနာသတင်းအေဂျင်စီက ပြောကြားသည်။

ဆီးရီးယားတပ်ဖွဲ့များအနေဖြင့် ရုရှားစစ်လေယာဉ်များ၏ အကူအညီရယူကာ အဆိုပါမြို့အား တိုက်ခိုက်ခဲ့ကြောင်း သိရသည်။ ဗုံးရှင်းလင်းရေးတပ်ဖွဲ့ဝင်များက အိုင်အက်စ်တို့ထောင်ထားခဲ့သော ဗုံးများအားရှင်းလင်းပြီးနောက် ကွာရာတင်မြို့အတွင်းသို့ ဆီးရီးယားတပ်ဖွဲ့များဝင်ရောက်လာပြီဖြစ်ကြောင်းစစ်ဘက်မှ ပြောကြားသည်။ အိုင်အက်စ်အဖွဲ့၏ ခံစစ်များအားထိုးဖောက်ပြီး မြို့၏အနောက်ပိုင်း ခရစ်ယာန်များရှိရာဒေသအထိ ဆီးရီးယားတပ်ဖွဲ့များက ထိုးစစ်မြှင့်ကာ ကွာရာတင်မြို့ကို အောင်မြင်စွာသိမ်းပိုက်နိုင်ခဲ့သည်။ အဆိုပါမြို့အားပြန်လည်သိမ်းပိုက်ရာတွင် ရုရှားလေယာဉ်များ၏ အခန်းကဏ္ဍမှာအရေးပါကြောင်း စစ်ဘက်မှပြောကြားသည်။

ဆာနာသတင်းအေဂျင်စီ၏ထုတ်ပြန်ချက်အရ ဆီးရီးယားလေတပ်ကလည်း အဆိုပါမြို့၏ အရှေ့ဘက်နှင့် တောင်ဘက်ပိုင်းရှိ အိုင်အက်စ်တို့၏ပစ်မှတ်များကို ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

တောင်ကုန်းထူထပ်သော ဒေသတွင်ရှိသည့် ကွာရာတင်မြို့သည် အိုင်အက်စ်တို့၏ နောက်ဆုံးအမာခံစခန်းတစ်ခုဖြစ်ပြီး လက်ဘနွန်နယ်စပ်နှင့် နယ်နိမိတ်ချင်းထိစပ်နေသည်။

ရိုက်တာ။

၁၅ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ဂျပန်ရေငုပ်သင်္ဘောတစ်စင်း ဖိလစ်ပိုင်သို့ရောက်

ဆူးဘစ်ပင်လယ်အော် ဧပြီ ၃

ဂျပန်နိုင်ငံမှ ရေငုပ်သင်္ဘောတစ်စင်းသည် ၁၅ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ဖိလစ်ပိုင်နိုင်ငံသို့ ဆိုက်ရောက်ရပ်နားခဲ့ကြောင်း၊ တောင်တရုတ်ပင်လယ်အတွင်း ပင်လယ်ရေကြောင်း ပိုင်နက်ဆိုင်ရာ အငြင်းပွားမှုကို အကြောင်းပြု၍ တင်းမာမှုများဖြစ်ပေါ်နေချိန်တွင် ဂျပန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့ စစ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု မြင့်မားလာမှု၏ ပြယုဂ်တစ်ခုဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဧပြီ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျပန်ရေတပ်၏ အသစ်လွင်ဆုံးနှင့် အကြီးဆုံးရေငုပ်သင်္ဘောများအနက် ရေငုပ်သင်္ဘောတစ်စင်းသည် အရှေ့တောင်အာရှခရီးစဉ်အဖြစ် ဖျက်သင်္ဘောနှစ်စင်းခြံရံကာ ဖိလစ်ပိုင်နိုင်ငံ ဆူးဘစ်ပင်လယ်အော်ရှိ အမေရိကန်ရေတပ်စခန်းဟောင်းသို့ ဆိုက်ရောက်လာခဲ့သည်။

စစ်ရေးလေ့ကျင့်မှုခရီးစဉ်တစ်ခုဖြစ်ပြီး ရေတပ်အရာရှိများကို လေ့ကျင့်ပေးရန် ရည်ရွယ်ကြောင်း ဂျပန်ပင်လယ်ရေကြောင်း ကာကွယ်ရေးတပ်ဖွဲ့မှ ဗိုလ်ကြီးဟာရာအိုကီယိုရှိနိုက သတင်းထောက်များအား ပြောကြားသည်။

ရိုက်တာ။



သစ်တောဧရိယာများတွင် ဒေသသုံး လိုအပ်ချက်အရ သစ်ခွဲစက်များလုပ်ကိုင်လာကြသဖြင့် သစ်တောများ ပြုန်းတီးလာနိုင်

ဝန်းသို မေ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ်တွင် သဘာဝ အလျောက် ပေါက်ရောက်သော သစ်တောများ၊ ကြိုးဝိုင်းများ၌ မြန်မာ့ အဖိုးတန်သစ်၊ ဝါးများရှင်သန်ပေါက် ရောက်လျက်ရှိရာ ထိုသစ်တောများ အတွင်း တရားမဝင်သစ်ခွဲစက်များ တည်ထောင်ကာ အဖိုးတန်သစ်ပင်များ ကို ခုတ်ယူခွဲစိတ်ရောင်းချမှုများကြောင့် သစ်တော၊ သစ်ပင်ဆုံးရှုံးပျက်စီးမှုများ ရှိနေသည်ဟု သိရသည်။

"ကျွန်တော်တို့နယ်မှာ ဒေသသုံး ဆိုပြီးတော့ တရားမဝင်သစ်စက်တွေ တည်ပြီး အသုံးပြုနေကြတယ်။ တကယ်တော့ ဒေသသုံးတာက သစ်တောမပြုန်းတီးပါဘူး။ အခြား ဒေသကိုသယ်ယူရောင်းချနေကြတာ များလာတော့ သစ်တောတွေ ပြုန်းတီး လာတယ်။ အခုဆိုရင် သစ်စက်တွေ တည်ပြီး သစ်ခွဲသားတွေကို ကချင် ပြည်နယ် ဖားကန့်ဘက်က ကုန်မပါဘဲ ဆင်းလာတဲ့ကားတွေနဲ့ ချိတ်ဆက်ပြီး နမ်းခမ်း၊ ဂျိုးတောင်ကနေ ကောလင်း နယ်ကိုဖြတ်ပြီး ကန့်ဘလူ၊ ရွှေဘို၊ စစ်ကိုင်းဘက်ကို သယ်ဆောင်နေကြ တာတွေလည်းရှိသလို တချို့လည်း တမလန်းသစ်တွေကို စူပါကာစတန်၊ လိုက်ထရပ်၊ ပါဂျဲရိုး စတဲ့ကားတွေနဲ့ သယ်ဆောင်နေကြပါတယ်။ သစ်တော က ဘယ်လောက်ဖမ်းဖမ်း လုပ်နေ ကြတာပါပဲ။ ဒီတော့ ကြာလာရင် သစ်တောတွေ ပြုန်းတီးလာပြီး ရာသီဥတုတွေဖောက်ပြန်လာမှာ စိုးရိမ် ရပါတယ်"ဟု နမ်းခမ်းကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ဂျိုးတောင်ကျေးရွာမှ သဘာဝ ပတ်ဝန်းကျင် လေ့လာသူတစ်ဦးက "မြို့ပြ၊ ကျေးလက်တွေမှာ လူဦးရေ ထူထပ်တာကြောင့် ဆောက်လုပ်ရေး လုပ်ငန်းခွင်က ကျယ်ပြန့်လာသလို သစ်လိုအပ်ချက်ကလည်း လိုအပ်လာ တယ်။ ဒီတော့ အခုလို တရားမဝင် သစ်စက်တည်ထောင်ထားတဲ့ သူတွေ ဆီမှာပဲ မှာယူသုံးစွဲကြရတယ်။ ဝန်းသိုမြို့ပေါ်က ရောင်းစက်လို့ခေါ် တဲ့ အစိုးရအငှားခွဲတဲ့ သစ်စက်တွေမှာ ဝယ်မယ်ဆိုရင်လည်း တရားမဝင် သစ်စက်တွေမှာ ဝယ်သလို စျေး သက်သက်သာသာနဲ့ ဝယ်လို့မရဘူး။ ဒါကြောင့် တရားမဝင် သစ်ခိုးခုတ်၊ သစ်ခွဲစိတ်ရောင်းချသူတွေ လက်မ ထောင်နိုင်ကြတာပေါ့"ဟု ပြောသည်။

သို့ဖြစ်၍ သက်ဆိုင်ရာဌာနအနေ ဖြင့် သစ်အရောင်းဆိုင်များကို အသက် ပေးသွင်းသင့်ကြောင်း၊ သို့မှသာ သစ်တောအတွင်းမှ သက်တမ်းပြည့် မီသည့်သစ်ပင်များကိုသာ စနစ်တကျ ခွဲစိတ်ပြီး လိုအပ်နေသူများကို လိုအပ် သလို ရောင်းချပေးနိုင်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ရောင်းချပေးနိုင်မည်ဆိုပါက သစ်တော၊ သစ်ပင်ပျက်စီးဆုံးရှုံးမှုအား လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း သိရ သည်။ **စိုင်းလှမင်း (မီဒီယာဂရူ)**

ပဋိပက္ခဖြစ်ပွားခဲ့သောဒေသများအတွက် လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကျင်းပ

ထားဝယ် မေ ၃

ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းက ပဋိပက္ခဖြစ်ပွားခဲ့သောဒေသများအတွက် လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို မတ် ၂ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ညောင်ရမ်း တောင်ရပ် ဦးသက်ကိုပိုင် အဆောက်အအုံ၌ ကျင်းပသည်။

ထို့နောက် နီပွန်ဖောင်ဒေးရှင်းစီမံချက်မန်နေဂျာ ဂျပန်နိုင်ငံသား Mr.Junnosuke က တစ်အိတ်လျှင် တန်ဖိုးငွေကျပ် ၂၅၀၀၀ ရှိ ဇီယာဆန် အမျိုးအစား စုစုပေါင်း ဆန်အိတ် ၄၂၀၀ အား KNU မြိတ်-ထားဝယ်ခရိုင် ဥက္ကဋ္ဌ စောဆာပီးတုပ်ထံ ပေးအပ်လှူဒါန်းသည်။

လှူဒါန်းမည့်ဆန်အိတ်များအား KNU တပ်မဟာ(၄) နယ်မြေအတွင်းရှိ လယ်ဒိုစိုးမြို့နယ် ဘောဒက်ကျေးရွာပါ လေးရွာ၊ လယ်မူးလားမြို့နယ် ပိန်းချောင်းကျေးရွာပါ လေးရွာတို့တွင်နေထိုင်သော ဒေသခံပြည်သူများအတွက် ပေးအပ်လှူဒါန်းမည်ဖြစ်ပြီး နီပွန်ဖောင်ဒေးရှင်းအနေဖြင့် KNU တပ်မဟာ(၄) နယ်မြေအတွင်း ပဋိပက္ခဖြစ်ပွားခဲ့သောဒေသများအတွက် လူသားချင်း စာနာမှုဆိုင်ရာ ဆန်အိတ်များထောက်ပံ့ပေးခြင်းသည် (၆)ကြိမ်မြောက်ဖြစ်၍ စုစုပေါင်း ဆန်အိတ် ၂၃၇၀၀ ခန့် ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရ သည်။

ထားဝယ်(ပြန်/ဆက်)

လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး ထရန်စဖော်မာတစ်လုံးပြောင်းလဲတပ်ဆင်

ဘားအံ မေ ၃

ကရင်ပြည်နယ် ဘားအံမြို့ အမှတ် (၆) ရပ်ကွက်ရှိ ၆၆/၁၁ ကေဗွီဓာတ်အားခွဲရုံရှိ ၁၀ အမ်ဗွီအေ ထရန်စဖော်မာ နှစ်လုံးသည် သတ်မှတ်ခံနိုင်ဝန်အားသို့ ရောက်ရှိကျော်လွန်နေပြီဖြစ်သည့်အတွက် မေ ၂ ရက် နံနက်ပိုင်းက ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မျိုးသွင်က အနီးကပ်ကြီးကြပ်၍ ၁၀ အမ်ဗွီအေ ထရန်စဖော်မာတစ်လုံးအား ၂၄ အမ်ဗွီအေ ထရန်စဖော်မာတစ်လုံးဖြင့် လဲလှယ်တင်ဆင်ခဲ့သည်။

ထိုသို့ ၁၀ အမ်ဗွီအေ ထရန်စဖော်မာတစ်လုံး၊ ၂၄ အမ်ဗွီအေ ထရန်စဖော်မာတစ်လုံး တပ်ဆင်ထားခြင်းကြောင့် ဘားအံမြို့ပေါ်နှင့် ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားကို ပိုမိုလုံလောက်ပြည့်ဝစွာ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

စောမျိုးမင်းသိမ်း(ပြန်/ဆက်)

ဆံပင်နှင့် မိတ်ကပ်ပညာပြိုင်ပွဲကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကြီးကျယ်ခမ်းနားစွာ ကျင်းပမည်

ရန်ကုန် မေ ၃

ဆံပင်နှင့် မိတ်ကပ်ပညာရှင် Ms. Agnes Lim (ခေါ်) ဒေါ်ကျင်ပို့ စီစဉ်သော မြန်မာနိုင်ငံတွင် ပထမဦးဆုံးကျင်းပသည့် Agnes Lim ကျင်ပို့ Hair & Make-up Championship 2016 ပြိုင်ပွဲကို မေ ၂၄ ရက်တွင် ဝေဇယန္တာလမ်းရှိ ဂန္ဓမာဟိုးဆေးတွင် ကြီးကျယ်ခမ်းနား စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေရှမ်းကန်စားသောက်ဆိုင်တွင် ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

မြန်မာနိုင်ငံတွင် အရည်အသွေး ပြည့်မီသော ဆံပင်နှင့် မိတ်ကပ်ပညာ ရှင်များစွာ ပေါ်ထွက်လာစေရန်နှင့် အရည်အသွေးပြည့်မီပြီး နိုင်ငံတကာ တွင် နှစ်စဉ်ကျင်းပလေ့ရှိသည့် ဆံပင်နှင့် မိတ်ကပ်ဖန်တီးမှုပြိုင်ပွဲ များသို့ သွားရောက်ယှဉ်ပြိုင်နိုင်သော ပညာရှင်များ ပေါ်ထွန်းလာစေရန် ကျင်းပခြင်းဖြစ်ကြောင်း အဆိုပါ အခမ်းအနားမှ သိရသည်။

"Agnes Lim ဆိုတဲ့ အမည်က ကျွန်မတစ်ယောက်တည်းအတွက် ကိုယ်စားပြုတာ မဟုတ်ပါဘူး။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ မိတ်ကပ် နဲ့ဆံပင်ပညာရှင်တွေ၊ ဝါသနာရှင် တွေအားလုံးကို ကိုယ်စားပြုတာပါ။ ကိုယ့်နိုင်ငံမှာရှိတဲ့ မိတ်ကပ်နဲ့ဆံပင် ပညာရှင်တွေကို နိုင်ငံတကာပြိုင်ပွဲ တွေမှာ ပါဝင်စေဖို့အတွက် ကြိုးစား ဆောင်ရွက်ခဲ့တာပဲဖြစ်ပါတယ်" ဟု ဆံပင်နှင့် မိတ်ကပ်ပညာရှင် Ms. Agnes Lim (ခေါ်) ဒေါ်ကျင်ပို့က ပြောသည်။

အဆိုပါ ပြိုင်ပွဲအတွက် လျှောက်လွှာ များကို ဇန်နဝါရီ ၂၀ ရက်မှ စတင်ခေါ်ယူခဲ့ခြင်းဖြစ်ပြီး အနယ်နယ် အရပ်ရပ်မှ ပြိုင်ပွဲဝင် ၈၅ ဦး ပါဝင် ယှဉ်ပြိုင်ခဲ့ကြောင်းနှင့် ပြိုင်ပွဲဝင်များ ထဲမှ ပြိုင်ပွဲဝင် ကိုးဦးကို ရွေးချယ်သွား မည်ဖြစ်ပြီး ထိုအထဲတွင်မှ အသက် (၂၈) နှစ်အောက်ရှိ ပထမရရှိသူ တစ်ဦးကို ထပ်မံရွေးချယ်ကာ မလေးရှားနိုင်ငံတွင် ကျင်းပမည့် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သီသီမင်း)**

လမ်းနယ်ကျူးကျော်ဈေးသည်များ စည်းကမ်းလိုက်နာမှုအားနည်းသောကြောင့် စည်ပင်ဝန်ထမ်းများ အခက်ကြုံ

ရန်ကုန် မေ ၃

ရန်ကုန်တိုင်းဒေသကြီးအတွင်း လမ်း နယ်ကျူးကျော်ဈေးသည်များ ပပျောက် စေရေးအတွက် စည်းကမ်းထိန်းသိမ်း အရေးယူ ဆောင်ရွက်နေသော်လည်း ဈေးသည်အချို့မှာ စည်းကမ်းလိုက်နာ မှု အားနည်းသဖြင့် စောင့်ကြည့်၊ ရပ်ကြည့်ခြင်းများကို အချိန်ပြည့် ဆောင်ရွက်နေရခြင်းကြောင့် လုပ်ငန်း နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ် လျက်ရှိကြောင်း သိရသည်။

"ဈေးသည်အချို့ လမ်းပေါ် တက်ပြီး ဈေးရောင်းနေကျတော့ ယာဉ်အန္တရာယ် ဖြစ်ပေါ်နိုင်သလို ယာဉ်ကြောပိတ်ဆို့မှုလည်း ဖြစ်ပေါ် နိုင်တယ်။ ဒါကြောင့် စည်ပင်သာယာ ဝန်ထမ်းတွေက စောင့်ကြည့်၊ ရပ်ကြည့် လုပ်နေရတော့ လမ်းပေါ်မှာ အချိန်ကုန်နေတယ်။ သူတို့လုပ်ရ မယ့် ရုံးလုပ်ငန်းတွေ၊ အခွန်ကောက် လုပ်ငန်းတွေ စတဲ့လုပ်ဆောင်မှုတွေ အပေါ်မှာ အခက်အခဲတွေ့နေပါ တယ်" ဟု မဟာဗန္ဓုလလမ်းနှင့် ပန်းခြံလမ်း(ဘားလမ်း) ထောင့်တွင် စောင့်ကြည့်၊ ရပ်ကြည့် တာဝန်ထမ်း ဆောင်နေသော စည်ပင်ဝန်ထမ်း များက ဆိုသည်။

မျက်မှောက်ကာလတွင် မြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးများ မှ အခွန်ကောက်ဝန်ထမ်းများမှာ ထုတ်နုတ်အင်အား ခေါင်းစဉ်ဖြင့် စည်းကမ်းမဲ့ အနေ့ယာဉ်များ၊ စည်းကမ်းမဲ့ ရပ်နားထားသော မော်တော်ယာဉ်များအား စည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်နေရပြီး ဈေးသည်များ လမ်းပေါ်တက်၍ ဈေးရောင်းချခြင်း မရှိစေရန် စောင့်ကြည့်၊ ရပ်ကြည့် တာဝန်ကိုလည်း ထမ်းဆောင်နေရ သဖြင့် လုပ်ငန်းနှောင့်နှေးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

(မောင်သုည)

မုံရွာသင်္ကြန်လုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင်အင်အားနှင့် စီစီတီဗွီကင်မရာများ ပိုမိုချထားတပ်ဆင်မည်

မုံရွာ မေ ၃

သင်္ကြန်အကြိုကာလမှစတင်၍ သင်္ကြန်ကာလအထိ လုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးများ ဆောင်ရွက်ရန် စစ်ကိုင်းတိုင်းဒေသကြီးအဆင့် ကွပ်ကဲရေးရုံးကို မုံရွာမြို့တော်ခန်းမအတွင်း ဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး မဏ္ဍပ်တိုင်းကိုလည်း စီစီတီဗွီအနည်းဆုံးလေးလုံးစီ တပ်၍ လုံခြုံရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးနှင့် ဗဟိုမဏ္ဍပ်၏နေရာ နှစ်နေရာတွင် စီစီတီဗွီ ခြောက်လုံးဖြင့် လုံခြုံရေးစောင့်ကြည့်နိုင်ရန် တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်္ကြန်ကာလအတွင်း မူးယစ်ရမ်းကားမှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပျက်မှုများနှင့်အတူ အခြားမှုခင်းများ မဖြစ်ပွားစေရန်အတွက် မုံရွာခရိုင် ရဲတပ်ဖွဲ့မှူးဦးစီး၍ မြို့နယ်လေးခုမှရဲတပ်ဖွဲ့ဝင်များ စုပေါင်း ကာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စတင်နေပြီ ဖြစ်ရာ ယခင်နှစ်သင်္ကြန်ထက် ယခုနှစ်သင်္ကြန်ကာလတွင် လုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင်အင်အား ပိုမိုချထား ဆောင်ရွက်လျက်ရှိကြောင်း မုံရွာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ချင်းစိန်ထံမှ သိရသည်။

"အခုနှစ်သင်္ကြန် မုံရွာမြို့မှာ ဗဟိုမဏ္ဍပ်အပါအဝင် ဌာနဆိုင်ရာမဏ္ဍပ် ရှစ်ခုရှိမယ်လို့ လျာထားတာ၊ အခုဗဟိုနဲ့ ရဲတပ်ဖွဲ့မိသားစုမဏ္ဍပ်ကို စတင်တည်ဆောက်နေပါပြီ။ ဗဟိုမဏ္ဍပ်မှာ ကြီးကြပ်နှစ်ဦးနဲ့ တပ်ဖွဲ့ဝင် ၁၀ ဦး၊ ၁၂ ဦး ထားမှာဖြစ်ပြီး ကျန်တဲ့မဏ္ဍပ်တွေအတွက် ကြီးကြပ် တစ်ဦးနဲ့ တပ်ဖွဲ့ဝင် ငါးဦး၊ ခြောက်ဦးစီထားမှာပါ။ ဒါ့အပြင် မြို့ထဲမှာ ဆိုင်ကယ်၊ စက်ဘီးတွေနဲ့ အလှည့်ကျ ရွှေ့လျားကင်းအဖြစ် ကြပ်မတ်ဆောင်ရွက်သွားမှာပါ။ မြို့ရဲ့အချက်အချာကျတဲ့ နေရာတွေကိုတော့ ဦးစားပေး လုံခြုံရေးအဖြစ် ကားလေးစီးနဲ့လှည့်ကင်းတွေ အဆက်မပြတ် လှည့်လည်ဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။ မုံရွာသင်္ကြန်အတွက် လုံခြုံရေးရဲတပ်ဖွဲ့ဝင်အင်အား ကြီးကြပ် ၂၂ ဦးနဲ့ တပ်ဖွဲ့ဝင် ၁၀၁ ဦး စုစုပေါင်း ၁၂၃ ဦး ကို အသုံးပြုသွားမှာဖြစ်ပါတယ်" ဟု ၎င်းက ပြော သည်။

သင်္ကြန်မတိုင်မီ ကြိုတင်ကာကွယ်ရေးလုပ်ငန်းအဖြစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေကို စတင်ကြပ်မတ် နေပြီဖြစ်သလို စည်းကမ်းမဲ့ အိတ်ဇောဖြုတ်စီးသော ဆိုင်ကယ်များ မရှိစေရန် ဆိုင်ကယ်ဝပ်ရှော့များအား သတိပေးဆောင်ရွက်ခြင်းများ၊ ရပ်ကွက်နှင့် ကျေးရွာများ အတွင်း စည်းကမ်းနှင့်ညီသော ဆိုင်ကယ်များဖြင့်သာ သင်္ကြန်လှည့်လည်ခြင်းကို ဆောင်ရွက်ရန် ပညာပေးခြင်း စသည့်နည်းလမ်းများသုံး၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် မူးယစ်ရမ်းကားမှုမရှိစေရန် ကြိုတင်ကာကွယ် သည့်အနေဖြင့် အရက်ပုန်းဆိုင်များကို ရှာဖွေဖမ်းဆီးခြင်း များဆောင်ရွက်နေသလို တရားမဝင်အရက်ရောင်းချမှု မှန်သမျှကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ကြိုးပမ်းဆောင်ရွက် လျက်ရှိသည်။ သင်္ကြန်အကြိုကာလနှင့် သင်္ကြန် တွင်းကာလများတွင် ယာဉ်စည်းကမ်းပျက်ယွင်းခြင်း ကြောင့်သော်လည်းကောင်း၊ မူးယစ်ရမ်းကား၍ ပြဿနာ ဖြစ်လာလျှင်သော်လည်းကောင်း အရက်ကိုမည်သည့် တရားမဝင်နည်းလမ်းဖြင့် ရောင်းချနေသူကိုမဆို ထိထိ ရောက်ရောက် အရေးယူနိုင်ရေးကို ဆက်စပ်အဖွဲ့အစည်း များ၊ လူမှုအဖွဲ့အစည်းများဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် စီစဉ်ထားကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

အယ်နီညိုကြောင့် မြန်မာနိုင်ငံမှာ ဘာတွေဖြစ်ပေါ်လာနိုင်လဲ

ချယ်ရီ၊ ယုဇန - တွေ့ဆုံမေးမြန်းသည်
(ယမန်နေ့မှအဆက်)

မေး။ အယ်နီညိုကြောင့် မြန်မာနိုင်ငံမှာ ဘာတွေဆက်ဖြစ်လာနိုင်လဲဆရာ။

ဖြေ။ အပူချိန်ကတိုး၊ မိုးလျော့ဆိုတော့ ရေက ရှားကိုရှားမှာပဲ။ အဲဒါကို အသိဉာဏ်ရှိရှိနဲ့ ရေစီမံခန့်ခွဲမှုကို အရေးပေးလုပ်ဖို့လိုတယ်။ အဲဒါလေး တစ်ချက်အရေးကြီးတယ်။ အယ်နီညိုကြောင့် အပူရှိန်မြင့်တာလည်း သိရပြီ။ ရေရှားတာလည်း သိရပြီ။ နောက်တစ်ခုက စိုက်ပျိုးသီးနှံအထွက်လျော့တာ။ မနှစ်က FAO က အစီရင်ခံစာလုပ်တယ်။ သူတို့တွေ လေ့လာတွေ့ရှိချက်အရ မနှစ်က မြန်မာနိုင်ငံရဲ့စပါးဈေးက ဇွန်လလောက်ကတည်းက စတက်လာလိုက်တာ အောက်တိုဘာလလောက်ရောက်တဲ့အခါမှာ စပါးဈေးက ၃၈ ဒသမ ၄ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့တယ်လို့ အစီရင်ခံစာမှာပြောထားတယ်။ နောက် ၂၀၁၅ ခုနှစ်က အယ်နီညိုရဲ့ ပထမနှစ်ပါ။ အယ်နီညိုပထမခြောက်လပေါ့။ အဲဒီခြောက်လအတွင်းမှာ မြန်မာနိုင်ငံမှာ ကြည့်လိုက်ရင် မနှစ်က ရေလည်းကြီးခဲ့တယ်။ မိုးလည်း ခေါင်ခဲ့တယ်။ နောက်ရေနဲ့ပတ်သက်တဲ့ရောဂါတွေလည်း ဖြစ်ခဲ့တယ်။ နောက် စိုက်ပျိုးသီးနှံအထွက်တွေလည်း လျော့တယ်။ ကုန်ပစ္စည်းတွေ ဈေးတက်တယ်။ စားနပ်ရိက္ခာဖူလုံမှုကို စိန်ခေါ်ခံရတယ်။ ဒါတွေအားလုံး မနှစ်ကတွေ့ခဲ့ပြီ။

ကမ္ဘာကိုကြည့်တော့လည်း မနှစ်က အယ်နီညိုကြောင့် ခြောက်သွေ့တဲ့ ရာသီဥတုဖြစ်ခဲ့တယ်။ အထူးသဖြင့် ငါးနိုင်ငံပါ။ အမေရိကန် ပြည်ထောင်စု၊ အိန္ဒိယ၊ တရုတ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားဆိုတဲ့ ငါးနိုင်ငံမှာ အယ်နီညိုရဲ့ ပူပြင်းခြောက်သွေ့တဲ့ ၂၀၁၅ ခုနှစ် ဒုတိယ ခြောက်လမှာ သေတဲ့သူပေါင်း ၂၂၀၀၀ ကျော်တယ်။ ၂၂၇၃၁ ဦးသေတယ်။ ပျက်စီးဆုံးရှုံးမှုက အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၅ ဘီလီယံအထိရှိတယ်။ အဲဒါက မနှစ်က တွေ့ခဲ့တာ။ အဲဒီတော့ ပျက်စီးဆုံးရှုံးမှု အလွန်မြင့်မားတဲ့ အယ်နီညိုနဲ့ရင်ဆိုင်နေရတယ်။ အခု မြန်မာပြည်မှာ ရေနဲ့ပြောမယ်ဆိုရင် ဒီနှစ်ရေလိုတဲ့ ကျေးရွာပေါင်းက ၂၀၀၀ အထိရှိနိုင်တယ်။ အဲဒါကျေးလက်ဦးစီးဌာနရဲ့ ခန့်မှန်းချက်ပါ။ သီးနှံအထွက်ကလည်း လျော့မယ်။ တချို့ကလည်းပြောတယ်။ မနှစ်က ရေကြီးထားတော့ တာတွေမှာရေတွေရှိတဲ့အတွက် ဆည်ရေသောက်တဲ့ လယ်တွေရှိပါတယ်။ မြစ်ရေတင်စီမံကိန်း လယ်တွေရှိပါတယ်။ အဲဒီလယ်တွေမှာ ရေရတဲ့အတွက် အပင်တွေဖြစ်ပါတယ်။ ဒါပေမယ့် သူတို့ထည့်မတွက်တဲ့အချက်က အဲဒီရေပေးလို့ဖြစ်တဲ့ အပင်ကဘယ်ထဲမှာ ကြီးထွားနေသလဲဆိုရင် အယ်နီညိုရာသီဥတုထဲမှာ ကြီးထွားနေတဲ့အတွက် အဲဒီအပင်တွေ အများစုကဘာဖြစ်လဲဆိုတော့ ပိုးကျပါတယ်။ ပိုးကျတဲ့အတွက် အထွက်က မသေချာပါဘူး။ ဆရာတို့နယ် ပေါက်ခေါင်းဘက်ကို ရောက်သွားတယ်။ အဲဒီက လယ်သမားတွေက ပြောတယ်။ အခု စိုက်ထားတဲ့သီးနှံခင်းတွေဟာ အစိုဓာတ်နည်းနေရင် အပင်တွေမလှဘူးလို့ ပြောတယ်။ ဒါဆိုရင် အချိန်တန်အထွက်က လျော့မယ်။ ဒါမှမဟုတ်ရင် ကံဆိုးရင် သေတောင်သေနိုင်တယ်။ ဒါမျိုးတွေ ဆရာတို့ကြားရတယ်။

မိတ္ထီလာဘက်မှာ မိတ်ဆွေတစ်ယောက်က သူ့မိဘလယ်ဧကေ ရာချီလုပ်တယ်။ နှစ်စဉ်နှစ်တိုင်း စပါးထောင်ချီရတယ်။ ဒီနှစ်အများဆုံးရရင် လေးရာပဲရမယ်။ ဒီလိုပြောတယ်။ အားလုံးကတော့ အဲဒီအတိုင်း တွေ့နေရတဲ့အတွက် စားနပ်ရိက္ခာဖူလုံမှုနဲ့ ကုန်ဈေးနှုန်းတက်မှုကိုတော့ အလွန်သတိထားဖို့လိုတယ်။

နောက်ကဏ္ဍတစ်ခုကဘာလဲဆိုတော့ ကျန်းမာရေးပါ။ အယ်နီညိုက အလွန်ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတုဖြစ်တဲ့အတွက် ဘာတွေဖြစ်တတ်လဲဆိုတော့ ကူးစက်တတ်တဲ့ ဗိုင်းရပ်(စ်)တွေပေါ်တတ်တယ်။ အဲဒီတော့ မနှစ်က ၂၀၁၅ မှာ ကမ္ဘာမှာ အပူဆုံးနဲ့ အခြောက်သွေ့ဆုံးဒဏ်ခံရတဲ့ နိုင်ငံက ဘရာဇီး၊ အဲဒီဘရာဇီးနိုင်ငံကနေစပြီးတော့ ဗိုင်းရပ်(စ်)ပေါ်တယ်။ ဗိုင်းရပ်(စ်)က အသစ်၊ အသစ်ဆိုတော့ ကုတဲ့ဆေးမရှိသေးဘူး။ အဲဒီ ဗိုင်းရပ်(စ်)ရဲ့ နာမည်က ဇီကာခေါ်ပါတယ်။ ဒီဇီကာဆိုတဲ့ ဗိုင်းရပ်(စ်)က ဘရာဇီးကနေစလိုက်တာ။ ဒီရောဂါပိုးကူးစက်ခံရတဲ့လူက မိန်းမ၊ ယောကျ်ား ယေဘုယျရောဂါလက္ခဏာကတော့ တုပ်ကွေးရောဂါလို ရောဂါလက္ခဏာတွေတွေ့ရတယ်။ ဒါပေမယ့် ကိုယ်ဝန်ဆောင်တဲ့အမျိုးသမီးတွေ ကူးစက်ခံရရင်တော့ မွေးဖွားလာမယ့်ကလေးဟာ ဉာဏ်ရည်မမီတဲ့၊ ဦးခေါင်းသေးတဲ့ရောဂါတွေ့နိုင်တယ်။

အဲဒီတော့ ဒီကနေ့ ဘရာဇီးမှာ အဲဒီရောဂါပိုးရတဲ့လူက ငါးထောင်ကျော်နေပြီ။ ဆိုးတာကဘရာဇီးမှာ အဲဒီဇီကာရောဂါပိုးကြောင့် ရောဂါဖြစ်တဲ့လူကငါးထောင်ပါ။ ဒါပေမယ့် ရောဂါကူးစက်ခံနေရတဲ့သူက တစ်သန်းနဲ့ သုံးသိန်းရှိတယ်။ အဲဒီတစ်သန်းနဲ့ သုံးသိန်းကနေပြီးတော့ ဒီကနေ့ပိုဆိုးတာက အခြားနိုင်ငံတွေကို ရောဂါတွေက ပျံ့နေတယ်။ အခု ၂၆ နိုင်ငံ ရှိပြီ။ အဆိုးဆုံးကတော့ အဲဒီ ၂၆ နိုင်ငံထဲမှာ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းတွေပါနေတယ်။ ထိုင်းရယ်၊ တရုတ်ရယ်၊ လာအိုရယ်။ အဲဒီတော့ ဒီရောဂါပိုးက မြန်မာနိုင်ငံကို ရောက်လာဖို့ အလားအလာတော်တော်များနေပြီ။ ဒီရောဂါက များသောအားဖြင့် ခြင်ကလာတာဖြစ်တဲ့အတွက် ခြင်ပေါက်ပွားမယ့် လာမယ့်မိုးဦးကျရာသီမှာ ခြင်ကာကွယ်ဖို့နဲ့ ခြင်ကိုက်မခံဖို့ မြန်မာပြည်မှာ အလွန်အရေးကြီးပါတယ်။

ကျန်းမာရေးဦးစီးဌာနကတော့ ဒါကို လှုံ့ဆော်နေပါပြီ။ အဲဒီရောဂါပိုး မရောက်သေးပေမယ့် မြန်မာနိုင်ငံမှာ အယ်နီညိုရဲ့ ပူပြင်းတဲ့ ရာသီဥတုကြောင့် ရောဂါတစ်မျိုးဖြစ်နေတယ်။ အဲဒါသာစည်မှာ၊ မြန်မာနိုင်ငံအလယ်ပိုင်း သာစည်မှာရှိတဲ့ ကလေးတွေမှာ ဦးခေါင်းအမြှေးပါးရောင်တဲ့ရောဂါ၊ အဲဒီရောဂါဖြစ်တဲ့အတွက် လောလောဆယ်သေတာ ကလေးရှစ်ယောက်ရှိပြီ။ ရန်ကုန်မှာ နှစ်ယောက်သေတယ်။ ဒါကြောင့် ကျန်းမာရေးနဲ့ပတ်သက်ပြီး မိဘများ အလွန်သတိထားဖို့ လိုပါတယ်။ အထူးသဖြင့် ဒီအချိန်ဟာ ကျောင်းပိတ်တဲ့ရာသီ နွေရာသီဖြစ်ပေမယ့် သိတဲ့အတိုင်း ရန်ကုန်မြို့မှာ နေထိုင်တဲ့ မိဘတွေက နွေရာသီမှာ နွေရာသီကျောင်းတွေ ထားနေတယ်။ တချို့ကျောင်းတွေက ပူပြင်းတဲ့နေ့ခင်းအချိန်ကို ရှောင်ပြီး လုပ်တယ်ရယ်လို့မရှိဘူး။ ရတဲ့အချိန် အကုန်ဖွင့်နေတော့ အဲဒီဖွင့်တဲ့ကျောင်းတွေထဲမှာ ကလေးတွေ နေပူထဲမသွားသင့်တဲ့ အချိန်တွေပါနေတယ်။ အဲဒါကို မိဘလုပ်တဲ့သူက သတိမထားဘဲနဲ့ နေ့ခင်းတွေကို အပို့အကြိုတွေလုပ်နေမယ်ဆိုရင် ဒီကလေးက တစ်ချိန်မှာ တကယ့်ပူပြင်းတဲ့နေရောင်ခြည်နဲ့ ထိတွေ့မှုကြောင့် ဦးနှောက်အမြှေးပါးရောဂါ ရမယ်ဆိုရင်တော့ ကိုယ့်ရင်သွေးဟာ ဆုံးရှုံးမှာ သေချာတယ်။ ဘာကြောင့်လဲဆိုတော့ ဆေးမရှိဘူး။ ဒါကြောင့် မိဘတွေက သတိထားဖို့လိုတယ်။

ကျန်းမာရေး သတိထားဖို့လိုတယ်။ ရေပြဿနာသတိထားဖို့လိုတယ်။ နောက် အယ်နီညိုရာသီဥတုကြောင့် ဖြစ်လာနိုင်တဲ့၊ ဖြစ်နေတဲ့ နောက်ထပ်ပြဿနာက၊ နောက်ထပ်သဘာဝဘေးက ဘာလဲဆိုတော့ မီးလောင်တာ၊ မီးလောင်တာကလည်း ဒီနှစ်မှာ အံ့မခန်းများတယ်။ တစ်လခွဲအတွင်းမှာ မီးလောင်တဲ့ အကြိမ်ပေါင်း ၁၈၀ ထိရှိတယ်ဆိုတော့ တွက်ကြည့်ရင် တစ်နေ့ကို သုံးကြိမ်လောက်လောင်နေတယ်။ လောင်တဲ့နေရာတွေကြည့်ရင် မြို့လည်းလောင်တယ်၊ နယ်လည်း လောင်တယ်။ နောက်ဆုံးသစ်တောလည်း လောင်တယ်။ မီးက အခုအချိန်ထိ လောင်နေဆဲ၊ အရှိန်ကောင်းနေဆဲပဲ။ မီးအန္တရာယ်ကိုလည်း မြို့၊ တောနေတဲ့ လူအားလုံးက သတိထားဖို့လို ပါတယ်။ အဲတော့ အယ်နီညိုရဲ့ဇာတ်လမ်းက အဲလိုပါပဲ။ အားလုံးအပေါ်မှာ အကျိုးသက်ရောက်နေတယ်။

မေး။ မကြာမီ သင်္ကြန်ကာလကလည်း ရောက်တော့မယ်ဆိုတော့ ဘာတွေပြင်ဆင်ထားဖို့လိုလဲ၊ သင်္ကြန်မှာ ဘာတွေသတိပြုဖို့လိုလဲဆရာ။

ဖြေ။ မဟာသင်္ကြန်ရောက်လာတဲ့အခါကျတော့ မဟာသင်္ကြန်မှာ ရေသုံးတာနဲ့ပတ်သက်ပြီး အသုံးနဲ့အဖြုန်းကို စိစစ်ပြီးပြုလုပ်ဖို့လိုတယ်။ ဘာကြောင့်လဲဆိုတော့ မဟာသင်္ကြန်ရဲ့ ရေအသုံးဟာ ရန်ကုန်မှာတွက်ကြည့်တာ တော်တော်များတယ်။ ရန်ကုန်မှာ မြို့နယ်လေးခုရှိတယ်။ အဲဒီမြို့နယ်လေးခုက တစ်ရက်တစ်ရက်ကို ရေဂါလန် ၄၈ သိန်းလောက်ကုန်တယ်။ ဖြစ်ချင်တော့ ဒီနှစ်က သင်္ကြန်ကာလက ငါးရက်ဖြစ်နေတော့ ငါးရက်နဲ့ တွက်လိုက်ရင် ဂါလန်ပေါင်း ၂၄ သန်းလောက်ကုန်မယ်ဆိုတော့ တအားများတယ်။ များတဲ့အထဲမှာ ရန်ကုန်ကိုယ်နှိုက်ကိုယ်က ရေရှားပါးမှုပြဿနာနဲ့တွေ့နေရတယ်။

မဟာရန်ကုန် အတွင်းမှာရှိတဲ့ မြို့နယ်တွေမှာ ရေရှားပါးမှုရှိသလို ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဒေသတွေဟာလည်း ရေရှားပါးမှုတွေ့နေတယ်။ ဥပမာအားဖြင့် ဒေါပုံတို့၊ ဒလတို့၊ လှည်းကူးတို့ အဲဒီဘက်တွေမှာ ရေရှားပါးမှု ပြဿနာဖြစ်နေတော့ အဲဒီလို ရေရှားပါးနေတဲ့ဒေသအတွင်းမှာ မဟာရန်ကုန်မှာ ရေကို အထိန်းအကွပ်မဲ့၊ ဆင်ခြင်တုံတရားမဲ့ အသုံးနဲ့အဖြုန်းကို မခွဲခြားဘဲနဲ့ ရေကို မတရားဖြုန်းနေမယ်ဆိုရင်တော့ ဒါမလုပ်သင့်တဲ့ကိစ္စပဲပါ။ တခြားဒေသတွေမှာ သောက်သုံးရေတောင်မရှိလို့ "ရွှေကိုမလို ငွေကိုမလို ရေကိုသာလိုသည်"လို့ ကြွေးကြော်နေရတဲ့အချိန်မှာ ကျွန်တော်တို့က တစ်လက်မနှစ်လက်မ ပိုက်ကြီးတွေနဲ့ ရေတွေကို တစ်နေကုန် တစ်နေခန်း မပြီးနိုင်၊ မစီးနိုင် သုံးပစ်နေ မယ်ဆိုရင်တော့ ဒါဘယ်နည်းနဲ့မဆိုသိပ်ပြီးတော့ အသိပညာနဲ့ ယှဉ်တဲ့လုပ်ရပ်တော့မဟုတ်ဘူး။ အဲဒါကြောင့် အဲဒါတွေကို ဆင်ခြင်သင့်တယ်။ အဓိက ကျွန်တော်ပြောချင်တာက အသုံးနဲ့အဖြုန်းကို ခွဲခြားလုပ်သင့်တယ်။

ရန်ကုန်မှာမဏ္ဍပ်တွေက မနှစ်ကဆို ၂၅၀ ထိရှိတယ်။ မဏ္ဍပ်တစ်ခုကို ရေပိုက်က အနည်းဆုံးနှစ်ရာကနေ တစ်ထောင်ထိရှိတယ်။ အသုံးပြုတဲ့ရေပိုက်တွေရဲ့ အရွယ်က တစ်လက်မကနေ ခြောက်လက်မထိရှိတယ်။ အဲဒီကဏ္ဍတွေက စိစစ်ပြီးလုပ်ရမယ်။ စိစစ်သင့်တယ်လို့၊ အဖြုန်းကိုတော့လျှော့သင့်တယ်လို့ ပြောလိုက်တဲ့အတွက် ရန်ကုန်တိုင်းဒေသ ကြီးအစိုးရကလည်း တချို့သောကန့်သတ်မှုတွေ လုပ်လာပြီ။ လုပ်လာတဲ့အခါမှာ တချို့က လူငယ်စိတ်နဲ့ သင်္ကြန်ဆိုတာသိတဲ့အတိုင်းလေ၊ နဂိုကတည်းကလည်း မြန်မာနိုင်ငံမှာ လူတိုင်းက ပျော်တဲ့ကာလဆိုတော့ ဒီကာလမှာ လာကန့်သတ်တာတော့ တချို့လူတွေအနေနဲ့ ကြိုက်ချင်မှကြိုက်မှာပါ။ သို့သော်ငြားလည်း နိုင်ငံရဲ့ တိုးတက်မှုကို အရှေ့တစ်ခုရောက်အောင် အားလုံးဝိုင်းဝန်းပြီးလုပ်နေတဲ့အခါမှာ အားလုံးခြုံကြည့်ရင် တချို့ကျတော့ နည်းနည်းလေး နစ်နာတာ။ ဒါမှမဟုတ် ကိုယ့်စိတ်တိုင်းမကျတာရှိမှာပါ။ တချို့ကျတော့ ဒါလုပ်သင့်တယ်လို့ ထင်တဲ့လူလည်းရှိတယ်။ လုပ်သင့်တယ်လို့ ပြောတဲ့ လူတွေအများကြီးပါ။ အဲဒီတော့ ဘာပဲပြောပြော အကယ်၍များ ကိုယ်ရဲ့စိတ်သဘောထားနဲ့ မကိုက်ညီတာလေးတွေဖြစ်နိုင်ရင် သက်ဆိုင်ရာ တာဝန်ရှိတဲ့လူတွေက လုပ်သင့်လုပ်ထိုက်တဲ့အလုပ်ကို လုပ်နေတယ်။

နိုင်ငံတော်ရဲ့ရှေ့ကို ကောင်းမွန်တဲ့ (Better Future) ပေါ့။ ပိုမိုကောင်းမွန်တဲ့ အနာဂတ်ကို ရောက်အောင်လုပ်တဲ့နေရာမှာ လူတိုင်းလူတိုင်းမှာ တာဝန်ရှိတယ်။ ဒီလို တာဝန်တစ်ခုအနေနဲ့ မိမိတို့ရဲ့ ရပိုင်ခွင့်တွေ၊ တချို့မိမိတို့ရဲ့ ပိုင်ဆိုင်မှုတွေ နည်းနည်းပါးပါးတော့ ထိရင် ထိခိုက်မှုရှိကောင်းရှိမယ်။ အများနဲ့ လုပ်တဲ့အခါမှာ အဲဒါလေးကိုတော့ အားလုံးက နားလည်မှုနဲ့ နိုင်ငံရဲ့အနေအထားကို အချိန်တိုတိုအတွင်းမှာ မြန်မြန်တိုးတက်စေဖို့အတွက် ဒါလေးတွေ နားလည်ပေးဖို့လိုတယ်။ ဘာကြောင့်လဲဆိုတော့ အခုလုပ်နေတဲ့ အစိုးရသစ်လက်ထက်မှာ ကျွန်တော်တို့ပြောင်းလဲရမယ့် အရာတွေ၊ ပိုကောင်းအောင်လုပ်ရမယ့် အရာတွေက အများကြီးရှိတယ်။ မြန်မာနိုင်ငံမှာ ပြုပြင်ရမယ့်အရာတွေထဲမှာ ဆိုကြပါစို့။ စာရိတ္တအကြွေးတွေလည်း ကျွန်တော်တို့မှာ တင်နေတယ်။ ကျန်းမာရေးအကြွေးတွေလည်း တင်နေတယ်။ နောက်ပြီးတော့ စီးပွားရေး အကြွေးတွေလည်း တင်နေတယ်။ ကျန်းမာရေး အကြွေးတွေတင်နေတဲ့ အများကြီးထဲမှာ သာမန်လူထုအများနဲ့ဆိုင်တဲ့ တစ်ပိုင်တစ်နိုင်လုပ်ရမယ့် အလုပ်ထဲမှာ အဓိကအနေနဲ့ မိုင်းဆက်လို့ခေါ်တဲ့ စိတ်ဓာတ်တွေပြင်ဖို့ပါပဲ။ အဲဒီစိတ်ဓာတ်တွေ ပြင်တဲ့အခါမှာ အခုလို အသိဉာဏ်နဲ့၊ ဆင်ခြင်တုံတရားနဲ့ ယှဉ်တဲ့ အလုပ်တွေကို ကျွန်တော်တို့ အမြဲစဉ်းစားတဲ့ အကျင့်ရအောင်တော့ အားလုံးက လေ့ကျင့်ဖို့လိုတယ်။ ဒါမှသာလျှင် တိုင်းပြည်ကလည်း အမှန်တကယ်ပြောင်းလဲတဲ့တိုင်းပြည် ဖြစ်လာမယ်လို့ ကျွန်တော်ယူဆပါတယ်။

မေး။ အခုအစိုးရသစ်ကလည်း တက်ပြီဆိုတော့ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအပိုင်းနဲ့ ပတ်သက်ပြီး အစိုးရသစ်ကို ဘာတွေတိုက်တွန်းချင်လဲ။

ဖြေ။ အခုအစိုးရသစ်လုပ်နေတာတွေကို ကြိုက်တယ်။ ဒီတိုင်းသွားပါလို့ ပြောချင်တယ်။ သင်္ကြန်နဲ့ အယ်နီညိုအကြောင်းကို NLD က ဖိတ်လို့ ကျွန်တော် တော်ဝင်နှင်းဆီမှာ ဟောပြောတဲ့ပွဲမှာ တာဝန်ရှိတဲ့လူတွေတက်တယ်။ အခု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်လည်းတက်တယ်။ အဲဒါပြီးတော့ အစည်းအဝေးတွေခေါ်ပြီး ဒီလိုထွက်လာတယ်ဆိုတော့ အလွန်ကောင်းတဲ့ လုပ်ရပ်ပါ။ ပညာရှင်က ပြောတယ်။ တာဝန်ရှိတဲ့လူက စဉ်းစားတယ်။ လုပ်သင့်လုပ်ထိုက်တာကို လုပ်ပါတယ်။ အဲဒါမျိုးက ကောင်းတဲ့အကျင့်ဖြစ်တဲ့အတွက် ဒါမျိုးတွေကိုလုပ်ပါ။

အထူးသဖြင့် အကြံဉာဏ်ပေးချင်တာက လာမယ့်မိုးရာသီမှာ ရာသီဥတုက ပိုဆိုးဖို့ရှိနေပါတယ်။ မုတ်သုံတွေကဝင်တာ နောက်ကျမယ်။ ရာသီဥတုက လွန်ကဲရာသီဥတုတွေ အများကြီးဖြစ်မယ်။ အဲဒီကျရင် ရေကြီးတာ၊ မြေပြိုတာတွေ အများကြီးတွေ့ရဦးမယ်။ အဲဒါကြောင့် ဒီလိုပိုပြီးတော့ မြန်မြန်ဆန်ဆန်လုပ်တဲ့စနစ်တစ်ခု သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်ပြီးတော့ သက်ဆိုင်ရာတာဝန်ရှိတဲ့ ဝန်ကြီးဌာနကနေ အရင်တုန်းကလို ဖြစ်မှလုပ်တယ်ဆိုတဲ့ဟာမျိုးမဟုတ်ဘဲနဲ့ မဖြစ်ခင်ကတည်းက ကြိုတင်ကာကွယ်ရတဲ့၊ ကြိုတင်ပြင်ဆင်တဲ့အလုပ်တွေကိုပါ ပိုမိုထိရောက်အောင် အခုကတည်းက ပြင်ဆင်ဖို့ လုပ်သင့်တယ်လို့ ကျွန်တော်အကြံပြုချင်ပါတယ်။

နိုင်ငံပိုင်မီဒီယာများ ပြည်သူကို မျက်နှာမူ ပြည်သူ့ဘက်ကအမြင်ဖြင့် ဖော်ပြစေချင်

ရန်ကုန် ဧပြီ ၃
နိုင်ငံပိုင်မီဒီယာများအနေဖြင့် ဌာနများက ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက် သက်သက်မျှသာမဟုတ်ဘဲ ပြည်သူကို မျက်နှာမူပြီး ပြည်သူ့ဘက်က ပြန်မြင်သည့် သတင်းမျိုးကို ဖော်ပြစေချင်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယနေ့ ပြောကြားသည်။

ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့ရှိ ပြန်ကြားရေးဝန်ကြီးဌာနအောက် ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ အရာထမ်းများ၊ နိုင်ငံပိုင်မီဒီယာများမှ စာတည်းမှူးချုပ်နှင့် စာတည်းများ၊ သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"အရင်တုန်းကလည်း Public Service ဆိုတဲ့ သဘောမျိုး ရှေ့နေတာတော့ ရှိပါတယ်။ အခုအစိုးရသစ်မှုဝါဒကတော့ ပြည်သူကို မျက်နှာမူတယ်လို့ သုံးနှုန်းတာပေါ့။ သဘောကတော့ ဒီမိုကရေစီရွေးကောက်ပွဲနဲ့ တက်လာတဲ့ အစိုးရအဖွဲ့ဖြစ်တယ်။ အများပြည်သူက ယုံကြည်လို့ ရွေးကောက်တင်မြှောက် တာဝန်ပေးလိုက်တယ်။ တာဝန်ယူထားတဲ့ပုဂ္ဂိုလ်တွေကလည်း ဘာတွေဆောင်ရွက်နေတယ်ဆိုတာ ပြောဖို့သူတို့မှာ တာဝန်ရှိတယ်။ ရှိတဲ့အလျောက် သူတို့ဘာတွေလုပ်နေပါတယ်ဆိုတဲ့ သတင်းတွေကိုထုတ်ပေးမယ်။ သို့သော် ဌာနဆိုင်ရာတွေရဲ့ လစ်ဟင်းချက်၊ ချို့ယွင်းချက်၊ အားနည်းချက်တွေကိုလည်း နိုင်ငံပိုင်မီဒီယာများဘက်က ပြည်သူ့ကိုယ်စား ပြန်ပြီးတော့ ရေးသားတဲ့သတင်းမျိုးကို စဉ်းစားပြီး လုပ်သင့်တယ်"ဟု ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားခဲ့သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံပိုင်သတင်းစာများ အနေဖြင့် ပြင်ပဆောင်းပါးရှင်များ၊ ကာတွန်းဆရာများကို ဖိတ်ခေါ်ခြင်း၊ သတင်းသမားများကိုယ်တိုင်ကလည်း ဌာနများက ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက် သက်သက်မျှသာမဟုတ်ဘဲ ပြည်သူကိုယ်စားပြု ရေးသင့်သည်ဆိုသည့် သတင်းမျိုးကိုလည်း ကိုယ်တိုင်ကွင်းဆင်းရေးသားခြင်းများအပြင် စာတည်းမှူးချုပ်များကလည်း သတင်းအကြောင်းအရာနှင့် ရေးသားမှုများကို ရွေးချယ်ခြင်းနှင့် သတင်းစာပါ အကြောင်းအရာအားလုံးကို ဆုံးဖြတ်လုပ်ကိုင်စေချင်သည်ဟု ဆိုသည်။

တွေ့ဆုံပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးဦးစီးဌာနအောက်မှ ရန်ကုန်မြို့ရှိ ဌာနခွဲများ၏ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြသည်။

သတင်း-ခင်မောင်ထွေး၊
ဓာတ်ပုံ - ဇော်မင်းလတ်

သင်္ကြန်ပွဲတော်တွင် မန္တလေးကျုံးဘေးတစ်လျှောက် ရေစုပ်စက်ဖြင့် ရေပက်ကစားခြင်းအား အနောက်ဘက်နှင့် မြောက်ဘက်တွင် ခွင့်ပြုမည်

မန္တလေး ဧပြီ ၃
၂၀၁၆ မဟာသင်္ကြန်ပွဲတော်ကာလတွင် မန္တလေးမြို့ ကျုံးဘေးတစ်လျှောက်ရေစုပ်စက်များဖြင့် ရေပက်ကစားခြင်းအား သတ်မှတ်စည်းကမ်းများနှင့်အညီ ကျုံးအနောက်ဘက်နှင့် မြောက်ဘက်တို့တွင် တစ်ဖက်လျှင် ရေစုပ်စက် ၇၅ ခု စုစုပေါင်း ၁၅၀ ကို ခွင့်ပြုမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်မှ သိရသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဧပြီ ၁ ရက်က ပြုလုပ်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အစည်းအဝေးဆုံးဖြတ်ချက်အရ ခွင့်ပြုခြင်းဖြစ်ပြီး သုံးစွဲခွင့်ရရှိသူများသည် ငွေကျပ် နှစ်သိန်းကို စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာနသို့ ပေးသွင်းရမည်ဖြစ်သည်။

"ကျုံးရေဆိုတာ Over Flowe ထွက်ပေါက်တွေက တစ်ဆင့် အမြဲထွက်နေလို့ သင်္ကြန်ကာလအတွင်း ကျုံးဘေးမှာ ရေစုပ်စက်နဲ့ ရေကစားတဲ့အတွက် ကျုံးရေသုံးစွဲမှု မထိခိုက်နိုင်ဘူး။ ဒါကြောင့် အနောက်ဘက်နဲ့ မြောက်ဘက်မှာပဲ ခွင့်ပြုခဲ့တာဖြစ်တယ်။ လျှောက်ထားသူများလာရင် မဲစနစ်ကိုသုံးရမယ်"ဟု မြို့တော်စည်ပင် တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရေစုပ်စက်ဖြင့် ရေကစားခွင့်ရရှိသူများသည် အချင်းနှစ်လက်မ(Section)ရေစုပ်စက်ဖြင့်သာ ခွင့်ပြုမည်ဖြစ်ပြီး အနည်းဆုံးပိုက်သုံးခုခွဲထွက်ရန်၊ ရေစုပ်စက်များတွင် မီးသတ်ပိုက်ခေါင်းတပ်ဆင်ခြင်း၊ လေအိုးသုံးရေပိုက်များ အသုံးပြုခြင်း၊ နော်ဇယ်ရေပိုက်ခေါင်းတပ်ဆင်ခြင်းမပြုလုပ်ရန်၊ ခွင့်ပြုမိန့်ရရှိသော်လည်း မော်တော်ကားများပေါ်တွင် ရေစုပ်စက်တင်၍ရေကစားခြင်းမပြုလုပ်ရန်၊ မီးသတ်ဌာနများမှ ရေကိုအသုံးပြု၍ရေပက်ကစားခြင်းမပြုရန် စသည့်စည်းကမ်းများကို လိုက်နာရမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရေပက်ကစားရာတွင် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီနှင့် ညနေ ၃ နာရီ မှ ၆ နာရီထိ သတ်မှတ်ထားပြီး ခွင့်ပြုချက်မရှိဘဲ ရေစုပ်စက်များဖြင့် ရေကစားသည်ကို တွေ့ရှိပါက ဒဏ်ငွေကျပ်သုံးသိန်းပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။**မင်းထက်အောင်(မန်းကိုယ်ပွား)**

ဧရာဝတီမြစ်ရေ ဆက်လက်မြင့်တက်နိုင်

နေပြည်တော် ဧပြီ ၃
ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် သုံးရက်အတွင်း ငါးပေခွဲခန့်၊ ဗန်းမော်မြို့တွင် နှစ်ရက်အတွင်း သုံးပေခွဲခန့်နှင့် ကသာမြို့တွင် တစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းခဲ့ပြီဖြစ်သည်။ ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် မန္တလေးမြို့တွင် တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက်တစ်ရက်မှ သုံးရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် နှစ်ပေမှ သုံးပေခွဲခန့်၊ နောက်သုံးရက်မှ ကိုးရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေရုတ်တရက်တိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ အကြံပြုထားသည်။ **(ကြေးမုံ)**

ပြည်ထောင်စုဝန်ကြီးများ ထပ်မံခန့်ထားဖွယ်ရှိ

နေပြည်တော် ဧပြီ ၃

ဧပြီ ၄ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတအဆိုပြုတင်ပြသော ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြမည်ဖြစ်ကြောင်း သိရသည်။

မတ် ၂၂ ရက်က ကျင်းပခဲ့သော ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဝန်ကြီးဌာန ၂၁ ခုတွင် ခန့်အပ်တာဝန်ပေးမည့် ပြည်ထောင်စုဝန်ကြီး ၁၈ ဦး၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခဲ့ပြီး မတ် ၃၀ ရက်က နိုင်ငံတော်သမ္မတရုံး အမိန့်အမှတ်(၃/၂၀၁၆)ဖြင့် ပြည်ထောင်စုဝန်ကြီးများကို ခန့်အပ်တာဝန်ပေးခဲ့ပြီးဖြစ်သည်။

ဧပြီ ၄ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးများအပြင် ပြည်ထောင်စုရှေ့နေချုပ်အမည်စာရင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်အမည်စာရင်းတို့ကိုပါ လွှတ်တော်သို့တင်ပြမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို အစီအစဉ် ၁၅ ခုဖြင့် ကျင်းပမည်ဖြစ်ပြီး အစီအစဉ် ၁၅ ခုတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ နိုင်ငံတကာအကြီးအကဲများထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများနှင့် သတင်းထုတ်ပြန်ချက်များကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ခြင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ ခန့်အပ်တာဝန်ပေးခြင်းကို တင်ပြခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်းကို တင်ပြခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်းတို့လည်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အလားတူ ဧပြီ ၄ ရက်တွင် ကျင်းပမည့် ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က အတည်ပြုပေးပို့လာသော နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

❋ ကျော်ဖုံးမှ

၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆုကို "ကျွန်မကနှင်းဆီပါမောင်" ရုပ်ရှင်ဇာတ်ကားမှ ဖွေးဖွေး၊ ၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုကို "နှလုံးသားဖြင့် ပြုလုပ်သည်" ရုပ်ရှင်ဇာတ်ကားမှ ပြေတီဦး၊ ၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုကို "နက္ခတ်မှားတဲ့တိုက်ပွဲ" ရုပ်ရှင်ဇာတ်ကားမှ နေတိုးတို့ ရရှိကြောင်း ကြေညာပြီး ဆုရသူများက ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားကြသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦးနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးဝင်များ၊ ၂၀၁၄၊ ၂၀၁၅ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု စိစစ်အကဲဖြတ်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦးနှင့် စည်သူဗိုလ်ကလေးတင့်အောင်တို့ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံး ဒါရိုက်တာဆု၊ ၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု၊ အကောင်းဆုံးရုပ်ရှင်အသံဆုနှင့် အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆုတို့ကိုမူ ရုပ်ရှင်ထူးချွန်ဆုများ ချီးမြှင့်နိုင်ခဲ့ခြင်းမရှိပေ။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများအား လာမည့်နှစ်များတွင် ဖေဖော်ဝါရီလ နောက်ဆုံးပတ် (သို့မဟုတ်)မတ်လ ဆန်းပိုင်းတွင် ပုံမှန်ကျင်းပနိုင်ရန် စီစဉ်လျက်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ သိရသည်။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသည် ၂၀၁၃ ခုနှစ်မှစတင်၍ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ခြင်းကို တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်တေးဂီတဆုကို "ကောင်းကျိုး ကိုယ်၌တည်စေမင်း"ရုပ်ရှင်ဇာတ်ကားမှ ဦးခင်မောင်ကြီး ဆုယူစဉ်။ (သတင်းစဉ်)

၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်တေးဂီတဆုကို "မောင့်အိမ်သူ" ရုပ်ရှင်ဇာတ်ကားမှ ဦးလှဆန်းဦး ဆုယူစဉ်။ (သတင်းစဉ်)

ရင်ခုန်လှုပ်ရှား အကယ်ဒမီဆုရှင်များ၏ ရင်တွင်းစကား

တွေ့ဆုံမေးမြန်း - သီသီမင်း

ဓာတ်ပုံ - ငွေးအောင်၊ ခင်မောင်ဝင်း

ရုပ်ရှင်အနုပညာသည် လူထုကြားတွင် အထိုးဖောက်နိုင်ဆုံးနှင့် ဩဇာသက်ရောက်မှုအရှိဆုံးဖြစ်ပြီး ပြောင်မြောက်လှသည့် ရုပ်ရှင်အနုပညာလက်ရာများသည် လူအများ၏ ရင်ထဲနှလုံးသားထဲတွင် လွှမ်းမိုးကျန်ရစ်ခဲ့ကြသည်။

ရှေးခေတ် မေတ္တာနှင့်သူရာ ဇာတ်ကားမှ ယနေ့ခေတ် ကျွန်မက နှင်းဆီပါမောင် ဇာတ်ကားအထိ ပြည်သူလူထု၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်သော ဇာတ်ကားများစွာ ရှိသည်။ ထိုဇာတ်ကားများအနက် ပြောင်မြောက်သော ဇာတ်ကားများမှာ အကယ်ဒမီဆုဝင်ခဲ့သည်။

ယခုနှစ် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ချီးမြှင့်သည့် ရုပ်ရှင်ထူးချွန်ဆုများသည်လည်း ပြောင်မြောက်သော ဇာတ်ကားများသာဖြစ်သည်။ မြန်မာ့ရုပ်ရှင်သမိုင်း၏ နှစ်ပေါင်း ၆၀ ကျော်အတွင်း နှစ်နှစ်ဆက်တိုက် ချီးမြှင့်သည့်အတွက်လည်း ထူးခြားမှုတစ်ခုဟု ဆိုရမလိုပင်ဖြစ်သည်။

ယနေ့ကျင်းပသည့် ၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲတွင် ၂၀၁၄-၂၀၁၅ နှစ်နှစ်တာ ကာလအတွင်း ကျရာအခန်းကဏ္ဍ၌ ထူးချွန်ခဲ့ကြသည့် သရုပ်ဆောင် အကယ်ဒမီဆုရှင်များနှင့် အတတ်ပညာရှင်ဆုရှင်များ ရရှိခဲ့သူများ၏ ရင်ထဲစွဲငြိသည့် ရင်တွင်းစကားများကို စုစည်းတင်ပြလိုက်ရပါသည်။

ဦးဇင်ဝိုင်း
(၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု)

"ကျွန်တော်က နှလုံးသားဖြင့်ပြုလုပ်သည် ဇာတ်ကားနဲ့ ဇာတ်ပို့ဆုရတာပါ။ ရုပ်ရှင်သက်တမ်း ၃၄ နှစ်တာ ကာလမှာ ထူးထူးခြားခြား ၂၀၀၀ ပြည့်နှစ်ကပဲ တစ်ခါရဖူးပါတယ်။ ဆုရတဲ့ခံစားချက်ထက် ဆုနဲ့လွဲချော်လို့ရတဲ့ ခံစားချက်က ပိုများခဲ့ပါတယ်။ ဒီပွဲကိုတက်လာတာ ဆုရမယ်လို့ မရည်ရွယ်ပါဘူး။ အခုလိုရလာတော့လည်း ဝမ်းသာမိပါတယ်။ မရတဲ့သူတွေအတွက်လည်း စိတ်မကောင်းဖြစ်မိပါတယ်။ ဒီဆုနဲ့ပတ်သက်လို့ ကျေးဇူးတင်ထိုက်သူအားလုံးကို တစ်ယောက်မကျန် ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။"

ဝတ်မှုန်ရွှေရည်
(၂၀၁၄ ခုနှစ် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု)

"ပရိသတ်အားလုံးကို ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။ နှလုံးသားဖြင့်ပြုလုပ်သည် ဇာတ်ကားနဲ့ ၂၀၁၄ ခုနှစ်အတွက်ရတာပါ။ အလွန်ပျော်ပါတယ်။ အရင်နှစ်ကထက် ပိုပျော်ပါတယ်။ ဒီဇာတ်ကားရိုက်တဲ့ အချိန်မှာ အလွန်ပင်ပန်းပါတယ်။ နောက်နှစ်တွေမှာလည်း အကောင်းဆုံးဆုတွေရရှိအောင် ကြိုးပမ်းသွားမှာပါလို့ ချစ်တဲ့ ပရိသတ်ကြီးကို ပြောချင်ပါတယ်ရှင့်။"

တက္ကသိုလ်ဂွမ်းပုံ
(၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု)

"ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)ရိုက်တဲ့ ဤအရာကို အချစ်ဟုခေါ်သလား ဆိုတာနဲ့ရတာပါ။ တကယ်တော့ အကယ်ဒမီရပါစေဆိုတဲ့စိတ်နဲ့ လုပ်ခဲ့တာတော့ မဟုတ်ပါဘူး။ အခုလိုရလာတဲ့အတွက်လည်း အလွန်ဝမ်းသာမိပါတယ်။ မဂွမ်းတို့လို ဇာတ်ပို့ဇာတ်ရံတွေအနေနဲ့က ကိုယ့်အတွက် သရုပ်ဆောင်လုပ်ကွက်ရလို့သာ အခုလို အကယ်ဒမီရတာပါ။ နောက်ပြီး မဂွမ်းရဲ့ အနုပညာရှင် မောင်နှမတွေရဲ့ ဝိုင်းဝန်းပံ့ပိုးမှုကြောင့်သာ ဒီဆုကိုရတဲ့အတွက် အားလုံးကို ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။ ပရိသတ်ကြီးကလည်း တစ်ကြိုပေးခဲ့တာဆိုတော့ အတိုင်းမသိဝမ်းသာမိပါတယ်။ ဒီဆုဟာ မဂွမ်းအတွက် ပထမဆုံးရတာဖြစ်လို့ မဂွမ်းရဲ့အနုပညာမှတ်တိုင်ဆိုလည်း မမှားပါဘူး။"

၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးဒါရိုက်တာဆု ကြေညာပြီးနောက် ဒါရိုက်တာဝိုင်းအား အနုပညာမောင်နှမများက ဂုဏ်ပြုအားပေးနေကြစဉ်။

ဒါရိုက်တာဝိုင်း
(၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးဒါရိုက်တာဆု)

"ကျွန်မက နှင်းဆီပါမောင် ဇာတ်ကားနဲ့ အကောင်းဆုံးဒါရိုက်တာဆုကို ရရှိတာပါ။ အခုလို ဆုရတော့ပျော်ပါတယ်။ ဆုတွေရတိုင်း ပိုပြီးတာဝန်ကြီးသလို ခံစားရပါတယ်။ နောက်ရိုက်မယ့်ကားတွေကိုလည်း အကောင်းဆုံးဖြစ်အောင် ပြင်ဆင်သွားမှာပါ။ ပရိသတ်ကြီးအားပေးနေလို့လည်း အခုလို ရပ်တည်နေနိုင်တာပါ။ အမြဲအားပေးနေတဲ့ ပရိသတ်ကြီးအားလုံးကို ကျေးဇူးတင်ပါတယ်။"

ဦးခင်မောင်ကြီး
(၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံးနောက်ခံတေးဂီတဆု)

"ကောင်းကျိုးကိုယ်၌ တည်စေမင်း ဇာတ်ကားမှာ အကောင်းဆုံးတေးဂီတဆုရတာပါ။ ဝမ်းသာလွန်းလို့ အသံတွေတောင် တုန်နေပါတယ်။ ရှေ့မှာလည်း ဆုနှစ်ဆုရခဲ့ဖူးပါတယ်။ ဒီနှစ်လောက် ရင်မခုန်ဖူးပါဘူး။ ဒီဇာတ်ကားအတွက် စတင်တီးခတ်ကတည်းက စိတ်ရောကိုယ်ပါနှစ်ပြီး လုပ်ခဲ့တာပါ။ ဒီလိုဆုရတဲ့အခါကျတော့ ကျေးဇူးတင်ထိုက်သူတွေအားလုံးကို ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။"

ဇော်မင်း(ဟံသာမြေ)
(၂၀၁၅ ခုနှစ် အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆု)

"အခု ၂၀၁၅ မှာ ချစ်စံအိမ် ဇာတ်ကားနဲ့ရတာပါ။ ၂၀၀၂ ခုနှစ်ကစလို့ အခုချိန်ထိ ဆုရတာ (၆) ကြိမ်ရှိပါပြီ။ ရုပ်ရှင်ဇာတ်ကားတွေတည်းဖြတ်တဲ့အခါမှာ တစ်ဖက်နဲ့ တစ်ဖက် နစ်နာမှုမရှိအောင်၊ မျှတအောင် တည်းဖြတ်ပေးရပါတယ်။ ဒါမှ သရုပ်ဆောင်တွေအတွက် နစ်နာမှုမရှိသလို ဇာတ်လမ်းရဲ့ အနှစ်သာရလည်း မပျောက်မှာပါ။ အခုလို ဆုရွေးချယ်ချီးမြှင့်ခြင်းခံရတဲ့အတွက် အလွန်ပဲဝမ်းသာပါတယ်။"

ဇော်မြင့်ဦး
(၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံးဇာတ်ညွှန်းဆု)

"ဒီဆုက ဒုတိယအကြိမ်ပါ။ အခုလို ဆုရတော့ပျော်ပါတယ်။ ကောင်းကျိုးကိုယ်၌ တည်စေမင်းဇာတ်ကားအတွက် အကောင်းဆုံးဇာတ်ညွှန်းဆုရတာပါ။ ဒီဆုကိုရတော့ ဝမ်းလည်းသာပါတယ်၊ ဝမ်းလည်းနည်းပါတယ်။ ကျွန်တော့်ကို ဆုရစေချင်တဲ့ မိဘနှစ်ပါးနဲ့ ကျေးဇူးရှင် ဒါရိုက်တာ မောင်နန္ဒလည်းမရှိတော့ပါဘူး။ ဒီဇာတ်ကားက လက်ပံတောင်းတောင်အရေးအခင်းကို အခြေခံပြီးရေးခဲ့တာပါ။ စာဖတ်ချင်လာအောင် ဒီဇာတ်ကားမှာ ပုံဖော်ထားတာပါ။ နောက်လည်း ကြိုးစားသွားမှာပါ။"

ခိုင်သင်းကြည်
(၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု)

"ကောင်းကျိုးကိုယ်၌ တည်စေမင်းဇာတ်ကားနဲ့ ရခဲ့တာပါ။ မခိုင်နဲ့ ဒီဇာတ်ကားလေးဟာ အလွန်ကိုလိုက်ဖက်တယ်လို့ထင်မိတယ်။ မခိုင် အနုပညာသက်ဆိုလည်း နှစ် ၂၀ လောက်ရှိပါပြီ။ ဒီဇာတ်ကားထဲက မဗေဒါဇာတ်ကောင်လို တစ်ခါမှ သရုပ်မဆောင်ဖူးပါဘူး။ မခိုင်ရဲ့ နေထိုင်တဲ့ပုံစံ၊ ပြောတဲ့ပုံစံနဲ့ ဒီမဗေဒါနဲ့လည်း ကိုက်ညီတယ်လို့ ထင်ပါတယ်။ အားပေးနေတဲ့ ပရိသတ်ကြီးနဲ့ ဆုချီးမြှင့်ပေးတဲ့သူတွေအားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်"

ဖွေးဖွေး
(၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု)

"ကျွန်မကနှင်းဆီပါမောင် ဇာတ်ကားနဲ့ အကောင်းဆုံးရတာပါ။ အလွန်ပျော်ပါတယ်။ ဖွေး အခုလိုရမယ်လို့ မမျှော်လင့်ပါဘူး။ ဒီဇာတ်ကားလေးက ဖေ့စ်ဘွတ်ပေါ်မှာ တစ်မောင်မောင်နဲ့ နာမည်ကြီးနေခဲ့တာပါ။ ပရိသတ်တွေ အကုန်လုံးပျော်နေမှာပါ။ ရှေ့ဆက်ပြီး ပရိသတ်ကြီးအတွက် အကောင်းဆုံးကြိုးစားသွားပါမယ်။"

ပြေတီဦး
(၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု)

"နှလုံးသားဖြင့် ပြုလုပ်သည် ဇာတ်ကားနဲ့ရတာပါ။ အခုလိုရတဲ့အတွက် အလွန်ပဲပျော်ပါတယ်။ အနုပညာလုပ်ငန်းတွေကို အကောင်းဆုံးဖြစ်အောင် ဆက်လက်ကြိုးစားသွားမှာပါ။ အားပေးနေကြတဲ့ ပရိသတ်တွေအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်လို့ ဒီနေရာကနေ ပြောချင်ပါတယ်။"

နေတိုး
(၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု)

"နက္ခတ်မှားတဲ့တိုက်ပွဲ ဇာတ်ကားနဲ့ရတာ အလွန်ပျော်မိပါတယ်။ ပရိသတ်ကြီးကလည်း ရစေချင်တဲ့ဟာရသွားလို့ ပျော်နေကြမှာပါ။ ၂၀၁၄- ၂၀၁၅ ခုနှစ်အတွက် အခုလို ပေးတဲ့ဆုနဲ့ ကျွန်တော်နဲ့ ထိုက်တန်တဲ့အတွက်ကြောင့် ရတယ်လို့ပဲထင်ပါတယ်။ ကျွန်တော်အနေနဲ့ကလည်း နက္ခတ်မှားတဲ့တိုက်ပွဲဆိုတဲ့ ဇာတ်ကားလေးမှာ ကျွန်တော့်ရဲ့အနုပညာအကုန်လုံးကို ထုတ်သုံးခဲ့ရတဲ့ ဇာတ်လမ်းလေးပဲဖြစ်ပါတယ်။ ပရိသတ်တွေအတွက် ထူးထူးခြားခြားသရုပ်ဆောင်ခွင့်ရတယ်လို့ မြင်ပါတယ်။ ပရိသတ်ကလည်း ဒီကားလေးကို ရစေချင်တဲ့အတွက်ကြောင့် ပရိသတ်ကြီးလည်း ဝမ်းသာပီတိဖြစ်မိမယ် ထင်မိပါတယ်။

ဇင်ဝိုင်း

ဝတ်မှုန်ရွှေရည်

တက္ကသိုလ်ဂွမ်းပုံ

ခိုင်သင်းကြည်

ပြေတီဦး

နေတိုး

၂၀၁၄၊ ၂၀၁၅ နှစ်နှစ်ပေါင်း ကျင်းပသည့် ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ

သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-ငွေးအောင်၊ ခင်မောင်ဝင်း

ရန်ကုန် မေ ၃

၂၀၁၄ ခုနှစ်တွင် မြန်မာရုပ်ရှင်ဇာတ်ကား ၁၇ ကား၊ ၂၀၁၅ ခုနှစ်တွင် ရုပ်ရှင်ဇာတ်ကား ၁၃ ကား ရုံတင်ပြသနိုင်ခဲ့ပြီး အဆိုပါ ရုပ်ရှင်ဇာတ်ကား ၃၀ အနက် ရုပ်ရှင်ထူးချွန်ဆု အဆင့်အတန်းဝင်သော ဇာတ်ကားများမှာ ပါဝင်ခဲ့ကြသူ အနုပညာရှင်များအား ယနေ့ အကယ်ဒမီထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ရာ ဆုများရရှိပိုင်ဆိုင်ခဲ့ကြပုံများအား စေ့ငုဖော်ပြလိုက်ပါသည်။

၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီ)ရရှိသူများအား တွေ့ရစဉ်။

၂၀၁၄ ခုနှစ်အတွက် ရုပ်ရှင်အသံဆုကို ‘မာယာပရောဂျက်’ဇာတ်ကားဖြင့် ဦးကြည်မင်းသိန်းက ရရှိပိုင်ဆိုင်နိုင်ခဲ့သည်။

သူသည် ဇာတ်ကားတင်ဆက်ပုံ အစ၊အလယ်၊အဆုံး မလိုလားအပ်သည့် တေးသံများကို ကင်းစင်အောင် ပြုလုပ်ခြင်း၊ ဇာတ်ဆောင်များ၏ မူရင်းအသံများကို တိကျပြတ်သားအောင် ပြုလုပ်နိုင်ခြင်းသည် အသံ၏ထူးခြားချက်ဖြစ်ပြီး ဇာတ်လမ်းကို ပိုမိုကောင်းမွန်အောင် ထောက်ပံ့ပေးနိုင်သည်။ အသံပြာခြင်းမရှိ၊ ရှင်းလင်းပြတ်သားစွာ ကြားရခြင်း၊ စကားပြောနှင့် မိုက်ခရိုအကွာအဝေး၊ မှန်ကန်သော အသံထွက်ကို ရရှိခြင်းတို့ကြောင့် ၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်အသံဆုကို ရရှိပိုင်ဆိုင်နိုင်ခဲ့ခြင်းဖြစ်သည်။

ရုပ်ရှင်အသံဆုအတွက် ရုပ်ရှင်အသံပညာရှင် ဦးချစ်ဆွေ၊ ဦးအေးမြင့်၊ ဦးမောင်စံ(သာခု)၊ ဦးဆန်းဦး၊ ဦးကိုမြင့် (သမန်းကျား)တို့က စိစစ်အကဲဖြတ်ရွေးချယ်ပေးခဲ့ကြရာ ၂၀၁၄ ခုနှစ် တစ်နှစ်အတွက်သာ အဆိုပါဆုကို ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံးတေးဂီတဆုကို ခင်မောင်ကြီးက ‘ကောင်းကျိုးကိုယ်၌တည်စေမင်း’ ဇာတ်ကားဖြင့် ရရှိပိုင်ဆိုင်နိုင်ခဲ့သည်။

သူသည် မြင့်မိုရ်ရုပ်ရှင်မှ ဒါရိုက်တာဇေပါ ရိုက်ကူးထားသည့်‘ကောင်းကျိုးကိုယ်၌ တည်စေမင်း’ဇာတ်ကားတွင် ဇာတ်လမ်းကို အထောက်အပံ့ဖြစ်စေသော နောက်ခံတေး၊ ဇာတ်ကားတစ်ကားလုံးအနောက်တိုင်းဂီတကို ကူးယူသုံးစွဲခြင်းမရှိ မြန်မာသံစဉ်များကို ကိုယ်ပိုင်သံစဉ်များဖြင့် အနုပညာမြောက်စွာ မှန်ကန်စွာ အသုံးပြုထားသည့်အတွက် ၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံးဂီတမှူးဆုကိုရရှိခဲ့ခြင်းဖြစ်သည်။

၂၀၀၂ ခုနှစ်တွင် ‘ငါသူတစ်ပါးယောကျ်ားမိန်းမ’ နှင့် ၂၀၀၅ ခုနှစ်တွင် ‘ကျန်စစ်သား’ဇာတ်ကားတို့ဖြင့် အကယ်ဒမီဆုများကို ပိုင်ဆိုင်ခဲ့ပြီးနောက် ယခုရရှိသည့် အကယ်ဒမီဆုသည် တတိယမြောက်ဆုရရှိခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်တေးဂီတဆုကို ‘မောင့်အိမ်သူ’ ဇာတ်ကားဖြင့် ဂီတမှူး လှဆန်းဦးသည် ပထမဆုံး အကယ်ဒမီဆု ရရှိပိုင်ဆိုင်နိုင်ခဲ့သည်။

သူသည် Laurel ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာသီတာလင်း ရိုက်ကူးသော ‘မောင့်အိမ်သူ’ဇာတ်ကားတွင် နောက်ခံဂီတဖြင့် အပိုအလိုမရှိ ဂီတဖြင့် အကောင်းဆုံး ပို့ဆောင်နိုင်ခဲ့သည်။ အထူးသဖြင့် အိန္ဒြာကျော်ဇင်တစ်ဦးတည်း မွေးနေ့ပွဲဆင်နွှဲနေသော ဇာတ်ဝင်ခန်းတွင် တေးသွားအား လွမ်းစရာ၊ ဒေါသဖြစ်စရာ ရသနှစ်မျိုးလုံးပေါ်လွင်အောင် တီးခတ်နိုင်ခဲ့သည်။ အိန္ဒြာကျော်ဇင်အား လူမင်းက မွေးနေ့လက်ဆောင်ပေးသော လည်ဆွဲလေးကိုမူတည်ကာ ဂီတသံစဉ်တစ်ခုကို ဖော်ပြထားသည်မှာ ဇာတ်အိမ်အတိမ်အနက်ကို ပိုမိုလေးနက်သွားစေသည့်အပြင် အံ့ဝင်ခွင်ကျဖြစ်အောင် ထိရောက်စွာပို့ဆောင်တီးခတ်နိုင်သည့်အတွက် ယခုကဲ့သို့ ၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်ဂီတဆုကိုရရှိပိုင်ဆိုင်နိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၁၄၊ ၂၀၁၅ ခုနှစ် ရုပ်ရှင်တေးဂီတဆုများကို ရုပ်ရှင်တေးဂီတပညာရှင် စန္ဒရား ဦးကွန်းဇော်၊ တေးဂီတပညာရှင်များ ဖြစ်သည့် တယောဦးတင်ရီ၊ ဦးလှဆန်းဦး၊ ဦးမောင်မောင်လတ်၊ ဦးသက်တို့က စိစစ်ရွေးချယ်ပေးခဲ့ကြခြင်းဖြစ်သည်။

အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆုကို ၂၀၁၄ ခုနှစ်အတွက် သော်ဇင်က ‘ကောင်းကျိုးကိုယ်၌တည်စေမင်း’ဇာတ်ကားဖြင့် ရရှိပိုင်ဆိုင်နိုင်ခဲ့သည်။ ဇာတ်ကားကောင်းတစ်ကားဖြစ်ရန် တည်းဖြတ်ခြင်းသည် အလွန်အရေးကြီးသလို ရိုက်ကူးပြီးစီးလျှင် တည်းဖြတ်ခြင်းသည် ဇာတ်ကားတစ်ကားလုံးအတွက် အဆိုးအကောင်းကို ဖန်တီးနိုင်သည်။

သော်ဇင်သည် မြင့်မိုရ်ရုပ်ရှင်မှ ဒါရိုက်တာဇေပါ ပုံဖော်ရိုက်ကူးထားသည့် ‘ကောင်းကျိုးကိုယ်၌တည်စေမင်း’ဇာတ်ကားတွင် ဇာတ်ဆောင်တိုင်း၏ စရိုက်နှင့် အပြောအဆို၊ အတိုအရှည်၊ ဇာတ်ဆောင်တစ်ဦး၏ အပြောတွင်အရေးကြီးလျှင် ကြီးသလို အသံကိုနင်းခြင်း၊ ဇာတ်ဆောင်တိုင်း၏ အမူအရာလုပ်ဆောင်မှုများကို အထားအသိုမှန်ကန်ခြင်း၊ အတိုအရှည် မှန်ကန်ခြင်း၊ အပိုအလိုမရှိ ဖြတ်တောက်ခြင်း၊ အခန်းစဉ်တစ်ခုနှင့်တစ်ခု အကူးအပြောင်း အချိတ်အဆက် မှန်ကန်ခြင်း စသည့်အခြေခံသဘောတရားများကို ပိုင်နိုင်ကျွမ်းကျင်စွာ တည်းဖြတ်နိုင်သည့်အတွက် ၂၀၁၄ ခုနှစ်အတွက် တည်းဖြတ်ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆုကို ဇော်မင်း (ဟန်သာမြေ)က ရရှိပိုင်ဆိုင်နိုင်ခဲ့သည်။ **စာမျက်နှာ ၁၁ ကော်လံ ၁သို့❖**

နှလုံးသားဖြင့်ပြုလုပ်သည် ဇာတ်ကားမှ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုရ ဝတ်မှုန်ရွှေရည်အား ဝိုင်းဝန်းဂုဏ်ပြုကြစဉ်။

နှလုံးသားဖြင့်ပြုလုပ်သည် ဇာတ်ကားမှ အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုရ ဇင်ဝိုင်းအား ဝိုင်းဝန်းဂုဏ်ပြုကြစဉ်။

◆ စာမျက်နှာ ၁၀ မှ

သူသည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဒါရိုက်တာ ဟိန်းစိုးရိုက်ကူးသော "ချစ်စံအိမ် ၂၀၂၈" ဇာတ်ကားကို တည်းဖြတ်ရာတွင် ဇာတ်ကားတစ်ကားလုံး အရုပ်အသံ ကိုက်ညီမှုရှိခြင်း၊ အပြန်အလှန်ပြောစကားများကို အသံပိုး ခြင်း၊ အရုပ်ပိုးခြင်းများပြုလုပ်ရာတွင်လည်း ဇာတ်လမ်း မှန်ရေးကို ဦးစားပေးရွေးချယ်တည်းဖြတ်နိုင်ခဲ့သည်။

အထူးသဖြင့် ဤဇာတ်ကားသည် ဖလင်ကို ကိုင်တွယ် တည်းဖြတ်ရခြင်းဖြစ်ရာ အကိုင်အတွယ်သန့်ခြင်း၊ ပိုင်နိုင် ကျွမ်းကျင်စွာ တည်းဖြတ်နိုင်ခြင်း၊ အရုပ်အသံကြည်လင် ပြတ်သားမှုရှိခြင်းတို့ကြောင့် အကဲဖြတ်အမှတ်ပေးစံချိန် စံညွှန်းနှင့် ကိုက်ညီသည့်အတွက် ယခုကဲ့သို့ ၂၀၁၅ ခုနှစ် အတွက် အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆုကို ရရှိခဲ့ခြင်း ဖြစ်သည်။

အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆုဖြင့် ခြောက်ခုမြောက် ရွှေစင်ရုပ်တုကိုပိုင်ဆိုင်ခဲ့သည့် သော်ဇင်သည် ၂၀၀၂ ခုနှစ်တွင် "ငါသူတစ်ပါးယောကျ်ားမိန်းမ"၊ ၂၀၀၄ ခုနှစ်တွင် "လျှို့ဝှက်သောနှင်း"၊ ၂၀၀၆ ခုနှစ်တွင် "မျှော်လင့်ခြင်းများစွာ"၊ ၂၀၀၉ ခုနှစ်တွင် "ကျောက်စက်ရေ"၊ ၂၀၁၂ ခုနှစ်တွင် "ဥ" ဇာတ်ကားများတွင် တည်းဖြတ်ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

ရုပ်ရှင်တည်းဖြတ်ဆုများအတွက် ရုပ်ရှင်တည်းဖြတ် ပညာရှင် ဦးတင်ငြိမ်း၊ ဦးထွန်းကျော်၊ ဦးဒက်ကီ၊ ဦးဆွေသက် တို့က အကဲဖြတ်စိစစ်ရွေးချယ်ပေးခဲ့ကြသည်။

ရုပ်ရှင်ဇာတ်ညွှန်းပညာရှင် ဦးကြည်စိုးထွန်း၊ ဦးငြိမ်းမင်း၊ ဦးမြင့်ဦးဦးမြင့်၊ ဦးမြင့်ဆောင်၊ ဦးမြတ်ဆွေတို့က အကဲဖြတ် ရွေးချယ်ပေးခဲ့ကြသည့် ၂၀၁၄ ခုနှစ် အကောင်းဆုံး ဇာတ်ညွှန်းဆုကို "ကောင်းကျိုးကိုယ်၌တည်စေမင်း" ဇာတ်ကားဖြင့် ဇော်မြင့်ဦးက အကယ်ဒမီရွှေစင်ရုပ်တုကို ပိုင်ဆိုင်ခွင့်ရခဲ့သည်။ သူသည် ၂၀၀၆ ခုနှစ်တွင် "တောင်သမန်သစ္စာ"ဇာတ်ကားဖြင့် ရရှိပိုင်ဆိုင်ခဲ့သူဖြစ်ရာ ယခုဆုသည် ဒုတိယအကြိမ်မြောက် ရရှိခြင်းဖြစ်သည်။

စာမတတ်၊ စာမဖတ်တတ်သူများပပျောက်ရေး ရည်ရွယ်ချက်ကောင်းဖြင့် ယခုခေတ်လုပ်ငန်းရှင်များက အလုပ်သမားများကို အခွင့်အရေးအရယူ ဆုပ်ကိုင်၍ ကုပ်သွေးစုပ်နေခြင်းများကို ဆန့်ကျင်တော်လှန်သည့် ကျေးလက်လူတန်းစားတို့၏ တိုက်ပွဲကို ဖော်ကျူးထား သော မြင့်မိုရ်ဦးရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ် သည့် "ကောင်းကျိုးကိုယ်၌ တည်စေမင်း"ဇာတ်ကားကို ၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံးဇာတ်ကားအဖြစ် ရွေးချယ်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံ ဆုကို "အဆုံးမဲ့အချစ်ဇာတ်ကား"ဖြင့် ကိုတိုးဝင်း ပြည့်စိုး က ရရှိခဲ့သည်။

၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင် ဓာတ်ပုံဆု သည် "ကျူးပစ်၏ကျေးကျွန်များ" ဇာတ်ကားဖြင့် ဇော်မြင့် က ရရှိသွားခဲ့သည်။ ကွယ်လွန်သွားရှာပြီဖြစ်သော ဇော်မြင့် အတွက် အကယ်ဒမီဆုကို သူ၏မိသားစုဝင်များက ဆုတက်ယူပေးခဲ့သည်။

သူသည် လူစွမ်းကောင်းရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာဝိုင်းရိုက်ကူးသော "ကျူးပစ်၏ကျေးကျွန်များ" ဇာတ်ကားတွင် ကင်မရာရှုထောင့်မြင်ကွင်းများကောင်း အောင် အံဝင်ခွင်ကျရိုက်နိုင်ခြင်း၊ အတွင်းခန်း အပြင်များ ရိုက်ကူးရာတွင် ကြည်လင်ပြတ်သားပြီး အရောင်အသွေး ညီမျှမှုရှိခြင်း၊ ဓာတ်ပုံအယူအဆများ သေသပ်ကောင်းမွန် ပြီး ဇာတ်ကောင်စရိုက်လိုက်၍ ပီပြင်ပေါ်လွင်အောင် အမိအရ ရိုက်ချက်များကောင်းမွန်သည့်အတွက် အကဲဖြတ် အဖွဲ့ဝင်များက ၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံး ရုပ်ရှင် ဓာတ်ပုံဆုကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ရုပ်ရှင်ဓာတ်ပုံပညာရှင် ဦးထွန်းလှိုင်၊ ဦးမြင့်သိန်းဖေ၊ ဦးတင်အောင်၊ ဦးအေဝမ်းသိန်းထွဋ်နှင့် ဓာတ်ပုံပညာရှင် ဦးဖေမြင့်ဦး(ဓာတ်ပုံအသင်း)က စိစစ်အကဲဖြတ်ပေးခဲ့ခြင်း ဖြစ်သည်။

အတတ်ပညာရှင်ဆုများ ရွေးချယ်ပေးအပြီးတွင် အနုပညာရှင်ဆုများကို ဆက်လက်ရွေးချယ်ပေးခဲ့ရာ ၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံးဇာတ်ပို့ဆုကို ဝတ်မှုန်ရွှေရည်က "နှလုံးသားဖြင့်ပြုလုပ်သည်" ဇာတ်ကား ဖြင့် အကယ်ဒမီရွှေစင်ရုပ်တုကို ဒုတိယအကြိမ်မြောက် ထပ်မံပိုင်ဆိုင်ခဲ့သည်။

Lucky Seven ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာဝိုင်း ရိုက်ကူးသည့် "နှလုံးသားဖြင့်ပြုလုပ်သည်"ဇာတ်ကားတွင် ဝတ်မှုန်ရွှေရည်သည် မီးမီးရဲနီအဖြစ် သရုပ်ဆောင်ထားပြီး မိခင်၏ချစ်သူဦးသီဟ(ပြေတီဦး)အား စိတ်ဝင်စားပြီး ကလေးဆန်ဆန်ဆက်ဆံပြောဆို သရုပ်ဆောင်ထားသည် မှာ အပျိုရိုင်းမလေးဘဝ သရုပ်ပီပြင်လှသည်။

လွတ်လပ်ပွင့်လင်းစွာပြောဆိုပုံ အလိုလိုက်ခံရသော မိန်းမပျိုအဖြစ် ကြည်လင်သောအသံ၊ ပြောဟန်၊ ဆိုဟန်၊ လှုပ်ရှားဟန်တို့မှာ တစ်မူထူးခြားကောင်းမွန်လှသော သရုပ် တို့ကို အဆင့်ဆင့် သရုပ်မှန်စွာ အနုပညာဂုဏ်မြောက်အောင် သရုပ်ဆောင်နိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ ၂၀၁၄ ခုနှစ် အတွက် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့သရုပ်ဆောင် ဆုကို ရရှိပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

သူသည် ၂၀၁၃ ခုနှစ်တွင် "နင်စေရင်"ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကိုရရှိခဲ့ပြီး ယခု ဆုသည် ဒုတိယအကြိမ်မြောက် အကယ်ဒမီရွှေစင်ရုပ်တုကို ထပ်မံပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးဇာတ်ပို့ အကယ်ဒမီဆုကို တက္ကသိုလ်ဂွမ်းပုံက ရရှိသွားခဲ့သည်။

တက္ကသိုလ်ဂွမ်းပုံသည် ခရေဖြူထုတ်လုပ်ရေးမှ ဒါရိုက်တာကိုဇော်(အရုဏ်ဦး)ရိုက်ကူးသော "ဤအရာကို အချစ်ဟုခေါ်သလား"ဇာတ်ကားတွင် ဂွမ်းစိန်အဖြစ် အပိုအလိုမရှိ ကွက်တိဖြစ်အောင် သရုပ်ဆောင်သွားနိုင်ခဲ့ သည်။ ယခင်ဇာတ်ကားများစွာထဲတွင် ဂွမ်းပုံသည် ပရိသတ်များအား အပျော်အပျက်၊ ပျော်တော်ဆက် အဖြစ် သရုပ်ဆောင်ခဲ့သော်လည်း ယခု ဇာတ်ကားတွင်မူ ဇာတ်လမ်းပါ ဂွမ်းစိန်၏ ဇာတ်ကောင်စရိုက်အတိုင်း ကွက်တိ ကိုက်ညီအောင် သရုပ်ဆောင်နိုင်ခဲ့သည့်အတွက် အကောင်းဆုံး အကယ်ဒမီဇာတ်ပို့ဆုကို ၂၀၁၅ ခုနှစ် အတွက် ပထမဆုံး ရရှိပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ်အတွက် အမျိုးသားဇာတ်ပို့ဆုကို "နှလုံးသားဖြင့်ပြုလုပ်သည့်" ဇာတ်ကားဖြင့် ဦးဇင်ဝိုင်းက ရရှိခဲ့သည်။

သူသည် "နှလုံးသားဖြင့်ပြုလုပ်သည်" ဇာတ်ကားတွင် ခနဂုဏ်မောက်သော ဦးသစ္စာအဖြစ်လည်းကောင်း၊ သမီးကိုချစ်သော ဖခင်၊ သမီးအတွက် အတ္တကြီးသောဖခင်၊ သမီးကို ကောင်းစားစေလိုသော ဖခင်အဖြစ်လည်းကောင်း သရုပ်မှန်ကန်စွာ လုပ်ဆောင်နိုင်ခဲ့သည်။ ထူးခြားသည့် အမူအယာ အဆင့်ဆင့်ကို ပီပြင်ခဲ့ခြား လုပ်ဆောင်နိုင်ခဲ့ သည့်အတွက် ၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသားဇာတ်ပို့ သရုပ်ဆောင်ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

သူသည် ၁၉၉၇ ခုနှစ်တွင် "မြင့်မြတ်နှလုံးသား" ဇာတ်ကားဖြင့် အမျိုးသားဇာတ်ပို့ဆုကို ရရှိခဲ့ပြီး ယခုဆု သည် ဒုတိယအကြိမ်မြောက်ရရှိခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင် ဇာတ်ပို့ဆု ကို ဗေလုဝ က "ဤအရာကို အချစ်ဟုခေါ်သလား" ဇာတ်ကားဖြင့် ရရှိခဲ့သည်။ နယ်တွင် စာပေဟောပြောပွဲ သွားရောက်နေရသည့်အတွက် သူ့မိသားစုဝင်များက ဆုလက်ခံရယူပေးခဲ့သည်။

ဗေလုဝသည် လူရွှင်တော်ဗေလုဝဇာတ်ရုပ် ပျောက်သွား သည်အထိ သရုပ်ဆောင်သွားနိုင်ခဲ့သည်။

မအူမလည်နှင့် မမျှော်လင့်ဘဲ မိန်းမရပြီး ရွာပြန်လာရာမှ မိမိချစ်သူက အထင်လွဲမှားသွားသည်ကို ရှင်းမရဘဲ ခံစား နေရသော ဗေလုဝ၏ သဏ္ဍာန်လုပ်သရုပ်ဆောင်ပုံများမှာ ယခင်သရုပ်ဆောင်ပုံများနှင့်မတူ ခြားနားသောစရိုက်ဖြင့် ပီပီပြင်ပြင် သရုပ်ဆောင်သွားနိုင်ခဲ့သည်။ ယင်းဇာတ်ကား အစမှအဆုံး ဗေလုဝ ပင်ကိုယ်ရုပ်ပျောက်ကာ ဇာတ်ကောင် ဖြစ်သော ကုသသရုပ်မှန်အောင် ဒါရိုက်တာညွှန်ကြားသမျှ အတိအကျအပိုအလိုမရှိ သရုပ်ဆောင်နိုင်ခဲ့သည်ကို တွေ့မြင်ရသည်။ ကိုယ့်ချစ်သူ မင်္ဂလာဆောင်မည့်သတင်း ကြားရပြီး အူကြောင်ကြောင်ဖြင့် ဘာလုပ်ရမည်မသိသော ကုသတစ်ယောက် ဟိုပြေး၊ ဒီပြေးဖြစ်နေပုံမှာ ကရုဏာသက် စရာကောင်းလှသလို သရုပ်ဆောင်မှုအဆင့်တိုင်းတွင် ယခင်ဇာတ်ရုပ်နှင့်မတူ ကွဲပြားအောင် သရုပ်ဆောင်နိုင်ခဲ့ သည့်အတွက် ယခုကဲ့သို့ ၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံး ဇာတ်ပို့ဆုကို ပထမဆုံးအကြိမ် ရရှိပိုင်ဆိုင်နိုင်ခဲ့ခြင်းဖြစ် သည်။

၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံး ဒါရိုက်တာဆုကို "ကျွန်မက နှင်းဆီပါမောင်"ဇာတ်ကားဖြင့် ဒါရိုက်တာဝိုင်းက ရရှိခဲ့သည်။ ဒါရိုက်တာဝိုင်းသည် လူ့လောက လူ့ဘဝမှာ ကံကြမ္မာအလှည့်အပြောင်းကြောင့် ဆင်းရဲ၊ ချမ်းသာ၊ ဝမ်းနည်း၊ ဝမ်းသာ၊ ငိုခြင်း၊ ရယ်ခြင်း စသည့် သင်္ခါရတရား ဆန်းကျယ်ပုံကို အဓိကထားတင်ပြရုံမျှမက လူလူချင်း တစ်ဦးအပေါ်တစ်ဦး အငြိုးအတေး အာဃာတမထားသင့် ကြောင်း သင်ခန်းစာပေးကာ ရည်ရွယ်ချက်ကောင်းဖြင့် ရိုက်ကူးခဲ့ခြင်း၊ ဒါရိုက်တာ၏စိတ်ကူးကောင်းမွန်ခြင်း၊ အသေးစိတ် သိမ်သိမ်မွေ့မွေ့ရိုက်ကူးထားသည့်အပြင် ဆွဲဆောင်မှုအပြည့်ဖြင့် စိတ်ဝင်စားဖွယ်ကောင်းအောင် ရိုက်ကူးတင်ဆက်ပြနိုင်သည်။ အဆိုပါဇာတ်ကားတွင် ပါဝင်သော ဇာတ်ဆောင်၊ ဇာတ်ပို့မှအစ သက်ရှိသက်မဲ့ များပါမကျန် အားလုံးကို အံဝင်ခွင်ကျညွှန်ကြားပြသ ရိုက်ကူး နိုင်ခဲ့သည့်အတွက် ၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံး ဒါရိုက်တာဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

သူသည် ၂၀၁၂ ခုနှစ်တွင် "နင်စေရင်"ဇာတ်ကားဖြင့် အကောင်းဆုံး ဒါရိုက်တာဆုကို ရရှိခဲ့ပြီး ယခုဆုသည် ဒါရိုက်တာဝိုင်းအတွက် ဒုတိယအကြိမ်မြောက် အကယ်ဒမီ ဆုဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✱

ပြေတီဦးနှင့် ဖွေးဖွေးတို့အား မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီ)နှင့်အတူ တွေ့ရစဉ်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုနှင့်အတူ ခိုင်သင်းကြည်အား တွေ့ရစဉ်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုနှင့်အတူ ဝတ်မှုန်ရွှေရည်အား တွေ့ရစဉ်။

"နက္ခတ်များတဲ့တိုက်ပွဲ" ဇာတ်ကားမှ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုရ နေတိုးအား ဝိုင်းဝန်းဂုဏ်ပြုစဉ်။

✱ စာမျက်နှာ ၁၁ မှ

၂၀၁၄ ခုနှစ် ဒါရိုက်တာဆုအတွက် ရုပ်ရှင်အနုပညာရှင် (ဒါရိုက်တာ) ပန်းချီစိုးမိုး၊ ဦးနှင်းမိုး၊ ဦးသက်မောင်မောင်၊ ဦးမျိုးဇော်အောင်၊ ဦးစိုးထိုက်အောင်တို့က အကဲဖြတ်စိစစ် ရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆုကို 'ကောင်းကျိုးကိုယ်၌တည်စေမင်း' ဇာတ်ကားဖြင့် ခိုင်သင်းကြည်က ရရှိခဲ့သည်။

ဤဇာတ်ကားတွင် မဟုတ်မခံ ဆတ်ဆတ်ကြဲ တစ်ခုလတ်တစ်ယောက်အဖြစ် သရုပ်ဆောင်ထားသည့် ဇာတ်ရုပ်နှင့် လွန်စွာ လိုက်ဖက်အောင် သရုပ်ဆောင်နိုင်ခဲ့သည်။ နယ်စပ်တွင် ရောင်းစားခံရပြီးနောက် အခက်အခဲကြားမှ ရွာကို ပြန်လာခဲ့သည်။ နိုင်ငံခြားသား ခတ်သတ္တုရှာဖွေရေး ကျောက်မိုင်းတစ်ခုတွင် ရွာသားများနှင့်အတူ နေ့စားအလုပ်လုပ်ကိုင်ကာ နိုင်ငံခြားသားလုပ်ငန်းရှင်များ၏ အလိုတော်များအား ပြန်လည်တိုက်ခိုက် ပြောဆိုပုံများအပြင် အသံအနိမ့်အမြင့် မှန်ကန်ခြင်း၊ ဝတ်စားဆင်ယင်မှုပုံမှန်ကန်ခြင်း၊ မြန်မာမိန်းကလေး တောနေသဘာဝ စရိုက်ပေါ်လွင်ခြင်း၊ မိမိလုပ်ဖော်ကိုင်ဖက် မိန်းမပျိုတစ်ဦးအား ငွေကြေးပေးပြီး ဖျက်ဆီးခံရ၍ မကျေမနပ် ခံပြင်းသည့်စိတ်ကို ပေါ်လွင်အောင် သရုပ်ဆောင်နိုင်ခဲ့ခြင်းတို့ကြောင့် ၂၀၁၄ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆုကို ရရှိပိုင်ဆိုင်နိုင်ခဲ့ခြင်းဖြစ်သည်။

သူသည် ၂၀၁၃ ခုနှစ်တွင် 'စုန်းပြူး'ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို ရရှိခဲ့ပြီးနောက် ယခုရရှိသည့် အမျိုးသမီးဇာတ်ဆောင်ဆုသည် ဒုတိယအကြိမ်မြောက် ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆုကို 'ကျွန်မကနှင်းဆီပါမောင်' ဇာတ်ကားဖြင့် ဖွေးဖွေးက ရရှိပိုင်ဆိုင်ခဲ့သည်။

သူသည် ထားဝယ်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာဝိုင်း ရိုက်ကူးသော 'ကျွန်မကနှင်းဆီပါမောင်'ဇာတ်ကားတွင် လိုတရ သူဌေးသမီးဘဝမှ ကံကြမ္မာအလှည့်အပြောင်းကြောင့် ဆင်းရဲသွားရှာသော ထားသခင်အဖြစ် မတူညီသော ဘဝကို ဆံပင်၊ မိတ်ကပ်၊ အဝတ်အစားနှင့် မျက်နှာထားပါ ပြောင်းလဲသရုပ်ဆောင်နိုင်ခဲ့သည်။ ဇာတ်ကား၏ အထွတ်အထိပ်အဖြစ် ခွန်းသာအား ကွာရှင်းပေးရန် တောင်းပန်သည့်ဖွေးဖွေး၏ မျက်နှာ၊ သနားစရာကောင်းသော မျက်နှာထားဖြင့် ပြောသွားသည့်စကားများမှာ ရင်နင့်ဖွယ်ရာကောင်းအောင် ခံစားမှုကိုဖြစ်စေခဲ့ပြီး သူ၏ အကောင်းဆုံး၊ ဆွဲဆောင်မှုအရှိဆုံး သရုပ်ဆောင်မှုများပင်ဖြစ်သည်။ ဇာတ်ကားတစ်ကားလုံး ဇာတ်လမ်းပါစရိုက်အလိုက် ထူးခြားစွာသရုပ်ဆောင်နိုင်ခြင်းကြောင့် ယခုကဲ့သို့ ၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကို ရရှိပိုင်ဆိုင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဖွေးဖွေးသည် ၂၀၁၂ ခုနှစ်က 'လက်ပံ'ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို ရရှိခဲ့ပြီးဖြစ်ရာ ယခုဆုသည် ဖွေးဖွေးအတွက် ဒုတိယအကြိမ်မြောက် ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို 'နှလုံးသားဖြင့်ပြုလုပ်သည်'ဇာတ်ကားဖြင့် ပြေတီဦးက ရရှိခဲ့သည်။ သူသည် ၂၀၁၀ ခုနှစ်တွင် 'အာဒံရယ် ဧဝရယ် ဒဿရယ်' ဇာတ်ကားဖြင့် ပထမအကြိမ် အကယ်ဒမီဆုကိုလည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် 'လက်ပံ'ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် 'နင်စေရင်' ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုကိုလည်းကောင်း ရရှိခဲ့ပြီး ယခုထပ်မံရရှိသည့် ဆုသည် သူ့အတွက် စတုတ္ထမြောက် အမျိုးသား ဇာတ်ဆောင်ဆုကို ရရှိပိုင်ဆိုင်နိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို နေတိုးက ရရှိခဲ့သည်။ နေတိုးသည် ၂၀၀၉ ခုနှစ်တွင် 'မိုးညအိပ်မက်မြူ'ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို ရရှိခဲ့ပြီး ယခုထပ်မံရရှိသည့်ဆုသည် ဒုတိယအကြိမ်မြောက် အကယ်ဒမီဆု ဖြစ်သည်။

သူသည် Queen Jewel ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာ ညွန့်မြန်မာညီညီအောင် ရိုက်ကူးသည့် 'နက္ခတ်မှားတဲ့တိုက်ပွဲ' ဇာတ်ကားတွင် သုံးကိုယ်ခွဲကာ လေးဘဝအဖြစ် မတူညီသော ဇာတ်ဆောင်စရိုက်အတိုင်း လိုက်ဖက်ညီအောင် သရုပ်ဆောင်သွားနိုင်သည့်အပြင် စလယ်ဆုံး ဇာတ်လမ်းပါ စရိုက်အလိုက် အဝတ်အစား၊ ဆံပင်မိတ်ကပ်မှအစ သရုပ်ဆောင်ဟန်ပန်အမူအယာများ ပီပီပြင်ပြင် သရုပ်ဆောင်နိုင်ခဲ့သည့်အတွက် ၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

ရုပ်ရှင်သရုပ်ဆောင်ပညာရှင် ဒေါ်မြင့်မြင့်ခင်၊ ဦးဌေးအောင်၊ ဒေါ်ဝါဝါဝင်းရွှေ၊ ဦးလွင်မိုး၊ ဒေါ်ဆွေဇင်ထိုက်၊ ဦးခင်မောင်ချင်း၊ ဒေါ်ချစ်ချစ်ဇော်တို့က အကဲဖြတ်ရွေးချယ်ပေးခဲ့သည်။

ယနေ့သည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကျင်းပသည့် ဒုတိယအကြိမ်မြောက် အကယ်ဒမီပေးပွဲကြီးဖြစ်သည်။ ၁၉၅၂ ခုနှစ်မှစတင်ကာ ကျင်းပခဲ့ပြီး ၆၁ နှစ်အတွင်း အကယ်ဒမီဆုပေါင်း ၃၇၀ ကို ချီးမြှင့်ခဲ့သည်။ ၂၀၁၄၊ ၂၀၁၅ ခုနှစ် နှစ်နှစ်ပေါင်းကျင်းပသည့် ယနေ့ အကယ်ဒမီဆုပေးပွဲကြီးတွင် ထူးချွန်ဆုပေါင်း ၁၈ ဆုကို ရွေးချယ်ပေးအပ်ချီးမြှင့်ခဲ့သည်။

၂၀၁၄ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီ)ရရှိမှု

စဉ်	ဆုအမျိုးအစား	ဆုရရှိသူ	ရုပ်ရှင်ဇာတ်ကားအမည်
၁။	အကောင်းဆုံး ရုပ်ရှင်အသံဆု	ဦးကြည်မင်းသိန်း	မာယာပရောဂျက်
၂။	အကောင်းဆုံး ရုပ်ရှင်တေးဂီတဆု	ဦးခင်မောင်ကြီး	ကောင်းကျိုးကိုယ်၌တည်စေမင်း
၃။	အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆု	သော်ဇင်	ကောင်းကျိုးကိုယ်၌တည်စေမင်း
၄။	အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆု	ဦးဇော်မြင့်ဦး	ကောင်းကျိုးကိုယ်၌တည်စေမင်း
၅။	အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆု	တိုးဝင်းပြည့်စုံ	အဆုံးမဲ့အချစ်
၆။	အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု	ဝတ်မှုန်ရွှေရည်	နှလုံးသားဖြင့်ပြုလုပ်သည်
၇။	အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆု	ဇင်ဝိုင်း	နှလုံးသားဖြင့်ပြုလုပ်သည်
၈။	အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆု	မြင့်မိုရ်ရုပ်ရှင်ထုတ်လုပ်ရေး	ကောင်းကျိုးကိုယ်၌တည်စေမင်း
၉။	အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု	ခိုင်သင်းကြည်	ကောင်းကျိုးကိုယ်၌တည်စေမင်း
၁၀။	အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု	ပြေတီဦး	နှလုံးသားဖြင့်ပြုလုပ်သည်

၂၀၁၅ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီ)ရရှိမှု

စဉ်	ဆုအမျိုးအစား	ဆုရရှိသူ	ရုပ်ရှင်ဇာတ်ကားအမည်
၁။	အကောင်းဆုံးရုပ်ရှင်တေးဂီတဆု	ဦးလှဆန်းဦး	မောင့်အိမ်သူ
၂။	အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆု	ဦးဇော်မင်း(ဟံသာမြေ)	ချစ်စံအိမ် ၂၀၂၈
၃။	အကောင်းဆုံးရုပ်ရှင် ဓာတ်ပုံဆု	ဇော်မြင့်	ကျူးပစ်ရဲ့ ကျေးကျွန်များ
၄။	အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု	တက္ကသိုလ်ဂွမ်းပုံ	ဤအရာကို အချစ်ဟု ခေါ်သလား
၅။	အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆု	ဗေလုဝ	ဤအရာကို အချစ်ဟု ခေါ်သလား
၆။	အကောင်းဆုံး ဒါရိုက်တာဆု	ဒါရိုက်တာ ဝိုင်း	ကျွန်မက နှင်းဆီပါမောင်
၇။	အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆု	ဖွေးဖွေး	ကျွန်မက နှင်းဆီပါမောင်
၈။	အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု	နေတိုး	နက္ခတ်မှားတဲ့တိုက်ပွဲ

၂၀၁၄၊ ၂၀၁၅ ခုနှစ် နှစ်နှစ်ပေါင်းကျင်းပသည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော အနုပညာရှင်များ၏ ပွဲတက်ဝတ်စုံအလှများကို တွေ့ရစဉ်။ (သတင်းစဉ်)

လူငယ်မျိုးဆက်သစ်ကစားသမားရှားပါးလာမှုရဲ့ နောက်ဆက်တွဲဒုက္ခခံနေရပြီဖြစ်တဲ့ နယ်သာလန်အသင်း

မေလှဲ့သင်း

လိမ္မော်ရောင်တွေလို့ တင်စားခံရတဲ့ နယ်သာလန် လက်ရွေးစင်အသင်းက ယူရို-၂၀၁၆ ပြိုင်ပွဲအတွက် ခြေစစ်ပွဲမအောင်ခဲ့တာကြောင့် ၂၀၁၈ ကမ္ဘာ့ဖလား ဝင်ခွင့် တစ်နေရာအတွက် ဖိအားတွေတိုးနေခဲ့ပါပြီ။ နည်းပြ ဒန်နီဘလိုင်းကတော့ လက်ရှိနယ်သာလန်အသင်းအနေနဲ့ အင်္ဂလန်အသင်းလို လူငယ်ကစားသမားတွေ မွေးထုတ်ဖို့ လိုအပ်နေပြီး အင်္ဂလန်အသင်းဟာ လွန်ခဲ့တဲ့ ရှစ်နှစ်လောက်က ဂျာမနီအသင်းလုပ်ဆောင်ခဲ့တဲ့ ပုံစံအတိုင်း အောင်အောင်မြင်မြင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပြီလို့ သူ့အမြင်ကိုပြောပါတယ်။ အင်္ဂလန်အသင်းမှာ ဟယ်ရီကိန်း၊ ဒယ်လီအယ်လီ၊ အဲရစ်ဒိုင်ယာ၊ ကလိုင်းတို့လို လူငယ်ကစားသမားတွေအများအပြား ထွက်ပေါ်လာပြီး ကစားသမားအများစုဟာ အသက်၂၄ နှစ်မှ ၂၈ နှစ်ကြား ဖြစ်နေတာကလည်း အင်္ဂလန်အသင်းအတွက် အားသာချက်တစ်ခုပါ။

ဒါပေမယ့် နယ်သာလန်မှာ တောက်ပတဲ့မျိုးဆက်သစ်ကစားသမားဆိုလို့ ဒီပိုင်း(၂၂နှစ်)၊ ဘတ်ဇိုဝါ (၁၉ နှစ်)၊ ဝီလံစ်(၂၁နှစ်)တို့ သုံးဦးပဲရှိနေပြီး ဒီလူငယ်တွေရဲ့ အင်အားနဲ့ နောက်နှစ်နှစ်မှာ ကျင်းပမယ့် ကမ္ဘာ့ဖလားကို ဝင်ခွင့်ရအောင် စွမ်းနိုင်ပါ့မလားဆိုတာ အခုထိ အဖြေမရှိသေးပါဘူး။ ဘလိုင်းကတော့ လောလောဆယ် နယ်သာလန်ကြုံတွေ့နေတဲ့ ပြဿနာဟာ ဆယ်စုနှစ်တစ်ခုအတွင်း အဖြေရှာရင်ရနိုင်ပြီး အင်္ဂလန်နည်းပြ ရွိုင်းဟော့ဂ်ဆန်ကျင့်သုံးတဲ့နည်းက အကောင်းဆုံးနည်းလမ်းတွေထဲက တစ်ခုလို့ ဆိုပါတယ်။

လက်ရှိ နယ်သာလန်ရဲ့ အခြေအနေကတော့ အင်္ဂလန်နဲ့ ဆန့်ကျင်ဘက်ဖြစ်နေခဲ့ပြီး အာဂျန်ရော်ဘင်၊ ဝက်စ်လေရှနိုက်ဒါ၊ ဟန်တဲလား၊ ဒီဂျောင်၊ ဗန်ပါစီတို့ အကောင်းဆုံးအချိန်တွေ ကျော်လွန်သွားခဲ့မှုဟာ အသင်းကို အကျဘက်ရောက်ရှိသွားစေခဲ့တဲ့ အဓိကအကြောင်းအရင်းတစ်ရပ်လို့ သုံးသပ်ရမှာပါ။ နယ်သာလန်က ယူရို-၂၀၀၄ ပြိုင်ပွဲမှာ အကြိုဗိုလ်လုပွဲအဆင့်၊ ၂၀၁၀ ကမ္ဘာ့ဖလားမှာ ဒုတိယ၊ ၂၀၁၄ ကမ္ဘာ့ဖလား အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ပေမယ့် နယ်သာလန်ရဲ့ကစားအားအကောင်းဆုံးအချိန်က ၂၀၀၄ခုနှစ်ကနေ ၂၀၁၀ ခုနှစ်ကြား ကာလတွေပဲဖြစ်ပါတယ်။

နယ်သာလန်ဟာ ၂၀၀၆ ကမ္ဘာ့ဖလား ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်မှာ ပေါ်တူဂီကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ပြီး ပြိုင်ပွဲက ထွက်ခွာခဲ့ရပေမယ့် ခြေစွမ်းပိုင်းမှာ ပေါ်တူဂီကို သာလွန်ခဲ့ကာ ကံမကောင်းလို့သာ ရှုံးနိမ့်ပြီး ပြိုင်ပွဲက ထွက်ခဲ့ရတာပါ။ အဲဒီတုန်းက အဝါကတ် ၁၆ ကတ်ထိနဲ့ အနီကတ်လေးကတ် ဖြစ်ခဲ့တဲ့ပွဲဟာ ကမ္ဘာ့ဖလားသမိုင်းမှာ မှတ်တမ်းသစ်ဖြစ်ခဲ့တာကိုလည်း ဘောလုံးပရိသတ်တွေ အမှတ်ရဦးမယ်ထင် ပါတယ်။ နယ်သာလန်ဟာ ယူရို-၂၀၀၈ မှာ မရဏအုပ်စုလို့ သတ်မှတ်တဲ့ ပြင်သစ်၊ အီတလီ၊ ရိုမေးနီးယားတို့နဲ့ အတူကျရောက်ခဲ့ပေမယ့်လည်း ပွဲစဉ်တိုင်းအနိုင်ကစားပြီး ကွာတားအဆင့်ကို တက်ရောက်နိုင်ခဲ့ပေမယ့်သူတို့ဟာ "မြင်းကောင်းခွာလိပ်"လို့ သတ်မှတ်ရမလို ရုရှားအသင်းကိုရှုံးပြီး ပြိုင်ပွဲကနေ ထွက်ခဲ့ရပြန်ပါတယ်။ နယ်သာလန် အသင်းဟာ နောက်ဆုံးကျင်းပခဲ့တဲ့ ကမ္ဘာ့ဖလားနှစ်ကြိမ်မှာ အနိမ့်ဆုံးအဆင့်အနေနဲ့ အကြိုဗိုလ်လုပွဲအဆင့်ထိ တက်ရောက်နိုင်ခဲ့ပြီး ဥရောပအသင်းတွေထဲမှာ စပိန်၊ ဂျာမနီ ပြီးရင် အောင်မြင်မှုအရှာဖွေနိုင်ဆုံးအသင်းအဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်။

ဒါပေမယ့် သူတို့ဟာ စိုက်ပျိုးထားတဲ့ အသီးအပွင့်တွေကို ဆယ်စုနှစ်တစ်ခုလောက် စားသုံးပြီးနောက် ရှိရင်းစွဲအင်အားတွေမှာ သွေးသစ်အချိန်မီ ပြန်လောင်းဖို့ ပျက်ကွက်ခဲ့လို့ အခုလိုနောက်ဆက်တွဲ ဒဏ်တွေခံနေရတာ ဖြစ်ပါတယ်။

အရင်က လူငယ်ကစားသမားတွေဖြစ်တဲ့ ရှနိုက်ဒါ၊ ဗန်ပါစီ၊ ရော်ဘင်၊ ဟန်တဲလားတို့အားနဲ့ ဥရောပမှာရော ကမ္ဘာမှာပါ ပရိသတ်တွေသတိထားစောင့်ကြည့်နေရတဲ့အသင်းဖြစ်ခဲ့ပေမယ့် ဒီနှစ်ပြိုင်ပွဲဝင်အင်အား ၂၄ သင်းအထိ တိုးချဲ့လိုက်တဲ့ ယူရိုဖလားမှာတောင် ခြေစစ်ပွဲ မအောင်တော့တာကတော့ နယ်သာလန်အသင်းရဲ့ ကျဆင်းလာမှုကို ရုပ်လုံးပေါ်လာစေပါတယ်။ ဒါကြောင့် နယ်သာလန်ပထမတန်းလိဂ် အီရာဒီဗီရှီ အနေနဲ့ ပရီမီယာလိဂ် လျှောက်လှမ်းခဲ့တဲ့ လမ်းစဉ်အတိုင်းလုပ်ဖို့ လိုနေပြီလို့ ဘလိုင်းက သုံးသပ်ပါတယ်။

သူက "ပရီမီယာလိဂ်ဟာ ကစားသမားကောင်းတွေနဲ့ လည်ပတ်နေပေမယ့် အများစုက နိုင်ငံခြားသားကစားသမားတွေဖြစ်ပါတယ်။ နောက်တော့ ပြည်တွင်းအခြေစိုက် ကစားသမားတွေကိုနေရာပေးပြီး အတွေ့အကြုံရယူစေခဲ့ပါတယ်။ အခုတော့ ဒီလိုလုပ်ဆောင်မှုက ရုပ်လုံးပေါ်လာပြီး အင်္ဂလန်ဟာ အင်အားတောင့်တင်းတဲ့ အသင်းဖြစ်လာပါပြီ" လို့ ဆိုပါတယ်။

တကယ်တော့ ဘောလုံးကစားနည်းနဲ့ ဘောလုံးကစားသမားတွေဟာ ဈေးကွက်ရဲ့ တောင်းဆိုချက်အရ သာမန်အားကစားနည်းတစ်ခုဆိုတဲ့ အဓိပ္ပာယ်ထက် ပိုလာခဲ့ပြီး နိုင်ငံရဲ့ စီးပွားရေးကိုပါ သိသိသာသာအကျိုးပြုလာနိုင်ခဲ့ပါတယ်။ကစားသမားတစ်ဦးရဲ့ တစ်ပတ်ဝင်ငွေဟာ ကမ္ဘာမှာ ကြေးအမြင့်ဆုံး ပရော်ဖက်ရှင်နယ် အလုပ်တွေဖြစ်တဲ့ ရှေ့နေ၊ ဆရာဝန်တို့ရဲ့ တစ်နှစ်ဝင်ငွေထက်တောင် နှစ်ဆခန့် ပိုပါသေးတယ်။

အရင်က ဥရောပရဲ့ ကြီးခြောက်ကြီးအဖြစ် ပြင်သစ်၊ အင်္ဂလန်၊ စပိန်၊ အီတလီ၊ ဂျာမနီနဲ့ နယ်သာလန်တို့ကိုသတ်မှတ်ခဲ့ပေမယ့် အခုအချိန်မှာတော့ အီတလီနဲ့ နယ်သာလန်အသင်းတို့ဟာ ဘောလုံးမျိုးဆက်ပြတ်မှု ပြဿနာရင်ဆိုင်နေရပါပြီ။ ဒါ့ကြောင့် ဘောလုံးလောကရဲ့ ဖွံ့ဖြိုးမှုဟာ နိုင်ငံရဲ့ စီးပွားရေးကို များစွာအထောက်အကူပြုတာကြောင့် နယ်သာလန်အနေနဲ့ စပိန်၊ ဂျာမနီ၊ အင်္ဂလန်နဲ့ ပြင်သစ်တို့ရဲ့ လမ်းစဉ်အတိုင်း လူငယ်ဘောလုံးအကယ်ဒမီတွေကို ပိုမိုအားထည့် ပျိုးထောင်ဖို့ လိုအပ်နေပြီလို့ သုံးသပ်ရပါတယ်။

ဂျူဗင်တပ်နည်းပြအဖြစ် ဆက်ရှိနေဖို့ ဆန္ဒပြင်းပြနေတဲ့ အယ်လ်လီဂရီ

အသက်(၄၈)နှစ်အရွယ်ရှိ နည်းပြအယ်လ်လီဂရီဟာ လာမယ့်ဘောလုံးရာသီမှာလည်း ဂျူဗင်တပ်အသင်းနည်းပြအဖြစ်နဲ့ ဆက်ရှိနေဖို့ ဆန္ဒပြင်းပြနေပြီး လက်ရှိအချိန်အထိတော့ စာချုပ်သစ်မချုပ်ရသေးဘူးလို့ ဆိုပါတယ်။

ဂျူဗင်တပ်အသင်းဟာ မေ ၂ ရက်မှ ကစားခဲ့တဲ့ စီးရီးအေပွဲစဉ်(၃၁)မှာ အမ်ပိုလီအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်မှာ ရမှတ် ၇၃ မှတ်နဲ့ ဆက်လက်ဦးဆောင်နိုင်ခဲ့ပါတယ်။ အဲဒီပွဲစဉ်မှာ ဂျူဗင်တပ်အသင်းအတွက် သွင်းဂိုးကို မန်ဇူကစ်က သွင်းယူခဲ့တာပါ။

အဲဒီလိုရလဒ်ပိုင်းကောင်းမွန်မှုတွေနဲ့အတူ ဂျူဗင်တပ်အသင်းမှာ ဆက်နေဖို့ နည်းပြအယ်လ်လီဂရီအနေနဲ့ ဆုံးဖြတ်ခဲ့တာဖြစ်ပြီး ဂျူဗင်တပ်အသင်းမှာ ဆက်ရှိဖို့ မကြာမီကာလအတွင်းမှာ စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုသွားမယ်ဆိုတာလည်း နည်းပြအယ်လ်လီဂရီက ဆိုခဲ့ပါတယ်။ **(ငွေကြယ်)**

ဘာစီလိုနာရဲ့ ၃၉ ပွဲဆက်ရှုံးပွဲမရှိစံချိန်ကို ရပ်တန့်စေခဲ့တဲ့ ရီးယဲလ်မက်ဒရစ်

စပိန်လာလီဂါထိပ်တန်းအဆင့်ရှိအသင်းကြီးနှစ်သင်းဖြစ်တဲ့ ဘာစီလိုနာအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ရဲ့ လာလီဂါပွဲစဉ်(၃၁)မှာတော့ ဧည့်သည်အဖြစ်လာရောက်ကစားရတဲ့ ရီးယဲလ်မက်ဒရစ်အသင်းက အိမ်ရှင်ဘာစီလိုနာအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ဘာစီလိုနာအသင်းရဲ့ ၃၉ ပွဲဆက်ရှုံးပွဲမရှိစံချိန်ကို ရပ်တန့်သွားစေခဲ့ပါပြီ။

အဲဒီပွဲစဉ်မှာ ပွဲကစားချိန် ၅၆ မိနစ်မှာ နောက်ခံလူပီကေးရဲ့ သွင်းဂိုးနဲ့အတူ ဘာစီလိုနာအသင်း ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် ဦးဆောင်ဂိုးသွင်းပြီး ခြောက်မိနစ်အကြာ ပွဲကစားချိန် ၆၂ မိနစ်မှာ ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ဘင်ဇီမာရဲ့ ချေပဂိုးသွင်းယူမှုကို အိမ်ရှင်ဘာစီလိုနာအသင်း ခွင့်ပြုပေးလိုက်ရပါတယ်။

အဲဒီနောက်ပိုင်း ပွဲကစားချိန်တွေမှာ ပွဲဟာ ပိုမိုအကြိတ်အနယ်ရှိလာခဲ့ပြီး ပွဲကစားချိန် ၈၃ မိနစ်မှာတော့ ရီးယဲလ်မက်ဒရစ်အသင်းခေါင်းဆောင် နောက်ခံလူ ရာမို့စ်ကစားပုံကြမ်းတမ်းခဲ့တာကြောင့် နှစ်ဝါ၊ တစ်နီနဲ့ ထုတ်ပယ်ခံလိုက်ရပါတယ်။ ရာမို့စ်ထုတ်ပယ်ခံလိုက်ရတဲ့ ရီးယဲလ်မက်ဒရစ်အသင်းဟာ ကစားသမားတစ်ယောက်လျော့နဲ့ ကစားခဲ့ရပေမယ့် ပွဲကစားချိန် ၈၅ မိနစ်မှာ တိုက်စစ်မှူး စီရိုနယ်လ်ဒိုရဲ့သွင်းဂိုးရရှိခဲ့တာကြောင့် ရီးယဲလ်မက်ဒရစ်အသင်းက ဘာစီလိုနာအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အိမ်ရှင်အဖြစ်ယှဉ်ပြိုင်ကစားခဲ့ရတဲ့ ဘာစီလိုနာအသင်းဟာ ဘောလုံးပိုင်ဆိုင်မှု ၆၈ ရာခိုင်နှုန်းအထိရှိခဲ့ပေမယ့် အဆုံးသတ်ပိုင်းအားနည်းချက်တွေကြောင့် ဘောလုံးပိုင်ဆိုင်မှု ၃၂ ရာခိုင်နှုန်းသာရှိခဲ့တဲ့ ရီးယဲလ်မက်ဒရစ်အသင်းကို ရှုံးနိမ့်ခဲ့တာလည်း ဖြစ်ပါတယ်။ တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ပွဲစဉ်(၃၁)မှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့တာကြောင့် လက်ရှိတွင် စပိန်လာလီဂါပြိုင်ပွဲ၏ ဂိုးသွင်းအများဆုံးကစားသမားစာရင်းတွင် သွင်းဂိုး ၂၉ ဂိုးနဲ့ ဂိုးသွင်း အများဆုံးကစားသမားအဖြစ် ရပ်တည်နေပြီး ဆွာရက်ဇ်က ၂၆ ဂိုးနဲ့ ဒုတိယ၊ မက်ဆီက ၂၂ ဂိုးနဲ့ တတိယ၊ ဘင်ဇီမာ က ၂၁ ဂိုးနဲ့ စတုတ္ထ၊ နေမာက ၂၁ ဂိုးနဲ့ ပဥ္စမ စသဖြင့် အသီးသီးရပ်တည်နေကြပါတယ်။ ဘာစီလိုနာအသင်းဟာ အခုပွဲရှုံးနိမ့်ခဲ့ပေမယ့် အမှတ်ပေးဇယားထိပ်မှာ ရမှတ် ၇၆ မှတ်နဲ့ ဦးဆောင်နေဆဲဖြစ်ပါတယ်။ ဘာစီလိုနာအသင်းဟာ အမှတ်ပေးဇယားဒုတိယနေရာက အက်သလက်တီကိုမက်ဒရစ်အသင်းကို ခြောက်မှတ်ဖြတ်ထားနိုင်ခဲ့သလို ရီးယဲလ်မက်ဒရစ်အသင်းကိုလည်း ခုနစ်မှတ်ဖြတ်ထားနိုင်ဆဲဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ အခုပွဲစဉ်ကစားပြီးတဲ့နောက် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ် ပထမအကျော့အဖြစ် အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ ဧပြီ ၅ ရက်မှာ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ အဲဒီပွဲစဉ်ပြီးချိန်မှာတော့ လာလီဂါပွဲစဉ်အဖြစ် ရီးယဲလ်ဆိုစီဒက်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်တယ်။

ရီးယဲလ်မက်ဒရစ်အသင်းကတော့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ် ပထမအကျော့အဖြစ် ဂျာမန်ဘွန်ဒက် လီဂါကလပ် ဝုလ်ဖ်ဘတ်အသင်းနဲ့ ဧပြီ ၆ ရက်မှာ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ အဲဒီပွဲစဉ်ပြီး သုံးရက်အကြာမှာတော့ အီဘားအသင်းနဲ့ လာလီဂါပွဲစဉ်(၃၂)ကို ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ **(ငွေကြယ်)**



ရီးယဲလ်မက်ဒရစ်ရဲ့ အနိုင်ရလဒ်အတွက် အင်မတန်ဂုဏ်ယူမိကြောင်း ဇီဒန်းဆို

ရီးယဲလ်မက်ဒရစ်နည်းပြ ဇီဒန်းက သူ၏ နည်းပြဘဝ ပထမဦးဆုံးကိုင်တွယ်ခွင့်ရသည့် အယ်လ်ဂလက်စီကို ပွဲစဉ်ကို အနိုင်ရအောင် ကိုင်တွယ်နိုင်ခဲ့သည့်အတွက် အင်မတန်ဂုဏ်ယူမိကြောင်းဆိုလိုက်သည်။ ယင်းနိုင်ပွဲက ဘာစီလိုနာ၏ လာလီဂါ၂၃ ပွဲဆက်ရှုံးပွဲမရှိစံချိန်ကို ကျိုးပျက်သွားစေခဲ့သည်။ ဘာစီလိုနာအသင်းသည် ပြီးခဲ့သည့်နိုဝင်ဘာလအတွင်း ဆီဗီလာအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း ရှုံးပွဲမရှိခဲ့သေးပေ။

ရီးယဲလ်မက်ဒရစ်အသင်းသည် ပွဲကစားချိန် ၈၃မိနစ်တွင် နောက်ခံလူ ရာမို့စ် နှစ်ဝါ၊တစ်နီဖြင့် ထုတ်ပယ်ခံရသော်လည်း ၁၀ ဦးကျန် ရီးယဲလ်မက်ဒရစ်အသင်းက ဆက်တိုက်ဆိုသလို ဖိကစားကာ စီရိုနယ်လ်ဒိုက ရီးယဲလ်အတွက် အဖိုးတန်အနိုင်ဂိုးကို ပွဲချိန် ၈၅ မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

"ကျွန်တော့် ကစားသမားတွေရဲ့ စွမ်းဆောင်ရည်အတွက် ဂုဏ်ယူရပါတယ်။ ခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပေမယ့် အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့တဲ့အတွက် ပိုပြီးကျေနပ်စရာဖြစ်ခဲ့ပါတယ်။ ကျွန်တော့်အသင်းဟာ တိုက်စစ်၊ ခံစစ်အားလုံးကို မျှမျှတတ ကစားနိုင်ခဲ့ပြီး ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့တယ်" ဟု ဇီဒန်းက ဆိုသည်။ ယင်းပွဲစဉ်မတိုင်မီကပင် ဇီဒန်းက ရီးယဲလ်မက်ဒရစ်အသင်း၏ လက်ကျန်လာလီဂါဖလားမျှော်လင့်ချက်အတွက်အယ်လ်ဂလက်စီကို ပွဲစဉ်ကို အနိုင်ကစားရန်လိုအပ်ကြောင်း ရီးယဲလ်ကစားသမားများကို စိတ်ဓာတ်မြှင့်တင်မှု ပြုလုပ်ပေးခဲ့ရာ ခက်ခဲသည့် ပြိုင်ဘက်အသင်းကို အဝေးကွင်းမှာပင် အနိုင်ကစားနိုင်ခဲ့သည်။ ပွဲအပြီးတွင် ဇီဒန်းက ရီးယဲလ်အသင်း လာလီဂါ ချန်ပီယံဖြစ်နိုင်မည်ဆိုသည်လားမေးခွန်းအား ဖြေကြားခြင်းမရှိသော်လည်း ယခုနှစ်ဘောလုံးရာသီ၏ အဓိကပစ်မှတ်မှာ ချန်ပီယံလိဂ်ဖလားသာ လျှင်ဖြစ်ကြောင်း ဆိုလိုက်သည်။ **(မေလှဲ့သင်း)**

ကော့သောင်းမြို့ ငါးသုံးလုံးတောင်ကြောတစ်လျှောက် တောမီးလောင်မှုဖြစ်ပွား

ကော့သောင်း ဧပြီ ၃

ကော့သောင်းမြို့ ငါးသုံးလုံးတောင်ကြောတစ်လျှောက်တွင် ဧပြီ ၂ ရက် ညနေပိုင်းက တောမီးလောင်ကျွမ်းမှု ဖြစ်ပွားကြောင်း သိရသည်။

တောမီးလောင်ကျွမ်းသည့်နေရာသည် ကျေးရွာပြည်သူများ နေအိမ်နှင့် အလှမ်းကွာဝေးသော်လည်း တောင်ကြောတစ်လျှောက် အချို့နေရာများတွင် ဘုန်းတော်ကြီးကျောင်းများ၊ GSM ဖုန်းတာဝါတိုင်များ၊ ဉယျာဉ်ခြံမြေအတွင်း လူနေအိမ်တချို့ နှစ်ရှည်သီးပင်ဉယျာဉ်ခြံမြေများ စိုက်ပျိုးထားရာ နေရာတချို့ရှိကြောင်း သိရသည်။ အလေ့ကျပေါက်ရောက်နေသည့် သက်ငယ်တောများဖြစ်ရာ ပူပြင်းသည့်နွေရာသီဖြစ်သဖြင့် ခြောက်သွေ့နေသည့် သက်ငယ်တောများအတွင်းမှ စတင်ကာ စည်းကမ်းမဲ့ပြည်သူတချို့ကြောင့် ညနေ ၅ နာရီခန့်က တောမီးစတင်လောင်ကျွမ်းခြင်းဖြစ်သည်။

မီးစတင်လောင်ကျွမ်းစဉ် လေပြင်းများတိုက်ခတ်နေချိန်ဖြစ်၍ မီးလောင်မှုပြင်းထန်သဖြင့် တောင်ကြောပတ်လည်ရှိ ပိတောက်ရွှေဝါရပ်ကွက်၊ အောင်သုခ ရပ်ကွက်နှင့် အေးမြကန်သာရပ်ကွက်ပြည်သူများ၏ အိုးအိမ်များသို့ မီးကူးစက်လောင်ကျွမ်းမှုမဖြစ်ပေါ်ရေး ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ပေါင်းစုံမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ဝိုင်းဝန်းငြှိမ်းသတ်ကြရာ ဧပြီ ၃ ရက် နံနက် ၁ နာရီခန့်တွင် မီးငြှိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ တောမီးလောင်ကျွမ်းမှုဖြစ်စဉ်တွင် ရပ်ကွက်ပြည်သူ အိုးအိမ်များသို့ ကူးစက်လောင်ကျွမ်းမှုမရှိသော်လည်း တောင်ကြောတစ်လျှောက် နှစ်ရှည်သီးနှံပင် စိုက်ပျိုးထားသည့် ဉယျာဉ်ခြံမြေများ တောမီးကူးစက်လောင်ကျွမ်း ဆုံးရှုံးမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း- IPRD)

သထုံတွင် လိုင်စင်မဲ့မော်တော်ယာဉ်များ အချိန်ပြည့်ဖမ်းဆီးနေပြီး လိုအပ်ပါက အရှိန်မြှင့်ဖမ်းဆီးမည်ဟုဆို

သထုံ ဧပြီ ၃

မွန်ပြည်နယ် သထုံမြို့နယ်တွင် လိုင်စင်မဲ့မော်တော်ယာဉ်များကို အချိန်ပြည့်စောင့်ကြည့် ဖမ်းဆီးလျက်ရှိပြီး လိုအပ်ပါက ဖမ်းဆီးမှုကို အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကာ မြန်မာတစ်နိုင်ငံလုံး၌ သထုံတွင် လိုင်စင်မဲ့မော်တော်ယာဉ်ဖမ်းဆီးမှု အများဆုံးဖြစ်ကြောင်း သထုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်း၏ ပြောကြားချက်အရ သိရသည်။

"လိုင်စင်မဲ့မော်တော်ယာဉ်အများစုက မြဝတီဘက်က ဝင်လာတာများတယ်။ အမြဲစောင့်ကြည့်ပြီး ပိတ်ဖမ်းတာတွေလုပ်နေပါတယ်။ လိုင်စင်မဲ့ယာဉ်တွေကို အစကတည်းက သထုံမှာ စီးခွင့်မပြုထားဘူး။ တစ်နိုင်ငံလုံးမှာဆို သထုံက ဖမ်းဆီးမှုအများဆုံးပါ" ဟု မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြောသည်။

လိုင်စင်မဲ့မော်တော်ယာဉ်များဖြင့် စည်းကမ်းမဲ့ မောင်းနှင်မှုများကြောင့် ယာဉ်တိုက်မှုများ တိုးပွားလာသည့်အတွက် အချိန်ပြည့်ဖမ်းဆီးမှုများဆောင်ရွက်နေကာ လိုအပ်ပါက တိုးမြှင့်ဖမ်းဆီးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ဖမ်းမယ်ဆိုရင် အားလုံးကိုတစ်ပြေးညီဖမ်းဖို့လိုပါတယ်။ ဒီမှာဆို အဖွဲ့အစည်းတချို့ရဲ့ အမည်ကိုသုံးပြီး တရားမဝင်တင်သွင်းနေတာတွေလည်းရှိနေတယ်။ ဒါတွေကိုလည်း အသေအချာ ကြပ်မတ်စေချင်ပါတယ်။ လိုင်စင်မဲ့ဖြစ်တော့ ကားတွေက ဈေးပေါတယ်။ ဒါကြောင့် ထင်သလိုမောင်းတယ်။ ယာဉ်တိုက်ရင် တိုက်သူကိုရှာမတွေ့ဘူး" ဟု ခရီးသည်တင်ယာဉ်မောင်း တစ်ဦးက ပြောသည်။

သထုံမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ယာဉ်များကို ဇန်နဝါရီလတွင် အစီး ၂၀၊ ဖေဖော်ဝါရီလတွင် ခုနစ်စီး၊ မတ်လတွင် ၁၀ စီး စုစုပေါင်း သုံးလအတွင်း လိုင်စင်မဲ့မော်တော်ယာဉ် ၃၇ စီးကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး ၎င်းတို့တွင် Hijet သုံးစီး၊ ALPHARD တစ်စီး၊ Caldina သုံးစီး၊ CHARIOT တစ်စီး၊ VOXY နှစ်စီး၊ Pajero io တစ်စီး၊ VIGO တစ်စီး၊ EDIX နှစ်စီး၊ Toyota Wish တစ်စီး၊ Airwave တစ်စီး၊ Hondafit ရှစ်စီး၊ Lafesta တစ်စီး၊ SURF နှစ်စီး၊ Mark ll နှစ်စီး၊ Mitsubishi GD ၁၂ စီး၊ CRV သုံးစီး၊ Probox တစ်စီး၊ ODYSSEY တစ်စီးနှင့် Life Ace တစ်စီးပါဝင်ကြောင်း သထုံမြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် မှုခင်းများအနက် ယာဉ်မတော်တဆမှု ဖြစ်ပွားခြင်းမှာ အများဆုံးဖြစ်ပြီး လူသေဆုံးမှုလည်း အများဆုံးဖြစ်ကြောင်း သထုံမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

သက်ဦး(သထုံ)

စိတ်ကြွဆေးပြားများ ဖမ်းမိ

နေပြည်တော် ဧပြီ ၃

မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များသည် မတ် ၂၆ ရက်က နောင်ချိုမြို့အဝင် မိုင်တိုင်အမှတ် (၈၀/၄)တွင် နေဝင်း မောင်းနှင်ပြီး မဖောမေ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာစိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ ဖမ်းဆီးရမိခဲ့ပြီး မတ် ၃၁ ရက်က လှိုင်လင်မြို့နယ် လှိုင်လင်- နမ့်စန်သွား ကားလမ်း ပန်ခေါက်ပိုးဘုန်းကြီးကျောင်းရှေ့တွင် ဇော်မင်းဦး မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀ ကို ဖမ်းဆီးရမိခဲ့သည်။ **(သတင်းစဉ်)**

ထိမ်းမြားမင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဒေါက်တာလှရွှေ(ဆေးရုံအုပ်ကြီး-ငြိမ်း)-(ဒေါ်စိန်စိန်)၊
ဦးတင်ကွန့်-ဒေါ်စောကြည်(မိုးဆောက်လုပ်ရေး)တို့၏မြေး၊
ဗိုလ်မှူးချုပ်အောင်နိုင်(ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ကြည်း၊ ရေ၊ လေ စစ်သံမှူး-ငြိမ်း)-
ဒေါ်မေသန်းဦးတို့၏ တစ်ဦးတည်းသောသား

မောင်နိုင်လင်း

Diploma in Electronics,Computer and Communications Engineering
(Nanyang Polytechnics)
Bachelor of Science, Management With International Business
(Royal Holloway, University of London)

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ
ဦးတင့်လွင်-ဒေါက်တာသင်းသင်းခိုင်တို့၏သမီးထွေး

မနှင်းအိအိခိုင်

Bachelor of Commerce in Accounting and Finance (University of Newcastle)

တို့၏ ၂၇-၃-၂၀၁၆ရက်နေ့တွင် Novotel Yangon Max မန္တလေးခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာလက်မှတ်ရေးထိုးပွဲတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေထိုးပေးပါသော ဦးဇော်ဇော်ထွန်း(မြို့နယ်တရားသူကြီး၊ ကျောက်တန်းမြို့နယ်တရားရုံး)အားလည်းကောင်း၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသောကိုဘုန်းမြတ်အောင်နှင့်ကိုကောင်းထက်ကျော်မိုးတို့အားလည်းကောင်း၊၃၀-၃-၂၀၁၆ရက်နေ့တွင် စမ်းချောင်း မြို့နယ်၊ နေနတ်သားစာသင်တိုက်၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၃-၄-၂၀၁၆ရက်နေ့တွင် Novotel Yangon Max(Yangon Ballroom) ၌ ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော သီရိပျံ့ချီ ဗိုလ်ချုပ်ခင်မောင်မြင့်(ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး-ငြိမ်း)နှင့်ဇနီး ဒေါ်ဝင်းဝင်းနု၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ဦးမြင့်သိန်း(M.D, Western Park Group & Reva Co.,Ltd)နှင့်ဇနီးဒေါ်ဘင်ဟာ၊ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း(ငြိမ်း)၊ (ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်-ငြိမ်း)၏ဇနီး ဒေါ်ခင်ချိုဦး၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မေတ္တာဖြင့် ပန်းကြဲပေးပါသော မသော်တာဇင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော မဇူလိုင်ဝင်းနိုင်၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မဖြိုးသိင်္ဂီဦး၊ သတို့သားအရံများဖြစ်ကြသော ဒေါက်တာစိုင်းကိုကိုဦးနှင့်ဒေါက်တာစိုင်းခွန်ဆက်၊ သတို့သမီးအရံများ ဖြစ်ကြသော ဒေါက်တာမေမို့မို့အောင်နှင့် ဒေါက်တာဆုမြတ်သွေး၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော တေးသံရှင် မဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော First Music Agency တေးဂီတအဖွဲ့၊ မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ပြည့်ဝသျှန် ကျောက်မျက်ကုမ္ပဏီလီမိတက်၊ မင်္ဂလာဝတ်စုံချုပ်ပေးပါသော ကိုထွန်း (Get Way Collection) နှင့် စိုင်းရဲလင်း၊ မိတ်ကပ်နှင့် ဆံပင် အလှဖန်တီးရှင် မိတ်ကပ်မေဦးနှင့်အဖွဲ့၊ ဗီဒီယိုဓာတ်ပုံမှတ်တမ်းတင်ပေးပါသော ကိုနိုင်နိုင်ထွန်း(Exposure)နှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးပါသော DAGON ပုံနှိပ်တိုက်တို့အားလည်းကောင်း၊ ပန်းအလှဆင်ပေးပါသော Island Flowers Floral & Gift အားလည်းကောင်း၊ နေနတ်သားကျောင်းတိုက်အားလည်းကောင်း၊ Novotel Yangon Max မှ မန်နေဂျာနှင့် ဝန်ထမ်းများ အားလည်းကောင်း၊ တာဝန်ရှိသူများအားလည်းကောင်း၊ ဤမင်္ဂလာအခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သော မိဘများနှင့်
မောင်နိုင်လင်း-မနှင်းအိအိခိုင်

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းနေ
ဦးတင်ဝင်း-ဒေါ်စန်းမြင့် တို့၏သားကြီး

ဗိုလ်ကြီးနိုင်လင်းစိုး M.B.B.S (D.S.M.A)

နှင့်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရတနာဒီပရပ်ကွက်၊ မြစ်ငယ်လမ်း
အမှတ်(၁၆၁၆)နေ
ဗိုလ်မှူးသိန်းနိုင်(ငြိမ်း)(ညွှန်ကြားရေးမှူး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ)-
ဒေါ်ဝါဝါမြင့်ဆွေတို့၏ တစ်ဦးတည်းသောသမီး

မပိုးဇာခြည်သိန်းနိုင်

B.A(Eco) Diploma in IDCS,IADCS,LCCI Level 1,2

တို့သည် ၃-၄-၂၀၁၆ရက်(တနင်္ဂနွေနေ့)တွင် နှစ်ဖက်မိဘများနှင့်
ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးနိုင်လင်းစိုး-မပိုးဇာခြည်သိန်းနိုင်

၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမဟု လူသိများပြီး နိုင်ငံပေါင်းစုံကျယ်ကျယ်ပြန့်ပြန့်ပါဝင်သော စီးပွားရေးလမ်းကြောင်းတစ်ခုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတရှီကျင့်ဖျင်က စတင်အဆိုပြုခဲ့ပြီး တောင်တရုတ်ပင်လယ်၊ တောင်ပစိဖိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာများနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသည့် အရှေ့တောင်အာရှဒေသနိုင်ငံများ၊ ပင်လယ်သမုဒ္ဒရာကျွန်းနိုင်ငံများ၊ အရှေ့အာဖရိကနိုင်ငံများ မြေထဲပင်လယ်မြောက်ပိုင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည့် အစီအစဉ်ဖြစ်ပါသည်။ အဆိုပါ ပိုးလမ်းမကြီးအကြောင်းကို စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦးက ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုအမည်ဖြင့် ရေးသားထား သည်များကို ကြေးမုံစာဖတ်ပရိသတ်များအတွက် အခန်းဆက်ဆောင်းပါးများအဖြစ် ဖော်ပြလိုက်ပါသည်။

(စာတည်း)

(တက္ကသိုလ် ဟန်စိုးဦး)

ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု (၆)

(ဃ) ဥရောပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ

ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်ဟာ တရုတ်နိုင်ငံနဲ့ ဥရောပဒေသကို အရှေ့တောင်အာရှ၊ တောင်အာရှ၊ အာရှအလယ်ပိုင်းနဲ့ အရှေ့အလယ်ပိုင်း ဒေသတွေကတစ်ဆင့် ပေါင်းစည်းဆက်သွယ်ပေးမယ့် အစီအစဉ်ဖြစ်ပါတယ်။ အီးယူ (ခေါ်) ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများဟာ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်ရဲ့ ခရီးဆုံး ရည်မှန်းချက်ပန်းတိုင်ဒေသကြီး တစ်ခုဖြစ်သလို တရုတ်နိုင်ငံရဲ့ အကြီးဆုံးကုန်သွယ်ဘက်ဒေသကြီး ဖြစ်တဲ့အတွက် ဥရောပဒေသရော၊ တရုတ်နိုင်ငံပါ ဒီမဟာဗျူဟာမြောက် စီမံကိန်းကြီးကနေ အကျိုးအမြတ်အများကြီး ရရှိနိုင်မယ့် အနေအထားမှာ ရှိနေတယ်လို့ သုံးသပ်မှုတွေ ရှိနေပါတယ်။ နှစ်ဖက်အကြား ကုန်သွယ်မှု၊ ငွေကြေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေမှာ သိသာထင်ရှားစွာ တိုးတက်များပြားလာနေတဲ့အတွက် ဥရောပဒေသနဲ့ ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍကို အသေးစိတ် တင်ပြသွားလိုပါတယ်။

၂၀၁၅ ခုနှစ် ဇွန် ၂၉ ရက်က ဘရပ်ဆဲလ်မြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အီးယူ-တရုတ် ထိပ်သီးဆွေးနွေးပွဲမှာ ဥရောပကော်မရှင် ဥက္ကဋ္ဌ Jean-Claude Juncker က တရုတ်နိုင်ငံရဲ့ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်နဲ့ မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ ဥရောပရန်ပုံငွေ (European Fund for Strategic Investments-EFSI)တို့အကြား လက်တွဲဆောင်ရွက်သွားနိုင်ဖို့ နှစ်ဖက်ကိုက်ညီမယ့်အချက်တွေကို ရှာဖွေဖော်ထုတ်သွားကြဖို့ တိုက်တွန်းခဲ့ပါတယ်။ Jean-Claude Juncker ရဲ့ ပြောကြားချက်အပေါ် တရုတ်ဝန်ကြီးချုပ် လီခချန်းကလည်း ဝမ်းမြောက်စွာကြိုဆိုခဲ့ပြီး တရုတ်နိုင်ငံအနေနဲ့ EFSI မှာ ငွေကြေးအမြောက်အမြား ပါဝင်ရင်းနှီးမြှုပ်နှံသွားမယ်လို့ ပြောကြားခဲ့ပါတယ်။

ဥရောပဒေသဟာ ပိုးလမ်းမစီးပွားရေးလမ်းကြောင်းရော၊ ပင်လယ်ရေကြောင်း ပိုးလမ်းမ ၂-ခုစလုံးရဲ့ ဆုံချက်ဖြစ်တာကြောင့် ဥရောပအရှေ့တောင်ပိုင်းနဲ့ မြေထဲပင်လယ်ဒေသတွေဟာ အဓိကကျတဲ့ ကုန်းလမ်းကြောင်းနဲ့ရေလမ်းကြောင်း သယ်ယူပို့ဆောင်ရေး ဗဟိုချက်အဖြစ် ပေါ်ထွက်လာခဲ့ပါတယ်။ အခုဆိုရင် တရုတ်နိုင်ငံဟာ ဂရိနိုင်ငံရဲ့ ဆိပ်ကမ်းမြို့ဖြစ်တဲ့ ပိုင်ရီးယပ်စ် (Pireaus) ကို တရုတ်နဲ့ ဥရောပနိုင်ငံများအကြား ကုန်သွယ်မှုအတွက် အချက်အခြာကျတဲ့ ဆိပ်ကမ်းမြို့အဖြစ် ရွေးချယ်ထားတာကို တွေ့မြင်ရပါတယ်။ ဂရိနိုင်ငံရဲ့မြို့တော်ဖြစ်တဲ့ အေသင်မြို့ (Athens)နဲ့ ၇. ၃ ကီလိုမီတာ (၄. ၅ မိုင်သာ ကွာဝေးပြီး မြေထဲပင်လယ်တွင်းမှာ တည်ရှိတဲ့ ပိုင်ရီးယပ်စ်ဆိပ်ကမ်းကို တရုတ်နိုင်ငံရဲ့ ပင်လယ်ကူး သင်္ဘောသယ်ယူပို့ဆောင်ရေး လုပ်ငန်းကြီး တစ်ခုဖြစ်တဲ့ China Ocean Shipping Company (COSCO) ကုမ္ပဏီက ၂၀၀၉ ခုနှစ်ကစပြီး ဂရိအစိုးရဆီက လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့် ၃၅ နှစ်

> **ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများဟာ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်ရဲ့ ခရီးဆုံး ရည်မှန်းချက်ပန်းတိုင် ဒေသကြီးတစ်ခု ဖြစ်သလို တရုတ်နိုင်ငံရဲ့ အကြီးဆုံးကုန်သွယ်ဘက် ဒေသကြီးဖြစ်**

ရရှိထားပြီး ဖြစ်ပါတယ်။ အခုဆိုရင် ပိုင်ရီးယပ်စ်ဆိပ်ကမ်းမြို့ကနေ ဥရောပအလယ်ပိုင်းနဲ့ အရှေ့ပိုင်းက နိုင်ငံတွေဆီ ရေကြောင်းလမ်း၊ ကုန်းကြောင်းလမ်းကနေတစ်ဆင့် ဆက်သွယ်ပေးမယ့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကြီးကို ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းမှာ စတင်အကောင်အထည်ဖော်ခဲ့ရာမှာ ၂၀၁၇ ခုနှစ်မှာ လုပ်ငန်းတွေ ပြီးစီးဖို့ ရှိပါတယ်။

လက်ရှိအချိန်မှာ တရုတ်နိုင်ငံက သင်္ဘောနဲ့ တင်ဆောင်လာတဲ့ ကုန်ပစ္စည်းတွေဟာ စူးအက်တူးမြောင်းကိုဖြတ်ပြီး မြေထဲပင်လယ်ကို ရှည်လျားစွာ ဖြတ်ကျော်ပြီးမှ ဘစ္စကေးပင်လယ်ကွေ့ (Bay of Biscay)၊ အင်္ဂလိပ်ရေလက်ကြားတို့ကို ဖြတ်ပြီးမှ ဥရောပအနောက်မြောက် ဒေသမှာရှိတဲ့ ရော့တာဒမ် (Rotterdam)၊ အန့်ဝ့ါပ် (Antwerp) နဲ့ ဟမ်းဘတ် (Hamburg) ဆိပ်ကမ်းမြို့ကြီးတွေကို ရောက်ရှိတာဖြစ်ပါတယ်။ အဲဒီဆိပ်ကမ်းမြို့တွေကတစ်ဆင့် ဥရောပအတွင်းပိုင်းမှာရှိတဲ့ မြို့တွေဆီကို ကားလမ်း၊ ရထားလမ်းနဲ့ ဆက်လက်ပို့ဆောင်နေရတာ ဖြစ်ပါတယ်။

တရုတ်နိုင်ငံဟာ ဂရိနိုင်ငံရဲ့ ရထားပို့ဆောင်ရေးကဏ္ဍကိုလည်း အဆင့်မြှင့်တင်ဖို့ ဆောင်ရွက်လျက်ရှိရာမှာ တယ်စာလိုနိကီမြို့ (Thessaloniki)ကို ဖြတ်ပြီး မက်ဆီဒိုးနီးယားအထိနဲ့ မက်ဆီဒိုးနီးယားရဲ့ ရထားဖောက်လုပ်ရေး လုပ်ငန်းတွေကို အလေးပေးဆောင်ရွက်လျက် ရှိပါတယ်။ မက်ဆီဒိုးနီးယား ရထားလမ်းဟာ ဂရိနိုင်ငံရဲ့ ရထားလမ်းတွေနဲ့ လက်ရှိမှာ အဆင့်မြှင့်တင်ပြီးသား ရထားလမ်းတွေဖြစ်တဲ့ ဆားဘီးယားနိုင်ငံက တောင်-မြောက်လမ်းနဲ့ ဟန်ဂေရီ-ဆားဘီးယား အမြန်ရထားလမ်းတွေနဲ့ ချိတ်ဆက်သွားနိုင်မှာဖြစ်ပါတယ်။ ဒီရထားလမ်းစီမံကိန်းတွေ ပြီးစီးသွားခဲ့ရင် ဂရိနိုင်ငံ ပိုင်ရီးယပ်စ်ဆိပ်ကမ်းမြို့ကနေ ဟန်ဂေရီနိုင်ငံ၊ ဘူဒါပက်စ်မြို့အထိ ရထားလမ်းပေါက်ရောက်သွားမှာ ဖြစ်ပါတယ်။ ဒီစီမံကိန်းတွေ ပြီးစီးသွားရင် သင်္ဘောနဲ့ ကုန်ပစ္စည်းတွေ ပို့ဆောင်ရလို့ ကြာမြင့်တဲ့အချိန်ကို လျော့နည်းသွားစေမှာ ဖြစ်တဲ့အတွက် တရုတ်နိုင်ငံရဲ့ ပို့ကုန်ပစ္စည်းတွေဟာ ဥရောပဈေးကွက်မှာ ယှဉ်ပြိုင်နိုင်စွမ်း ပိုမိုမြင့်မားလာစေမှာ ဖြစ်သလို တရုတ်နိုင်ငံ ပြည်တွင်းမှာ မြင့်မားလာနေတဲ့ လုပ်အားခ ကုန်ကျစရိတ်ကို ကာမိစေမှာ ဖြစ်ပါတယ်။

ပိုင်ရီးယပ်စ်ဆိပ်ကမ်းကို အဆင့်မြှင့်တင်မှုလုပ်ငန်းတွေပြီးစီးခဲ့ရင်၊ ပိုင်ရီးယပ်စ်ဆိပ်ကမ်းမြို့ကနေ ဂရိနိုင်ငံရဲ့ အခြားမြို့ကြီးတွေဆီ ရထားလမ်းတွေ ဖောက်လုပ်ပြီးစီးခဲ့ရင် ပိုင်ရီးယပ်စ်မြို့ဟာ တရုတ်နိုင်ငံအတွက် ဥရောပဒေသကို အဓိကဝင်/ထွက်ရာဂိတ်ဝ (China's gateway to Europe) ဖြစ်လာမှာ သေချာပါတယ်။ ဂရိနိုင်ငံကို ၂၀၁၄ ခုနှစ် ဇွန်လအတွင်းမှာ လာရောက်လည်ပတ်ခဲ့တဲ့ တရုတ်နိုင်ငံ၊ ဝန်ကြီးချုပ် လီခချန်းက ပိုင်ရီးယပ်စ်ဆိပ်ကမ်းမြို့မှာ တရုတ်နိုင်ငံက COSCO ကုမ္ပဏီ ပါဝင်ဆောင်ရွက်နေခြင်းဟာ တရုတ်-ဂရိ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမှာ "ပုလဲသွယ်စီမံကိန်း" တစ်ရပ်ဖြစ်တယ်လို့ တင်စားခေါ်ဝေါ်ခဲ့ပါတယ်။ အလားတူ တရုတ်သမ္မတ ရှီကျင့်ဖျင်ဟာ ဂရိနိုင်ငံကို ၂၀၁၄ ခုနှစ် ဇူလိုင်လအတွင်းမှာ လာရောက်လည်ပတ်ခဲ့ပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုတိုးမြှင့်သွားနိုင်ဖို့ ဂရိနိုင်ငံ ခေါင်းဆောင်တွေနဲ့ ဆွေးနွေးခဲ့ပါတယ်။ အခုလို တရုတ်နိုင်ငံက ထိပ်တန်းခေါင်းဆောင်တွေ ဂရိနိုင်ငံကို ဆက်တိုက်လိုလို လာရောက်လည်ပတ်ခြင်းကပင် တရုတ်နိုင်ငံရဲ့ သံတမန်ရေးရာ လှုပ်ရှားဆောင်ရွက်မှုတွေမှာ ဂရိနိုင်ငံဟာ အရေးပါတဲ့နေရာက ပါဝင်နေတယ်ဆိုတာ ဖော်ပြလျက်ရှိပါတယ်။

ဒါကြောင့် တရုတ်နိုင်ငံက ကုမ္ပဏီကြီးတွေဟာ ပိုင်ရီးယပ်စ်ဆိပ်ကမ်းမြို့မှာ လုပ်ငန်းတွေ အခြေချလုပ်ကိုင်နေကြပြီ ဖြစ်ပါတယ်။ ဟွာဝေးကုမ္ပဏီဆိုရင် ပြီးခဲ့တဲ့ နှနှစ်ကတည်းက ထောက်ပံ့ပို့ဆောင်ရေးဗဟိုဌာန တစ်ခုကို ပိုင်ရီးယပ်စ်မြို့မှာ ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် ဇွန်လအတွင်းကလည်း တရုတ်နိုင်ငံနဲ့ ဂရိနိုင်ငံတို့အကြား ကုန်တိန်နာတင်သင်္ဘောတွေနဲ့ အကြီးစား သယ်ယူပို့ဆောင်ရေး ရေယာဉ်ကြီးတွေ တည်ဆောက်ဖို့ ယူရို ၂ ဘီလီယံ တန်ဖိုးရှိတဲ့ စီမံချက်တစ်ခုကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ COSCO ကုမ္ပဏီဟာ ပိုင်ရီးယပ်စ်ဆိပ်ကမ်းမှာ ကုန်တင်/ကုန်ချကရိန်းတွေ အဆင့်မြှင့်တင်ခြင်းအပြင် ကွန်တိန်နာတင် သင်္ဘောအကြီးစားတွေ ဆိုက်ကပ်နိုင်တဲ့ ရေနက်ဆိပ်ကမ်းကြီးတွေ တည်ဆောက်မှု ပြုလုပ်ခဲ့ပါတယ်။ ဒါကြောင့် ပိုင်ရီးယပ်စ်ဆိပ်ကမ်းမြို့ဟာ COSCO ရဲ့ ရင်းနှီးမြှုပ်နှံမှု မပြုလုပ်မီ ၂၀၀၈ ခုနှစ်က ကွန်တိန်နာပေါင်း ၄၃၃,၀၀၀ TEU သာ လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့ရာကနေ ၂၀၁၄ ခုနှစ်မှာ ၃. ၇ သန်း TEU အထိ စွမ်းရည် (၉) ဆ တိုးတက်လာခဲ့တဲ့အတွက် ကမ္ဘာပေါ်မှာ တိုးတက်မှုအမြန်ဆန်ဆုံး ဆိပ်ကမ်းမြို့တွေအနက် တစ်မြို့ဖြစ်လာခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှာ ပိုင်ရီးယပ်စ်ဆိပ်ကမ်းမြို့ဟာ ဥရောပဒေသရဲ့ အကြီးဆုံး ကွန်တိန်နာဆိပ်ကမ်းမြို့ (၁၀)မြို့မှာ တစ်မြို့အဖြစ် ပါဝင်လာခဲ့ပါတယ်။

ဂရိနိုင်ငံအနေနဲ့ သူ့ရဲ့ ကြွေးမြီပြဿနာတွေဖြေရှင်းဖို့ အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့၊ ဥရောပကော်မရှင်နဲ့ ဥရောပဗဟိုဘဏ်တို့နဲ့ ညှိနှိုင်းရရှိထားတဲ့ သဘောတူညီချက်တွေအရ ဂရိနိုင်ငံရဲ့ ဆိပ်ကမ်းလုပ်ငန်းတွေကို ပုဂ္ဂလိကကဏ္ဍကို ရောင်းချဖို့ရှိရာမှာ COSCO ကုမ္ပဏီအနေနဲ့ လုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်ခွင့်ရဖို့ အလေးထား ဆောင်ရွက်နေတာကိုလည်း တွေ့မြင်ရပါတယ်။ COSCO ကုမ္ပဏီအနေနဲ့ ပိုင်ရီးယပ်စ်ဆိပ်ကမ်း အဆင့်မြှင့်တင်ရေး လုပ်ငန်းတွေမှာ ဆက်လက်ပါဝင် ဆောင်ရွက်ခွင့် ရခဲ့မယ်ဆိုရင် ပိုင်ရီးယပ်စ်ဆိပ်ကမ်းမြို့ဟာ နှစ်အနည်းငယ်အတွင်းမှာ ရော့တာဒမ်၊ အန့်ဝ့ါပ်နဲ့ ဟမ်းဘတ်ဆိပ်ကမ်းမြို့ကြီးတွေလို အဆင့်မြင့် ကွန်တိန်နာ ဆိပ်ကမ်းတစ်ခုအဖြစ် ပေါ်ထွက်လာဖို့ ရှိပါတယ်။

(ဂရိနိုင်ငံ ပိုင်းယီးယတ်စ် Pireaus ဆိပ်ကမ်းမြို့တည်နေရာပြမြေပုံ)

၂၀၁၅ – ၂၀၁၆ ပညာသင်နှစ် ကင်းထောက်မောင်မယ် သင်တန်းဆင်း

ပဲခူး ဧပြီ ၃

၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကင်းထောက်မောင်မယ် သင်တန်းဆင်းပွဲ အခမ်းအနားကို ပဲခူးမြို့ အ. ထ. က (ခွဲ) (၂) မြို့တွင်းအနောက်(ခ) စာသင်ကျောင်းတွင် ဧပြီ ၁ ရက် ညနေ ၃ နာရီအချိန်၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပဲခူးတိုင်းပညာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်မြင့်မြင့်သန်းက အဖွင့်အမှာစကား ပြောကြားပြီး ကင်းထောက်မောင်မယ်များကို ကင်းထောက်ကျင့်ဝတ် ၁၀ ပါးနှင့် ကတိ သုံးပါးတို့ကို လိုက်နာကြရန်၊ မိမိကျောင်းအကျိုးတွင်သာမက ရပ်ရွာပြည်သူအကျိုးတို့ကိုပါ ဆောင်ရွက်၍ စံပြကင်းထောက်မောင်မယ်များအဖြစ် သူငယ်ချင်းတွေကိုပါ လက်တွဲခေါ်ယူရန် မှာကြားခဲ့သည်။

ယင်းနောက် သင်တန်းတွင် ဆုရရှိသော မောင်မယ်များကို ဒုတိယညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်မြင့်မြင့်သန်း၊ ခရိုင်ပညာရေးမှူး ဒေါ်ခင်မာမာအေး၊ မြို့နယ်ပညာရေးမှူး ဦးဝင်းသိန်း၊ အ. ထ. က (ခွဲ) ၂ မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နီအောင်တို့မှ ဆုများကိုချီးမြှင့်ခဲ့ကြပြီး ကင်းထောက်မောင်မယ်များက "အစဉ်အသင့်" သီချင်းဖြင့်ပြန်လည်သီဆိုပေးခဲ့သည်။

ဎင်းနောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နီအောင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

တက်ရောက်လာကြသော တာဝန်ရှိသူများ၊ ကင်းထောက်သင်တန်းဆရာ ဆရာမများနှင့် သင်တန်းမောင်မယ်များ ဆရာ ဆရာမများ စုစုပေါင်း ၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင် ပြန်/ဆက်

ကျန်းမာရေးဆောင်းပါး

ဆေးပညာသတင်းဆန်းများ (၁၂၈)

ဒေါက်တာကံညွန့်

ယခုဖော်ပြလိုတဲ့ သတင်းကတော့ မျက်စိနဲ့ဆိုင်ပါတယ်။ မျက်မှန်အထူကြီးတပ်ဆင်ထားရတဲ့ မျက်စိမှုန်သူတွေမှာ ပါဝါမျက်မှန်မတပ်ဆင်ရအောင် လေဆာရောင်ခြည်နဲ့ ကုသနည်းတစ်ခုကို ယခုအခါ အများလက်ခံပြီး တွင်တွင်ကျယ်ကျယ် လုပ်နေကြပါတယ်။ ဒီနည်းကို LASIK Laser In-situ Keratomileusis လို့ ခေါ်ပါတယ်။ ဒီကုသနည်းမှာ ပထမဦးစွာ မျက်ကြည်လွှာ အပေါ်ယံလွှာကို Microkeratone ခေါ်တဲ့ သေးငယ်တဲ့ ဓားလေးနဲ့ ခွာလိုက်ရပါတယ်။



ဒီလိုအပေါ်ယံလွှာကို ခွာပြီးမှကျန်တဲ့ မျက်ကြည်လွှာအစိတ်အပိုင်းကို ပါဝါအနည်းအများအလိုက် လေဆာရောင်ခြည်နဲ့ကုသပေးပြီး ဒီအလွှာလေးကို ပြန်ဖုံးထားရတာဖြစ်ပါတယ်။ ဒါပေမယ့် ယခုအခါ ဒီနည်းမှာ မျက်ကြည်လွှာခြောက်ခြင်း (Dry Eye)၊ မျက်ကြည်လွှာရဲ့ သေးငယ်တဲ့ အာရုံကြောလေးတွေ ပျက်စီးသွားခြင်းတို့ ဖြစ်တတ်ကြောင်း တွေ့ရှိလာရပါတယ်။ ဒါကြောင့် ယခုအခါ ဒီလိုအပေါ်ယံလွှာကို မခွာတော့ဘဲ မျက်ကြည်လွှာကို လေဆာရောင်ခြည်နဲ့ပဲ ပုံစံပြောင်းကုသနည်းတစ်ခု ပေါ်လာပါတယ်။ ဒီနည်းကိုတော့ Supra LASIK လို့ ခေါ်ပါတယ်။ ဒီနည်းဟာ Dry Eye ဖြစ်ခြင်း၊ မျက်ကြည်လွှာအပေါ်ယံလွှာခွာခြင်းကြောင့် ဖြစ်ပေါ်နိုင်တဲ့အန္တရာယ်က ကင်းရှင်းနိုင်ခြင်းတို့ကြောင့် ယခုအခါ တချို့ဆရာဝန်ကြီးတွေက Supra LASIL နည်း

ကိုသုံးစွဲနေကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းကတော့ ဦးနှောက်သွေးကြောပိတ်ပြီး လေဖြတ်ခြင်း (Stroke) ကို ကြိုတင်ကာကွယ်နိုင်တော့မယ်ဆိုတဲ့သတင်းပါ။ အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်က ဆေးပညာရှင်တချို့ဟာ ဓာတ်မှန်ဆိုင်ရာ အဆင့်မြင့်စမ်းသပ်နည်းတစ်ခုဖြစ်တဲ့ MRI (Magnetic Resonance Imaging) နည်းပညာကို အသုံးပြုပြီး ဦးနှောက်ကိုသွားနေတဲ့ သွေးကြောမကြီးတွေထဲမှာ Cholestrol Plague ခေါ်တဲ့ အဆီဖတ်တွေ ရှိ၊ မရှိကို ကောင်းမွန်စွာ ထောက်လှမ်းသိရှိနိုင်ပါတော့မယ်။ ဒီလိုသိရတာနဲ့ ဒီလူနာကို လေဖြတ်ခြင်း (Stroke) က ကြိုတင် ကာကွယ်နိုင်မယ်လို့ ဆိုထားပါတယ်။

လည်ပင်းဝန်းကျင်မှာရှိတဲ့ သွေးကြောတွေထဲ ဒီအဆီဖတ်တွေဟာ သွေးကြောပိတ်ခြင်းကို ဖြစ်စေပြီး လေဖြတ်ခြင်းဖြစ်ရတာလို့ ဆိုပါတယ်။ ဒီလိုသိရတာနဲ့ သမားတော်ကြီးက လေဖြတ်နိုင်ခြေရှိသူတွေကို ကုသမှုပေးထားခြင်းဖြင့် ဦးနှောက်သွေးကြောပိတ်ကာ လေဖြတ်ခြင်း၊ အသက်ဆုံးရှုံးရခြင်းကို ကာကွယ်နိုင်မှာဖြစ်တယ်။ ယခုအခါ အင်္ဂလန်နိုင်ငံတစ်ခုတည်းမှာ တစ်နှစ်မှာ လေဖြတ်သူ နှစ်သိန်းလေးသောင်းခန့်ရှိ ပြီး အသက်ဆုံးရှုံးရသူလေးသောင်းခန့်ရှိကြောင်း တင်ပြလိုက်ရပါတယ်။

ယခုဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ လူ့ရဲ့ Stem Cells ကနေပြီး နားရွက်တစ်ခုကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့တယ်ဆိုတဲ့ သတင်းပါ။ ဒီလို ပြုလုပ်နိုင်ခဲ့သူတွေကတော့ တိုကျိုတက္ကသိုလ်နဲ့ ကျိုတိုတက္ကသိုလ်က ဆေးသိပ္ပံပညာရှင်တွေပဲဖြစ်ပါတယ်။ သူတို့ဟာ IPS (Human Induced Pluripotent Stem Cell) တွေကို Cartillage Cells အသွင်ပြောင်းအောင် လုပ်ယူခဲ့ကြပြီး နားရွက်ပုံရယူနိုင်အောင် 3 millimeter အကျယ်ရှိတဲ့ Plastic Tube ထဲမှာ ဘောလုံးသဏ္ဌာန်အလုံးတွေ ပြုလုပ်ပြီး ဓာတ်ခွဲခန်းက ကြွက်တစ်ကောင်ရဲ့ ကျောကုန်းမှာ မွေးမြူခဲ့ရတယ်လို့ဆိုပါတယ်။ အချိန် နှစ်လခန့်အကြာမှာတော့ လူနားရွက်အရွယ်ရှိ Cartilage ဟာ ကြွက်ကျောကုန်းပေါ်မှာ ကောင်းမွန်စွာဖြစ်ပေါ်နေတယ်လို့ ဆိုပါတယ်။ ဒီတွေ့ရှိမှုဟာ မွေးရာပါ နားရွက် မရှိသူတွေ၊ နားရွက်တစ်ဖက် သို့မဟုတ် နှစ်ဖက်စလုံး သေးငယ်နေသူတွေနှင့် ထိခိုက်ဒဏ်ရာကြောင့် နားရွက်မရှိဖြစ်နေသူတွေအတွက် ကောင်းမွန်တဲ့ ကုထုံးတစ်ခုဖြစ်လာနိုင်မယ်ဆိုတာတင်ပြလိုက်ရပါတယ်။

ဆေးပညာသတင်းဆန်း (၁၂၇)မှာ အမေရိကန်နိုင်ငံ Seatle မြို့က ဆေးပညာရှင်တွေရဲ့ လူနာထံက ကိုယ်ခံအား Cell တစ်ခုဖြစ်တဲ့ T-cell ကို မျိုးဗီဇပြုပြင်ပြီး ကိုယ်ခန္ဓာထဲ ပြန်သွင်းနည်းနဲ့ Leukemia ခေါ် သွေးကင်ဆာကို အောင်မြင်အောင် ကုပေးနိုင်တဲ့အကြောင်း တင်ပြခဲ့ပြီးပါပြီ။ ယခု ဗြိတိန်နိုင်ငံက Designer လို့ အမည်ပေးထားတဲ့ ကိုယ်ခံအား Cells ကို မျိုးဗီဇ ပြုပြင်နည်းနှင့် ပြုပြင်ပြီး သွေးကင်ဆာရောဂါဖြစ်နေတဲ့ ကလေးတစ်ဦးကို အောင်မြင်စွာ ကုသပေးနိုင်တဲ့ သတင်းထွက်ပေါ်လာတယ်။

ဒီကလေးနာမည်ကတော့ Layla Richard ခေါ်ပြီး သူဟာ တစ်နှစ်အရွယ်ပဲရှိပါသေးတယ်။ သွေးကင်ဆာအတွက် ကုသမှုအမျိုးမျိုးခံယူထားရပြီး လပိုင်းလောက်ပဲ အသက်ရှင်နိုင်တော့မယ်လို့ ခန့်မှန်းခံထားရသူပါ။ သူဟာ လန်ဒန်မြို့ Great Ormond Street Hospital (GOSH) မှာ တက်ရောက်ကုသမှုခံယူနေရတာဖြစ်ပါတယ်။ သူ့ကို ဒီဆေးရုံက ကင်ဆာရောဂါဆရာဝန်ကြီးတွေနှင့် အတူ University College of London က ဆေးပညာရှင်တွေ ပူးပေါင်းကုသပေးခဲ့ကြတာဖြစ်ပါတယ်။ ဒီဆေးပညာရှင်တွေ ရဲ့ နည်းကတော့ TALENs လို့ အမည်ပေးထားတဲ့ DNA ကို ဖြတ်တောက်ပစ်နိုင်တဲ့ Enzymes တစ်မျိုးကို လူနာရဲ့ Immune Cell ထဲမှာ Bioengineering နည်းပညာနှင့် ပြုပြင်ပွားများပြီး လူနာရဲ့ သွေးထဲကို ပြန်သွင်းကာ ကင်ဆာ Cell တွေကို တိုက်ခိုက်နိုင်တာဖြစ်ပါတယ်။ ဒီနည်းနဲ့ ဒီကလေးဟာ ပထမဦးဆုံး အသက်ရှင်လာမယ့် လူသားဖြစ်တယ်လို့ ဆိုပါတယ်။ ဒီကုသနည်းကို အများအသုံးပြုနိုင်အောင် ကြိုးစားရဦးမယ်ဆိုတာ တင်ပြလိုက် ရပါတယ်။

ယခုဖော်ပြလိုတဲ့ သတင်းကတော့ စိတ်ရောဂါနှင့် ဆိုင်ပါတယ်။ မိဘနှစ်ပါး စိတ်ကျရောဂါ (Depression) ခံစားနေရရင် ကလေးတွေရဲ့ ပညာရေးထိခိုက်မှုရှိနိုင်တယ်ဆိုတဲ့ လေ့လာထားချက်ပါ။ ဒီလေ့လာချက်ကို Drexel University က စိတ်ရောဂါကု ဆရာဝန်တွေက ဆွီဒင်နိုင်ငံမှာ ၁၉၈၄ ခုနှစ်ကနေ ၁၉၉၄ ခုနှစ်အတွင်း မွေးဖွားခဲ့တဲ့ ကလေးပေါင်း ၁ ဒသမ ၁ သန်းကျော်ကို ၁၆ နှစ်အရွယ်ထိ လေ့လာခဲ့ကြတာဖြစ်ပါတယ်။

သူတို့အဆိုအရ စိတ်ကျရောဂါရှိနေတဲ့ မိခင်ကမွေးတဲ့ကလေးတွေဟာ သာမန်ကလေးတွေထက် ၄ ဒသမ ၅ ရာခိုင်နှုန်း ဉာဏ်ရည်ဉာဏ်သွေးကျဆင်းနေတာ တွေ့ရတယ်လို့ဆိုပါတယ်။ စိတ်ရောဂါရှိတဲ့ ဖခင်ကမွေးတဲ့ ကလေးတွေမှာ လေးရာခိုင်နှုန်းသာကျဆင်း တာတွေ့ရတယ်။ သူတို့လေ့လာချက်မှာ တွေ့ရတဲ့ နောက်တစ်ချက်ကတော့ စိတ်ကျရောဂါရှိတဲ့ မိခင် သို့မဟုတ် ဖခင်က မွေးတဲ့ ယောက်ျားလေးထက် မိန်းကလေးတွေက ဉာဏ်ရည်နိမ့်မှုကို ပိုခံစားရတယ်လို့ ဆိုပါတယ်။ ရာခိုင်နှုန်းအရဆိုရင် မိန်းကလေးတွေက ၅ ဒသမ ၁ ရာခိုင်နှုန်းနိမ့်ကျပြီး ယောက်ျားလေးတွေက ၃ ဒသမ ၄ ရာခိုင်နှုန်းလောက်သာ နိမ့်ကျတာတွေ့ရတယ်လို့ ဆိုပါတယ်။ ဒီအကြောင်းကို အမေရိကန်နိုင်ငံထုတ် JAMA Psychiatry ဂျာနယ်မှ ဖော်ပြထားတာကို တင်ပြလိုက်ရပါတယ်။



နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ တရုတ်နိုင်ငံမှာ ကင်ဆာရောဂါကြောင့် အသက်သေဆုံးရသူတွေ များလာတဲ့သတင်းပါ။

တရုတ်နိုင်ငံမှာ ကင်ဆာရောဂါကြောင့် အသက်သေဆုံးရသူတွေ များလာလို့ နိုင်ငံသူ၊ နိုင်ငံသားများ စားသောက်နေထိုင်မှု ပုံစံ (Life Style) ကို ပြောင်းလဲကြဖို့ နှိုးဆော်လိုက်ပါတယ်။ ဒီအကြောင်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (W.H.O) ရဲ့ဌာနေ ကိုယ်စားလှယ် Bernhard က ယခုနှစ်ကျရောက်တဲ့ ကမ္ဘာ့ကင်ဆာရောဂါနေ့မှာ သတိပေးပြောကြားလိုက်တာဖြစ်ပါတယ်။

တရုတ်နိုင်ငံမှာ ကင်ဆာရောဂါကြောင့် သေဆုံးရသူဟာတစ်နှစ်မှာ ၂ ဒသမ ၈ သန်းခန့်ရှိပြီး ဒါဟာတစ်နေ့မှာ လူပေါင်း ၇၅၀၀ သေဆုံးနေရတာဖြစ်တယ်လို့ ဆိုပါတယ်။ ဒီအထဲမှာ သေဆုံးသူတွေရဲ့ ၃၀ ရာခိုင်နှုန်းဟာ အဆုတ်ကင်ဆာကြောင့်ဖြစ်တယ်လို့ ဆိုပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် သေဆုံးသူအားလုံးရဲ့ ၈၅ ရာခိုင်နှုန်းဟာ ကင်ဆာအပါအဝင် နာတာရှည်ရောဂါ၊ အဆုတ်ရောင်ရောဂါစတဲ့ မကူးစက်နိုင်တဲ့ ရောဂါတွေကြောင့် ဖြစ်တယ်လို့ပဲဆိုပါတယ်။ ဆေးလိပ်သောက်ခြင်း၊ အရက်အလွန်အကျွံသောက်ခြင်း၊ မျှတတဲ့အာဟာရမစားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ ပတ်ဝန်းကျင်လေထုမသန့်ရှင်းခြင်းတို့ကြောင့် ဖြစ်ရတာလို့လည်း ထောက်ပြထားပါတယ်။ တရုတ်နိုင်ငံမှာ ဆေးလိပ်သောက်သူပိုမိုများပြားလာပြီး လူဦးရေအားဖြင့် ဆေးလိပ်သောက်သူ ၃၁၅ သန်းခန့်ရှိတယ်လို့ဆိုပါတယ်။ ဒါဟာ အရွယ်ရောက်သူ အမျိုးသားအားလုံးရဲ့ ထက်ဝက်ကျော်ရှိတယ်။ နှစ်စဉ်ဆေးလိပ်သောက်သူဦးရေ တိုးတက်နေတာကို တားဆီးဖို့ အထူးလိုအပ်ကြောင်း အကြံပြုထားတာကို တင်ပြလိုက်ရပါတယ်။

တရုတ်နိုင်ငံမှာ ဆေးလိပ်သောက်သူပိုမိုများပြားလာပြီး လူဦးရေအားဖြင့် ဆေးလိပ်သောက်သူ ၃၁၅ သန်းခန့်ရှိ . . .

အခြေခံစာတတ်မြောက်ရေးစာဖတ်ဝိုင်း ၂၂ ဝိုင်းဖြင့် ကျွန်းလှတွင်သင်ကြား

ကျွန်းလှ ဧပြီ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်းရှိ ရပ်ကွက်တစ်ရပ်ကွက်နှင့် ကျေးရွာကိုးရွာတွင်စာဖတ်ဝိုင်း ၂၂ ဝိုင်းဖြင့် ဧပြီ ၁ ရက်မှမေ ၁၅ ရက်အထိအခြေခံစာတတ်မြောက်ရေးသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

စာတတ်မြောက်ရေး လုပ်အားပေးရာတွင် ရွှေဘိုတက္ကသိုလ်မှဆရာ၊ ဆရာမများက ကြီးကြပ်ပြီး ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးတို့က လာရောက်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်အားပေးအဖွဲ့အား မြို့နယ်တာဝန်ရှိသူများ၊ ကြီးကြပ်သူ ဆရာ၊ ဆရာမများနှင့် ဒေသခံပြည်သူတို့က သင်ကြားရေးနှင့် စားသောက်ရေးအဆင်ပြေစေရန် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ **မျိုးဝင်းညို (ကျွန်းလှ)**

ကျေးရွာအရန်မီးသတ်တပ်ဖွဲ့အတွက် အပေါ့စားမီးငြိမ်းသတ်စက်ထောက်ပံ့

စစ်ကိုင်း ဧပြီ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေမှ စစ်ကိုင်းမြို့နယ် ပဒူကျေးရွာအရန်မီးသတ်တပ်ဖွဲ့အတွက် ထောက်ပံ့ပေးအပ်သည့်အပေါ့စား မီးသတ်စက်အား လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ဧပြီ ၂ ရက် နံနက် ၁၁ နာရီက စစ်ကိုင်းမြို့နယ် မီးသတ်ဦးစီးဌာန၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌကိုယ်စား မြို့နယ်စီမံကိန်းဦးစီးမှူး ဦးမြင့်ဦးက ကျေးရွာများအတွက် ထောက်ပံ့ပေးအပ်ရသည့် အကြောင်းကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်နိုင်က အပေါ့စားမီးသတ်စက်အသုံးပြုနည်း အဆင့်ဆင့်အား လက်တွေ့လုပ်ဆောင်ရှင်းလင်းပြသကာ ပဒူကျေးရွာအုပ်ချုပ်ရေးမှူးဦးချိုဦးနှင့် ကျေးရွာအရန် မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတို့အား လက်ဝယ်အရောက်ပေးအပ်ခဲ့သည်။ **မျိုးဝင်း(စစ်ကိုင်း)**

တမူးခရိုင်ရှိ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ဘက်စုံဖွံ့ဖြိုးရေးဆောင်ရွက်မှု ရာနှုန်းပြည့်ပြီး

တမူး မေ ၃

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသက်မွေးဝမ်းကျောင်း၊ စားနပ်ရိက္ခာဖူလုံမှု ရန်ပုံငွေအဖွဲ့ (List Fund)တို့ ပူးပေါင်းဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) လုပ်ငန်းများဖြင့် စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်အတွင်းရှိ ကျေးရွာများတွင် ကျေးရွာ၏ လိုအပ်ချက် ဘက်စုံလုပ်ငန်းများ ယခုနှစ် မတ်လကုန်ပိုင်းတွင် လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးအောင်မြင်ခဲ့ကြောင်း သိရသည်။

"တမူးမြို့နယ်အတွင်းမှာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းနဲ့ ကျေးရွာတွေရဲ့ အဓိကလိုအပ်တဲ့ လုပ်ငန်းတွေ ဆောင်ရွက်နိုင်ရေးအတွက် တစ်ရွာကို ငွေကျပ်သိန်း ၅၀ နှုန်းဖြင့် ကျေးရွာငါးရွာအတွက် ငွေကျပ်သိန်း ၂၅၀ ကို ပေးအပ်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ခမ်းပတ်မြို့နယ်ခွဲက ထင်းဇင်ရွာဟောင်းမှာ ဂါလန်ငါးထောင်ဆံ့ အုတ်ရေကန်နှင့် ရေတိုင် ၁၀ တိုင်ကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

"ဒါ့အပြင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေဖို့အတွက် တမူးမြို့နယ်မှာရှိတဲ့ ကွန်းတောင်းကျေးရွာနှင့် နန်မွမ်းတားကျေးရွာတွေမှာ အမာခံသဲကျောက်လမ်းတွေကို ခင်းကျင်းပေးနိုင်ခဲ့ပါတယ်။ နောက်တစ်ခုအနေနဲ့ မြို့သစ်မြို့နယ်ခွဲက ကျွန်းပင်သာ ကျေးရွာမှာဆိုရင် ပြည်သူတွေ အဓိက ဖြတ်သန်းသွားလာနေတဲ့ (၁၈×၁၂×၈) ပေရှိ ကျေးလက်ကွန်ကရစ် တံတားတစ်စင်းကိုလည်း ကောင်း၊ ပညာရေးကဏ္ဍအနေဖြင့် ခမ်းပတ်မြို့နယ်ခွဲရှိ ကျွန်းတောရေရှင်ရွာက စာသင်ကျောင်း အတွက် စာသင်ခုံ ၁၁၅ ခုံ၊ ဗီရိုနှစ်လုံး၊ စားပွဲ ၁၀ လုံး၊BlackBoard ၁၀ ချပ်နဲ့သောက်ရေအိုးစင်တွေစတဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်" ဟု တမူးကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) လုပ်ငန်းများ ဆောင်ရွက်ရာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရန်ပုံငွေနှင့် စားနပ်ရိက္ခာဖူလုံမှု ရန်ပုံငွေအဖွဲ့ (List Fund)၏ နည်းပညာပိုင်း အကူအညီရယူ၍ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖိုးချမ်း(မုံရွာ)

ငါန်းဇွန်၌ ပါဠိပထမပြန်စာမေးပွဲဖြေဆိုသံဃာတော် ၃၉ ပါးကြွရောက်ဖြေဆို

ငါန်းဇွန် မေ ၃

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့ အခြေခံပညာ အထက်တန်းကျောင်းရှိ အောင်ဆန်းခန်းမ၌ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပသော ပါဠိပထမပြန်စာမေးပွဲကို မတ်လ ၃၁ ရက်မှ မေ ၆ ရက်အထိ နေ့စဉ်မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ မြို့နယ်အတွင်းရှိ သံဃာတော် ၃၉ ပါး ကြွရောက်ဖြေဆိုခဲ့သည်။

အဆိုပါစာမေးပွဲသို့ ကြွရောက်လာသော ဦးစီးနာယကဆရာတော်များနှင့် စာမေးပွဲဖြေဆိုသည့် သံဃာတော်များအား စာမေးပွဲဖြေဆိုသည့်ရက်များအတွင်း နေ့စဉ် အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် ဖြေဆိုချိန်အတွင်း အချိုရည်များ ဆက်ကပ်လှူဒါန်းခြင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးက ဦးစီး၍ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သက်နောင်ဦး(ငါန်းဇွန်)

ဘိုကလေးမြို့နယ်တွင် ၂၀၁၆ ခုနှစ် မြို့နယ်အဆင့် အခြေခံစာတတ်မြောက်ရေး လုပ်ငန်းဖွင့်ပွဲကျင်းပ

ဘိုကလေး မေ ၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ၂၀၁၆ ခုနှစ် မြို့နယ်အဆင့် အခြေခံစာတတ်မြောက်ရေး လုပ်ငန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁ ရက် နံနက် ၉ နာရီ က ဘိုကလေးမြို့ မြို့နယ်ခန်းမတွင်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခြေခံစာတတ်မြောက်ရေး လုပ်ငန်းကို ဘိုကလေးမြို့နယ်တွင် မေ ၁ ရက်မှ မေ ၁၅ ရက်အထိ မအူပင်တက္ကသိုလ်မှ လုပ်အားပေး ကျောင်းသား၊ ကျောင်းသူ ၃၃၂ ဦး ကြီးကြပ်သူ ဆရာ၊ ဆရာမ ၂၅ ဦးတို့မှ ရပ်ကွက်၊ ကျေးရွာများတွင် စာသင်ဝိုင်းများ ပြုလုပ်သင်ကြားသွားမည်ဖြစ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မီတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ထွန်းက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းပညာရေးမှူး ဦးဝင်းမောင် (ပညာ) ၊ မြို့နယ်ပညာရေးမှူး ဦးမြင့်ရွှေ၊ မအူပင်တက္ကသိုလ်ပါမောက္ခချုပ်ကိုယ်စား ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဒေါ်နီနီဦးတို့က လုပ်အားပေးသင်ကြားမည့် လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားကို ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျောင်းအုပ်စု ခေါင်းဆောင်ဆရာကြီး၊ ဆရာမကြီးများ၊ ဖိတ်ကြားထားသူများ၊ မအူပင်တက္ကသိုလ်မှ လုပ်အားပေး ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ လူဦးရေ ၅၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

အောင်မင်း (ဘိုကလေး)

စာကြည့်တိုက်များ သက်ဝင်လှုပ်ရှားရေး အလေးပေးဆွေးနွေးမှုများပြုလုပ်လာ

မန္တလေး မေ ၃

ဒေသအသီးသီးတွင် စာကြည့်တိုက်ရှင်သန်ရေးအလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်နေသည်မှာ အားရစရာပင်ဖြစ်သည်။ စာကြည့်တိုက်ဖွင့်ပွဲများပြုလုပ်နေသည့် မြင်ကွင်းများမှာလည်းအားရဖွယ်ပင်ဖြစ်သည်။ အချို့သော ကျေးရွာများမှ စာချစ်သူများမှာလည်းစာကြည့်တိုက်နှင့် ပတ်သက်သည့် ခံစားချက်များကို တင်ပြဆွေးနွေးသည်များလည်းရှိနေသည်။ ဟန်ပြစာကြည့်တိုက်စနစ်မှ စံပြစာကြည့်တိုက်စနစ် ကူးပြောင်းရေးအတွက်အကြံပြုလာကြသည်။

လက်တွေ့ကြုံတွေ့နေသော စာကြည့်တိုက်အခက်အခဲတွင် စာဖတ်သူနည်းပါးခြင်း၊ စာအုပ်အသစ်မတင်နိုင်ခြင်း၊ စာကြည့်တိုက်ပုံမှန်ဖွင့်နိုင်ရန် စာကြည့်တိုက်မှူးရှားပါးခြင်းများပင်ဖြစ်သည်။ စာကြည့်တိုက်တစ်တိုက်အတွက် အနစ်နာခံပေးဆပ်ဖွင့်သည့် အခါတွင်အများဆုံး နှစ်နှစ်သာလျှင် ဖွင့်နိုင်ပြီးနောက်ပိုင်းတွင် စာကြည့်တိုက်မှာ သော့ခတ်ထားကာ သော့ပျောက်သည်အထိဖြစ်သွားတတ်ကြောင်း သိရသည်။

ကျေးလက်တွင် စာဖတ်အားကောင်းရေးအခြေခံမှစကာ စည်းရုံးရမည်ဖြစ်သည်။ စာဖတ်ချင်စိတ်ပေါက် အောင်စည်းရုံးမှု ပြုလုပ်ကာ အရွယ်နှင့်လိုက်ဖက်သည့် စာပေများကို ညွှန်ကြားပေးရမည်ဟုလည်း ဆိုသည်။ အချို့ကျေးရွာများတွင် စာဖတ်ဝိုင်းများပြုလုပ်ကာ စည်းရုံးလေ့ရှိသည်။ မည်သို့ပင်စည်းရုံးသည်ဖြစ်စေ ခဏသာလျှင်အောင်မြင်ပြီး နောက်ပိုင်းကျရှုံးလာသည်ကိုတွေ့နေရပေသည်။ အချို့သောသူများ အကြံပေးပြောဆိုမှုတွင် သော့ခတ်စာကြည့်တိုက်မဖြစ်ရေး သတိပေးလေ့ရှိပြီး ကိုယ်တိုင်ကမူစာကြည့်တိုက်တစ်ခုအတွက် ပေးဆပ်မှုပြုသူနည်းပါးနေကြောင်း သိရသည်။

စာကြည့်တိုက်၊ စာအုပ်၊ စာဖတ်သူ၊ စာကြည့်တိုက်မှူးများ စုံလင်ကာ ရန်ပုံငွေရှိပါမှ စာကြည့်တိုက်မှာအောင်မြင်နိုင်မည်ဖြစ်ကြောင်းနှင့်ထိုစာကြည့်တိုက်ကိုကျေးရွာများမှ အလေးထား တန်ဖိုးထားပါမှ အောင်မြင်လာနိုင်မည်ဖြစ်သည်။ စာကြည့်တိုက် အောင်မြင်ရေးအတွက် စာကြည့်တိုက်မှူးကောင်းလိုသည်ဟုဆိုထားသည်။ ထိုစာကြည့်တိုက်မှူးကောင်းမှ စာဖတ်ရေးစည်းရုံးမှု၊ စာကြည့်တိုက်ဖွင့်မှုတို့ ကောင်းစွာပြုလုပ်နိုင်ရေးအတွက် ပံ့ပိုးမှုပါလာပါမှ ပိုမိုအဆင်ပြေနိုင်မည်ဟုလည်း ပြောဆိုကြသည်။ အများစုမှာအားလပ်မှုနည်းပါးခြင်း၊ အလုပ်ခွင်အတွင်း အချိန်ကုန်ခြင်း၊ ဖုန်းမှအစ ခေတ်မီနည်းပညာများကြောင့် စာဖတ်အားနည်းလာခြင်းများ ဖြစ်လာသည်။

တံခါးပိတ်ထားသောစာကြည့်တိုက်များ လိုလိုချင်ချင်ဖွင့်နိုင်ရေး ဖွင့်နိုင်လောက်သည့် စွမ်းအားလည်းလိုအပ်လာပြီဖြစ်သည်။ ပျောက်ဆုံးနေသော စာကြည့်တိုက်သော့ကလေးများ ပြန်ရှာရေးစုပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ကျေးရွာများတွင်စာကြည့်တိုက်ရှင်သန်ရေးအတွက် ကျေးရွာအတွင်းမှ လစဉ်လှူဒါန်းငွေကလေးများအဖြစ် ငွေကြေးထည့်ဝင်ပါက အဆင်ပြေလာနိုင်ကြောင်းလည်း ဆွေးနွေးကြသည်။ ထို့အတူပင်အိမ်အရောက် စာအုပ်လိုက်ငှားကာဖတ်ရှုစေခြင်းများဖြင့်လည်းစည်းရုံးသင့်သည်ဟုလည်းဆိုကြသည်။ စာမဖတ်ခြင်းများအကြား စာဖတ်ခြင်းများဖြစ်ပေါ်လာရေး အလုပ်ရုံဆွေးနွေးပွဲများမှသည် လက်တွေ့ဆီရောက်ရန်လိုအပ်ကြောင်းနှင့် စာကြည့်တိုက်များ အမြဲဖွင့်လှစ်နိုင်ရေး ကျေးရွာတိုင်း ညီညွတ်စွာပြုလုပ်ရေးနှိုးဆော်ဖော်ဆောင်ပေးဖို့လိုအပ်လာကြောင်း သိရသည်။ **တိမ်တမန်**

ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျေးရွာပေါင်း(၇၅)ရွာတွင် အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုဆောင်ရွက်ရန် မြင်းခြံဒီဂရီကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများရောက်ရှိ

ကျောက်ပန်းတောင်း မေ ၃

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း ၂၀၁၆ ခုနှစ် အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုများ ဆောင်ရွက်ရန် မြင်းခြံဒီဂရီကောလိပ်မှ ကြီးကြပ်သူ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ (နည်းပြ)များ ရောက်ရှိလာပြီး မေ ၁ ရက်မှစတင်၍ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုများကို ဒေသခံကျောင်းအုပ် ဆရာ၊ ဆရာမကြီးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စေတနာ့ဝန်ထမ်းအဖြစ် စာတတ်မြောက်ရေးလှုပ်ရှားမှု ဆောင်ရွက်သွားကြမည့် ကြီးကြပ်သူများနှင့် နည်းပြအဖြစ် ဆောင်ရွက်ကြမည့် ကျောင်းသား၊ ကျောင်းသူများကို မေ ၁ ရက်၊ နံနက် ၉ နာရီတွင်၊ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း စကားဝါခန်းမတွင် မြို့နယ်ပညာရေးမှူး ဒေါ်ညွန့်ညွန့်မြင့်က တွေ့ဆုံအမှာစကားပြောကြားပြီး၊ ဒေသခံ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံမိတ်ဆက်၍ အပ်နှံခြင်းများဆောင်ရွက်ခဲ့ကြသည်။

"ကျွန်မတို့က မြင်းခြံဒီဂရီကောလိပ်ကပါ။ ကြီးကြပ်သူ ဆရာ၊ ဆရာမ (၁၅) ယောက်နဲ့ သင်တန်းနည်းပြအဖြစ် ဆောင်ရွက်ကြမယ့် ကျောင်းသား၊ ကျောင်းသူက ၁၀၃ ဦး၊ စုစုပေါင်း ၁၀၈ ဦးပါ။ ကျွန်မတို့အနေနဲ့ ကလေးတွေကို ကျေးရွာတွေမှာရှိတဲ့ စာမတတ်သူ မိဘပြည်သူများကို အခြေခံစာတတ်မြောက်ရေးအတွက် ကူညီသင်ကြားပေးရုံတင် မဟုတ်ပါဘူး။ ကျေးလက်နေပြည်သူတွေရဲ့ လက်ရှိဘဝကို ကျောင်းသားတွေအနေနဲ့ မျက်မြင်ကိုယ်တွေ့သိမြင်ပြီး၊ နောင်တစ်ချိန်မှာ ကျေးလက်ဒေသလိုအပ်ချက်တွေကို ပြန်လည်ဖြည့်ဆည်းပေးနိုင်တဲ့ အခြေအနေကိုရောက်လာရင်ဖြည့် ဆည်းပေးနိုင်တဲ့သူတွေ ဖြစ်စေချင်လို့ပါပဲ။ အဲဒီရည်ရွယ်ချက်တွေနဲ့ အခုလိုလုပ်ငန်းကို ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်" ဟု ကြီးကြပ်သူဆရာမ ဒေါ်ကြူကြူစန်း(နည်းပြ၊ ပထဝီဝင်ဌာန) က ပြောသည်။

ကျောက်ပန်းတောင်းမြို့နယ်အတွင်း အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုဆောင်ရွက်ရန် ကျေးရွာအုပ်စု ၁၅ အုပ်စု၊ ကျေးရွာပေါင်း ၇၅ ရွာမှ ကျောင်း ၇၆ ကျောင်းတွင် နေရာချထားဆောင်ရွက်သွားကြမည်ဖြစ်ပြီး၊ စာတတ်မြောက်ရေးလှုပ်ရှားမှုကို မေ ၁ ရက်မှ စတင်၍ မေ ၁၅ ရက်အထိ ၄၅ ရက် သတ်မှတ်ထားသော်လည်း သင်္ကြန်ကာလ ငါးရက်တွင် သင်တန်းနားမည်ဖြစ်ပြီး ရက် ၄၀ ပြည့် သင်ကြားပေးသွားမည်ဖြစ်သည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

ဆောင်းပါး

နံနက်ဦးခေါင်း ညဒူးခေါင်း

à ကြည်လွင်မြင့်(မုဒြာ)

စာရေးသူငယ်စဉ်က ကိုးတန်းစာမေးပွဲဖြေပြီး မတ်လ နွေကျောင်းပိတ်ရက်တွင် ကိုရင်ဝတ်ခဲ့သည်။ သုံးဆယ်မြို့ ထူပါရုံကျောင်းတွင်ဖြစ်သည်။ စာရေးသူ၏ဇာတိမြို့မှာ ဥက္ကံမြို့ဖြစ်သော်လည်း အဖေ၏ အဘွားလေးတော်စပ်သူ၏ စုပေါင်းရှင်ပြုပွဲတွင်ပါဝင်ကာ ဒုတိယအကြိမ် သင်္ကန်းဝတ်ရှင်ပြုခဲ့ခြင်း ဖြစ်သည်။

ထူပါရုံကျောင်းတိုက်သည် အလွန်ကျယ်ဝန်းသော ကျောင်းတိုက်ကြီးဖြစ်ပြီး ဆရာတော်ကြီးများ အဆက်ဆက်မှာလည်း သက်တော်ရှည်ဆရာတော်ကြီးများဖြစ်ကြသည်။ သက်တော် ၉၀ ကျော် ၁၀၀ နီးမှ ပျံလွန်တော်မူကြသည်က များသည်ကို တွေ့ရသည်။

ထိုကျောင်းတိုက်ရှိ စာချဆရာတော် ဘဒ္ဒန္တသုဇာတ၏ ကျောင်းတွင် စာရေးသူ ကိုရင်ဝတ်ဖြင့် နေရသည်။ ထိုဆရာတော်သည် ယနေ့ထက်တိုင် သက်တော်ထင်ရှားရှိသဖြင့် သက်တော် ၈၀ ကျော် ၉၀ ခန့် ရှိနေပြီဖြစ်သည်။ ဆရာတော်များ၏ သက်ရှည်ကျန်းမာခြင်းအကြောင်း တင်ပြလိုသည်။

ဆရာတော် ဘဒ္ဒန္တသုဇာတသည် စာပေပို့ချသည်သာမက ဝိနည်းနှင့်အညီ ကျန်းမာအောင် သွားလာနေထိုင်နည်းများကိုပါ အချိန်အားလပ်သည့်အခါတိုင်း ဆုံးမဩဝါဒပေးလေ့ရှိသည်။ စာရေးသူတို့ သိမီသည့်ကာလအတွင်း ဆရာတော်သည် နေထိုင်မကောင်းဖြစ်သည်ဟု မတွေ့ရ။ စာဝါအမြဲပို့ချနေသော်လည်း မျက်မှန်တပ်ရသည်ကို မတွေ့ရပေ။

စာရေးသူမှတ်မိနေသည့်အရာတစ်ခုမှာ ဆရာတော်စာချသည့်အနီး နံရံပေါ်တွင် မြေဖြူဖြင့်ရေးသားထားသည့် 'နံနက်(မနက်) ဦးခေါင်း၊ ည ဒူးခေါင်း' ဟူသည့် စာတန်းဖြစ်သည်။

နံနက် (မနက်) ဦးခေါင်းဟူသည် အဘယ်နည်း။

ည ဒူးခေါင်းဟူသည် အဘယ်နည်း။

အချိန်အတော်ကြာအောင် မသိခဲ့ပါ။

နေပူပြင်းသောတစ်နေ့တွင် ဦးပဉ္စင်းများ၊ ကိုရင်များကို ယခုလိုပူပြင်းသည့်ရာသီ၌ ရေချိုးရာတွင် သတိရှိကြရန် မြွက်ကြားထားသည်။ ကျောင်းတိုက်အနီးရှိ ရေကန်၌ ညနေစောင်းတွင် ရေမကူးကြရန် တားမြစ်သည်။ ရေချိုးခြင်းကိစ္စကို ကျောင်းအတွင်းရှိ ရေပိုက်နှင့်သွယ်ထားသော အမိုးအကာရှိသည့် အုတ်ကန်တွင်သာ ချိုးရမည်ဟု မြွက်ကြားထားသည်။

ဆရာတော်မြွက်ကြားထားသည်မှာ ပူပြင်းသောနွေရာသီတွင် ရေကို နံနက်စောစောချိုးခြင်းသာ အကောင်းဆုံးဖြစ်သည်။ အရုဏ်ဆွမ်းခံထွက်သော ကိုယ်တော်များသည် ကျောင်းပြန်ရောက်သည်နှင့် ဆွမ်းတန်းဘုဉ်းမပေးရ။ ရေကို အလျင်ချိုးရမည်။ ပြီးမှ ဆွမ်းစားကျောင်းသို့ သွားရမည်ဟုဆိုသည်။

ရေချိုးသည့်နေရာတွင်လည်း ဒူးအောက်ပိုင်းကို အရင်ရေစလောင်းပြီး တဖြည်းဖြည်း အထက်သို့ တက်လောင်းချိုးရမည်။ ဦးခေါင်းကို ရေလောင်းမချိုးသော ကိုရင်ငယ်များကို ဆောင့်ကြောင့်ထိုင်စေပြီး ဆရာတော်ကိုယ်တိုင် ဦးခေါင်းမှ ရေကို အားရပါးရ လောင်းချိုးပေးသည်။

နံနက်စောစော ရေချိုးလျှင် ဦးခေါင်းကိုချန်ထားခဲ့ပါက အခိုးအငွေ့အပူများ ခေါင်းတွင်အောင်းကျန်ခဲ့ပြီး တစ်နေ့လုံး ခေါင်းမကြည်၊ ဉာဏ်မပွင့်၊ စာကျက်၊ စာကြည့်အားမကောင်းဟု ဆိုသည်။ ဦးခေါင်းအခိုးငုပ်ခြင်းကြောင့် မျက်စိအမြင်အာရုံကို ထိခိုက်လာမည်ဟုဆိုသည်။

မျက်စိအဆုံး၊ နားအရှုံးဟူသော စာဆိုနှင့်အညီ မျက်စိတွင် အခိုးမငုပ်စေရန်၊ တိမ်သလ္လာမကပ်စေရန် အရေးကြီးသည်။ ငယ်စဉ်ကတည်းက ဂရုစိုက်လျှင် အသက်ကြီးလာသည်ထိ မျက်စိမမှုန်ဟု ဆိုသည်။

ညဒူးခေါင်းဆိုသည်မှာ ညအိပ်ရာဝင်ခါနီးလျှင် ဒူးအပေါ်မှ ရေလောင်းပြီး ခြေဆေးရမည်။ ထိုသို့ ရေဆေးရာတွင်လည်း နှစ်ခွက်၊ သုံးခွက်လောင်းရုံမျိုးမဟုတ်။ အားပါးတရ ခုနစ်ခွက်၊ ဆယ်ခွက်အထိ လောင်းပြီး ခါးလယ်မှ အခိုးများ အောက်သို့ဆင်းသွားသည် ထင်ရသည်အထိ လောင်းဆေးသင့်သည်။ ထိုသို့ နေ့စဉ်မှန်မှန်ပြုလုပ်သူသည် အညောင်းအကိုက်ရောဂါ၊ ဒူလာပါဒရက်ရောဂါ၊ ခါးနာရောဂါ၊ မျက်စိနှင့်ဦးခေါင်း မကြည်လင်သောရောဂါများပါ သက်သာပျောက်ကင်းစေနိုင်သည်ဟု ဆိုသည်။

စာရေးသူတို့မျိုးရိုးသည် မျက်စိမှုန်သောမျိုးရိုးဖြစ်သည်။ စာရေးသူ၏ဖခင်သည် အသက် ၁၃ နှစ်သားအရွယ်က မျက်မှန်တပ်ရသည်။ စာရေးသူ၏ဖခင်သည် မျက်စိအဆုံး၊ နားအရှုံးမဖြစ်စေချင်ဟုဆိုကာ မျက်စိအာရုံကောင်းစေမည့် နည်းလမ်းများစွာဖြင့် စာရေးသူကို ဂရုတစိုက်ဆောင်ရွက်ပေးခဲ့သည်။ ရေအပြည့်ထည့်ထားသောဇလုံတွင် မျက်နှာကိုငုပ်၍ မျက်စိကို ဖွင့်ချည်၊ ပိတ်ချည် လုပ်ခိုင်းသည်။ အစပထမတွင် ရေမွန်း၍ မလုပ်နိုင်သော်လည်း နောင်တွင် အကျင့်ရလာသောအခါ လုပ်နိုင်လာသည်။ နံနက်အိပ်ရာထ မျက်နှာသစ်ပြီးသည်နှင့် ရေဇလုံတွင် ရေငုပ်ခြင်းကို နေ့စဉ်ပြုလုပ်ခဲ့ရသည်။ ရေဇလုံအတွင်းမှ အေးစက်နေသောရေတွင် မျက်နှာကိုငုပ်၍ မျက်စိဖွင့်ပိတ် ၁၀ မိနစ်ခန့် ပြုလုပ်ပြီးသောအခါ ပူနွေးကျန်ခဲ့သည်ကို တွေ့ရသည်။ မျက်စိမှအပူများ ရေအတွင်းသို့ရောက်သွားခြင်းဖြစ်သည်။

စာရေးသူ ကိုးတန်းကျောင်းသားအရွယ်တွင် ဒုတိယ အကြိမ် ရှင်သာမဏေဝတ်သောအခါ ထူပါရုံကျောင်းမှ စာချဆရာတော်၏နည်းလမ်းအတိုင်း နံနက်စောစော ရေချိုး၊ ရေချိုးသည့်အခါတွင် ခါးအောက်ပိုင်းမှစ၍ တဖြည်းဖြည်းအထက်သို့တက်ပြီး ခေါင်းမှရေလောင်းချိုးသည့် အကျင့်ရလာသည်။

> ညအိပ်ရာဝင်ချိန်တိုင်း ဒူးအထက်မှ ရေများများ လောင်းပြီး ခြေဆေးခြင်း သည် မှန်ကန်သော . . .

ညအိပ်ရာဝင်သည့်အခါတွင်လည်း နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးလုံး ဒူးအထက်ပေါင်လယ်မှစကာ ရေအေးဖြင့် လောင်း၍ ခြေဆေးသည်။ ရေလောင်းရာတွင် ဖလားအပြည့် ခုနစ်ခွက်မှ ၁၀ ခွက်အထိ အားပါးတရလောင်းဆေးသည်။ တစ်ခါတစ်ရံ ပူအိုက်၍ ရေမသုတ်ဘဲထားသော်လည်း လျင်မြန်စွာ ရေခြောက်သွားသည်ကို သတိထားမိသည်။ ငယ်စဉ်က နံနက်အိပ်ရာထလျှင် မျက်ဝတ်များပိတ်ပြီး မျက်ချေးဖတ်များကပ်နေလေ့ရှိခြင်းသည် ညအိပ်ရာဝင် ခြေဆေးအိပ်ခြင်းအကျိုးကြောင့် လုံးဝပျောက်ကင်းသွားသည်ကို သတိပြုမိသည်။

ငယ်စဉ်ကပင် ဖခင်၏နည်းလမ်းဖြင့် မျက်စိကို ရေငုပ်ခြင်း၊ ထို့နောက် ဆရာတော်၏နည်းလမ်းအတိုင်း နံနက်စောစောရေချိုးလျှင် ဦးခေါင်းကို ရေလောင်းချိုးခြင်း၊ ညအိပ်ရာဝင်ချိန် ဒူးအထက်မှ ရေလောင်းခြေဆေးခြင်း အကျိုးကျေးဇူးတို့ကြောင့် စာရေးသူမှာ မျိုးရိုးအတိုင်း ငယ်စဉ်ကပင် မျက်စိမှုန်၊ မျက်မှန်တပ်ရခြင်းဘေးမှ ကင်းဝေးခဲ့သည်။ အသက် ၄၆ နှစ်ခန့်မှ စာကြည့်မျက်မှန် (+၁၅၀ ဒီဂရီ) တပ်ခဲ့ရသည်။ ဤသည်မှာလည်း အသက်အရွယ်အားဖြင့် ပုံမှန်သာဖြစ်သည်ဟု မျက်စိဆရာဝန်က ပြောသည်။

နံနက်ခင်းစောစောအချိန် ရေချိုးသောအခါ ဦးခေါင်းကို ရေလောင်းခြင်းသည် သင့်တော်သော်လည်း နေ့လယ်၊ မွန်းတည့်ချိန်နှင့် ညနေစောင်း နေအပူရှိန်ပြင်းနေဆဲအချိန်များတွင် ဦးခေါင်းကို ရေလောင်းခြင်းမှာ မသင့်ပေ။ အပူရှပ်ခြင်း၊ အပူငုပ်ခြင်း၊ မျက်စိရုတ်တရက်ကွယ်ခြင်းများဖြစ်နိုင်သည်။ အလွန်ပူသောအချိန်တွင် အအေးလောင်းခြင်းသည် ရေနွေးထည့်ထားသောဖန်ခွက်ကို သွန်ပစ်ပြီး ရုတ်တရက် ရေခဲရေလောင်းထည့်လိုက်သောအခါ ဖန်ခွက်ကွဲသွားသည့်ဥပမာနှင့် တူသည်။

နံနက်အိပ်ရာထလျှင်ထချင်း မျက်နှာမသစ်မီ ဒူးမှစ၍ ရေလောင်းပြီး ခြေဆေးလျှင် မျက်စိကြည်သည်။ ဒူးနာရောဂါဘေးမှလည်း ကင်းဝေးသည်ဟု နည်းလမ်းတစ်မျိုးရှိသည်။ ဆွမ်းခံကြွသည့်သံဃာတော်များ ဝိနည်းအရ ဖိနပ်စီးခွင့်မရှိပေ။ မြေကြီးမှအပူများ ခြေဖဝါးမှတစ်ဆင့် မျက်စိထိတတ်သဖြင့် ဆွမ်းခံကြွပြီး ပြန်အလာတွင် ခြေနှစ်ဖက်ရေဆေးရသည်မှာ ဘုရားရှင်လက်ထက်တော်ကပင် ရှိသည်။ နံနက်နှင့် ညအိပ်ရာဝင်ချိန်တို့တွင် ခြေထောက်ရေဆေးခြင်းမှာ အပြစ်မရှိပေ။ နေ့လယ်နေပူပြင်းချိန်တွင် အပြင်မှပြန်လာပြီး ခြေဆေးခြင်းသည် အလွန်ပင် အန္တရာယ်ရှိသဖြင့် မပြုလုပ်သင့်ပေ။

ဒူးသည် ဘဝတစ်သက်တာ သွားလာလှုပ်ရှားမှုဒဏ်၊ အဆင်းအတက်ပြုလုပ်ခဲ့ရခြင်းများကြောင့် အရွတ်ပြားများ ပွန်းစားခြင်း၊ ဒူးဆစ်နှင့်ခုံညင်းရိုးများ ကျိုးပေါင်းတက်ခြင်းတို့ကြောင့် အသက်ကြီးလာလျှင် ဒူးနာရောဂါရလာတတ်သည်။ ဒူးနာရောဂါရှိသူများ၏ ဒူးကိုကြည့်လျှင် ပုံသဏ္ဌာန်မမှန်ခြင်း၊ အဆစ်များရောင်ခြင်း၊ ကြီးခြင်း၊ တောင့်တင်းနေခြင်းများကို တွေ့ရတတ်သည်။ ထိုရောဂါများမှ ကင်းဝေးစေရန် ညအိပ်ရာဝင်ချိန်တိုင်း ဒူးအထက်မှ ရေများများ လောင်းပြီး ခြေဆေးခြင်းသည် မှန်ကန်သော ဒူးနာရောဂါကာကွယ်နည်းဖြစ်သည်။

မျက်စိအမြင်ကြည်လင်စေခြင်း၊ ဒူးနာရောဂါဘေးမှ ကင်းဝေးစေခြင်းအတွက် နည်းလမ်းကောင်းဖြစ်သည့် "နံနက် ဦးခေါင်း၊ ည ဒူးခေါင်း" နည်းလမ်းကို တိုင်းရင်းဆေးပညာရှုထောင့်မှ တင်ပြလိုက်ရခြင်းဖြစ်ပေသည်။

မယ်ညိုတောင်ကြီးဝိုင်းသစ်တောမှထွက်ရှိသော ထင်း ၁၅ ဒသမ ၈၄ ကုဗတန်ကို ဒေသခံများ အသုံးပြုနိုင်ရန် ပေးအပ်

မလှိုင် မေ ၃

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းတစ်ခုဖြစ်သော ခမ္ဘတာမျိုးဆက်ခြင်းလုပ်ငန်းမှ ထွက်ရှိသော ထင်းများကို ဒေသခံပြည်သူများ အသုံးပြုနိုင်ရန် မတ်လ ၂၉ ရက်က မယ်ညိုတောင်ကြီးဝိုင်း အကွက်အမှတ် (၂၃) ၌ပေးအပ်ခဲ့ကြောင်း သိရသည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် စိုက်ခင်းများထူထောင်ခြင်း၊ သဘာဝတောကျန်များထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစားထိုး အခြားလောင်စာအသုံးချရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊ ရေရရှိရေးအကောင်အထည်ဖော်ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းကြီးလေးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒေသခံများ အသုံးပြုရန် ယခုပေးအပ်ခဲ့သော ထင်းများမှာ သဘာဝတောကျန်များထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းမှ ရရှိခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ပေးအပ်ခဲ့သောထင်းများမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဆောင်ရွက်ခဲ့သည့် မယ်ညိုတောင်ကြီးဝိုင်း၊ ကွင်းအမှတ် (၁၆၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃) ရှိ သဘာဝတောကျန်ထိန်းသိမ်းခြင်းဧက ၁၀၀၀ အတွင်း သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းတစ်ခုဖြစ်သော ခမ္ဘတာမျိုးဆက်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့သော ဧက ၁၀၀ မှ ပင်ပူးခွာခြင်း၊ အောက်ခြေကိုင်းချိုင်ခြင်း တောရှင်းခြင်းလုပ်ငန်းများမှထွက်ရှိသော ထင်းများဖြစ်ကြောင်း၊ အပင်ခုတ်လှဲပေးခြင်းမျိုးမဟုတ်ကြောင်း သိရသည်။

ယင်းနောက် မိတ္ထီလာခရိုင်နှင့် မလှိုင်မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက မလှိုင်မြို့နယ်နှင့် ဝမ်းတွင်းနယ်စပ်ရှိ တံခွန်တိုင်ဆည်ကျေးရွာမှ အိမ်ထောင်စု ၄၈ စု တို့အား ထင်း ၁၅ ဒသမ ၈၄ ကုဗတန်ကို ပေးအပ်ခဲ့သည်။ **အောင်ဌေး(မလှိုင်)**

နွေစပါး ပုလဲသွယ် (GW-1) အထူးအထွက်တိုးစပါးမျိုးကို သိပ္ပံနည်းကျစိုက်ပျိုးစနစ်များဖြင့် စိုက်ပျိုးပြသ

ရွှေဘို မေ ၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ချီပါကျေးရွာအုပ်စု ကွင်းအမှတ် (၁၀၀၉) ဦးပိုင်အမှတ် (၈၇/က)ရှိ တောင်သူ ဦးဇော်ဝင်း၏ အဆင့်မြင့်လယ်ယာစိုက်ကွင်း ၂၅ ဧကတွင် ဧပြီလ ၁ ရက်က နွေစပါးပုလဲသွယ် (GW-1) အထူးအထွက်တိုး စပါးမျိုးကို သိပ္ပံနည်းကျ စိုက်ပျိုးစနစ် (G.A.P) ဖြင့် စိုက်ပျိုးပြသပွဲ ပြုလုပ်ရာ ကျေးရွာအုပ်စုငါးအုပ်စုမှ တောင်သူ ၁၅၀ ခန့် တက်ရောက်ကြည့်ရှုခဲ့သည်။

ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမောင်ထူးက တက်ရောက်လာကြသည့် တောင်သူများကို ခရိုင်အတွင်း၌ ယခုနှစ်တွင် နွေစပါးဧက သုံးသိန်းနှင့် အခြားသီးနှံ ခုနစ်သောင်းလျာထားသတ်မှတ်ပြီး လျာထားဧက ပြည့်မီအောင်မြင်သည်အထိ စိုက်ပျိုးရေ ပေးဝေသွားမည်ဖြစ်ရာ စိုက်ပျိုးရေးလုပ်ငန်းနှင့် ပတ်သက်၍ အခက်အခဲရှိပါက ဆက်သွယ်တင်ပြ၍ ဆောင်ရွက်သွားစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

စပါးသီးနှံကို သိပ္ပံနည်းကျစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်း လုပ်ငန်းကို တောင်သူများသိရှိပြီး ကျယ်ကျယ်ပြန့်ပြန့် လိုက်နာဆောင်ရွက်စေလိုသော ရည်ရွယ်ချက်ဖြင့် ဤပြပွဲကို ပြသခြင်းဖြစ်ကြောင်း၊ တောင်သူအချို့မှာ သိပ္ပံနည်းကျစနစ်ဖြင့် လုပ်ကိုင် ဆောင်ရွက်နေကြသော်လည်း တောင်သူအများစုမှာ သမရိုးကျ စိုက်ပျိုးနည်းကို စွန့်လွှတ်နိုင်မှုမရှိသေးကြောင်း၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်း စနစ်များလုပ်ကိုင်ခြင်းဖြင့် တစ်ဧကကုန်ကျစရိတ် သက်သာပြီး အထွက်နှုန်းတိုးတက်ကာ ဝင်ငွေကောင်းပြီး စီးပွားရေးတိုးတက်လာမည်ဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးမှူးဦးဆွေက ယင်းသရုပ်ပြပွဲတွင် ပြောကြားခဲ့သည်။

နွေစပါးနှင့် အခြားသီးနှံ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် သဖန်းဆိပ်ဆည်ရေကို တွက်ချက်ပြီး လုံလောက်စွာ ပေးဝေလျက်ရှိရာ ဆည်ရေကို တောင်သူအချင်းချင်း ညှိနှိုင်းပြီး အလေအလွင့်မရှိစေဘဲ စနစ်တကျရယူပြီး စိုက်ပျိုးသွားကြရန်လိုကြောင်း ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးမှူး ဦးစောသက်ခိုင်ဝင်းက ပြောသည်။

ယင်းနောက် G.A.P စနစ်ဖြင့် ပျိုးထောင်ထားရှိမှုနှင့် ပျိုးပင်များ ချက်ချင်းနုတ်၍ ချက်ချင်းစိုက်ပျိုးနေသော စိုက်ကွက်များ၊ ဆစ်ပိုး ကာကွယ်ရေးကို ဇီဝနည်းဖြင့် နှိမ်နင်းနည်းဖြစ်သည့် ဥကပ်ပါးနဂျိကဒ်များ ချိတ်ဆွဲနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ခင်ဦးစိုးဝေ

၂၀၁၅–၂၀၁၆ ပညာသင်နှစ် ကင်းထောက်မောင်မယ် သင်တန်းဆင်းပွဲ ပဲခူးတွင်ပြုလုပ်

ပဲခူး မေ ၃

၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကင်းထောက်မောင်မယ် သင်တန်းဆင်းပွဲ အခမ်းအနားကို ပဲခူးမြို့ အ-ထ-က (ခွဲ-၂) မြို့တွင်းအနောက် (ခ) စာသင်ကျောင်းတွင် ဧပြီ ၁ ရက် ညနေ ၃ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ပဲခူးတိုင်းပညာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဆရာမကြီးဒေါ်မြင့်မြင့်သန်းက အဖွင့်အမှာစကားပြောကြားပြီး ကင်းထောက်မောင်မယ်များကို ကင်းထောက်ကျင့်ဝတ် (၁၀) ပါးနှင့် ကတိသုံးပါးတို့ကိုလိုက်နာကြရန်၊ မိမိကျောင်းအကျိုးတွင်သာမက ရပ်ရွာပြည်သူအကျိုးတို့ကိုပါ ဆောင်ရွက်၍ စံပြကင်းထောက်မောင်မယ်များအဖြစ် သူငယ်ချင်းတွေကို ပါလက်တွဲခေါ်ယူရန် မှာကြားခဲ့သည်။

ယင်းနောက် သင်တန်းတွင်ဆုရရှိသော မောင်မယ်များကို ဒုတိယညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်မြင့်မြင့်သန်း၊ ခရိုင်ပညာရေးမှူးဒေါ်ခင်မာမာအေး၊ မြို့နယ်ပညာရေးမှူး ဦးဝင်းသိန်း၊ အ-ထ-က (ခွဲ) ၂ မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နီအောင်တို့က ဆုများ ချီးမြှင့်ခဲ့ကြပြီး ကင်းထောက်မောင်မယ်များက 'အစဉ်အသင့်' သီချင်းဖြင့်ပြန်လည် သီဆိုပေးခဲ့သည်။

ခရိုင် ပြန်/ဆက်

သင်္ကြန်ပွဲတော်ကာလ တရားမဝင်ဆေးဝါးများရောင်းချမှု မရှိစေရေး ရှောင်တခင်စစ်ဆေး

မဘိမ်း မေ ၃

သင်္ကြန်ပွဲတော်ကာလမူးခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှုအနေဖြင့် ရှမ်းပြည်နယ် မြောက်ပိုင်း မိုးမိတ်ခရိုင် မဘိမ်းမြို့ မြို့ပေါ်ရပ်ကွက်များနှင့် မြို့မဈေးအတွင်း၌ ရောင်းချနေသောဆေးဆိုင်များ၊ ကုန်စုံဆိုင်များတွင် တရားမဝင်ဆေးဝါးများ ရောင်းချခြင်း ရှိ၊ မရှိကို တာဝန်ရှိသူများက ဧပြီ ၂ ရက် နံနက်ပိုင်းက ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝေလင်း၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိဦးအောင်သူ၊ မြို့မရဲစခန်းမှူးဒုတိယရဲမှူးတင်မောင်လေးနှင့် တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းအဖွဲ့က မြို့ပေါ်ရပ်ကွက်များနှင့် မြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်များ ဆေးဝါးအရောင်းဆိုင်များကို ရှောင်တခင်စစ်ဆေးခဲ့ခြင်းဖြစ်သည်။

သင်္ကြန်ကာလအတွင်း မူးခင်းများဖြစ်ပွားစေနိုင်သည့် မူးယစ်ဆေးဝါးများ၊ စိတ်ငြိမ်ဆေးဝါးများ ထိန်းချုပ်ဆေးဝါးများနှင့် တံဆိပ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် တရားမဝင်ရောက်ရှိလာသည့် ကာမဆန္ဒနှိုးဆွစေသော ဆေးဝါးများအား ရောင်းချခြင်းမပြုရန် အသိပညာပေးခြင်း၊ သတိပေးခြင်းများပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ထိန်လင်းဦး(ပြန်/ဆက်)

လူတော်လူကောင်းများ ပေါ်ထွန်းရန် ကျွန်းလှမြို့တွင် ယဉ်ကျေးလိမ္မာနှင့်အင်္ဂလိပ်စာသင်တန်းဖွင့်လှစ်မည်

ကျွန်းလှ မေ ၃

စစ်ကိုင်းတိုင်းဒေသကြီးကျွန်းလှ မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ ယဉ်ကျေးလိမ္မာပြီး လူကောင်းလူတော်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာနှင့် အင်္ဂလိပ်စာသင်တန်းကို ဧပြီ ၈ ရက်မှ ၂၇ ရက်အထိ အင်ကြင်းမြိုင်ရပ်ကွက် ဝေရိဃ္ဃပညာရေးမူလွန်ကျောင်းတွင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ဒုတိယတန်းမှစ၍ အတန်းသတ်မှတ်ချက်အလိုက် ပို့ချမည်ဖြစ်ပြီး ယခင်အခြေခံအဆင့်အောင်မြင်သူများကို တတိယတန်းမှ အလတ်တန်းသို့လည်းကောင်း၊ အင်္ဂလိပ်စာအခြေခံအတန်းကို သုံးတန်းနှင့်အထက် Elementary တန်းအား ခုနစ်တန်းနှင့် အထက်တက်ရောက်နိုင်ပြီး ကျောင်းပညာရေးရပ်နားထားသူများလည်း တက်ရောက်နိုင်၍ အတန်းလိုက်ထူးချွန်ဆုအပြင် အခြားဆုများလည်းချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

ရေးမြို့၌မွန်ရိုးရာသက်ကြီးပူဇော်ပွဲကျင်းပမည်

ရေး မေ ၃

မွန်ပြည်နယ် ရေးမြို့ ထန်းခြောက်ပင်ဓမ္မာရုံ၌ မွန်ရိုးရာသက်ကြီးပူဇော်ပွဲ ကိုလာမည့်သင်္ကြန်အကြိုနေ့ နံနက် ၇ နာရီတွင် ပူဇော်ကန်တော့ကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မွန်ရိုးရာသက်ကြီးပူဇော်ပွဲတွင် ရေးမြို့ပေါ်ရပ်ကွက်ရှိ အောင်သုခ၊ အောင်မေတ္တာ၊ အောင်မင်္ဂလာရပ်ကွက်အတွင်းနေထိုင်ကြသော အသက် ၈၀ နှစ် အထက် သက်ကြီးဘိုးဘွားများအား တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် လှူဖွယ်ပစ္စည်းများနဲ့အတူ ဘိုးဘွား ၁၅၀ ဦးအား ပူဇော်သွားကြမည်ဖြစ်သည်။

ကန်တော့ခံ ဘိုးဘွားများနှင့် ဧည့်ပရိသတ်များကိုလည်း မြန်မာ့ရိုးရာအတာသင်္ကြန် ထမင်းနှင့် လက်ဖက်ရည်အချိုပွဲများဖြင့် တည်ခင်းကျွေးမွေးလှူဒါန်းပေးသွားမည်ဖြစ်ပြီး ဦးဆောင်ဆရာတော် ထန်းခြောက်ပင်ကျောင်းမှ ဘဒ္ဒန္တပုပ္ဖရမ္မဆရာတော်နှင့်အတူ ဒါယကာ၊ ဒါယိကာမတို့က ဦးဆောင်ဆင်ယင်ကျင်းပလာခဲ့ရာ ယခုအကြိမ်သည် ၂၉ ကြိမ်မြောက် မွန်ရိုးရာသက်ကြီးပူဇော်ပွဲဖြစ်ကြောင်း သိရသည်။

ထွဋ်ထွဋ် (ရေး)

မိုင်းဖြတ်မြို့တွင် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုစခန်းဖွင့်

မိုင်းဖြတ် မေ ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့တွင် မြို့နယ်အတွင်းရှိ ပြည်သူများ စာပေအသိပညာတိုးပွား၍ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ကျိုင်းတုံတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံ ကျောင်းဆရာ၊ ဆရာမများပူးပေါင်း၍ ပညာ ဒါနလုပ်ငန်းဖြစ်သည့် အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုစခန်း ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁ ရက် နံနက် ၉ နာရီက အ-ထ-က (မိုင်းဖြတ်) ရွှေလီဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်အေးနှင့် မြန်မာစာဌာန တွဲဖက်ပါမောက္ခဒေါက်တာ ဒေါ်တင်မိမိနိုင်(ကျိုင်းတုံ)တို့က အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်ခင်လှရီက စာတတ်မြောက်ရေးလှုပ်ရှားဆောင်ရွက်ရခြင်း ရည်ရွယ်ချက်နှင့်လုပ်ငန်းများဆိုင်ရာ ရှင်းလင်းပြောကြားပြီးနောက် လုပ်အားပေး တက္ကသိုလ်ကျောင်းသား မောင်မျိုးထွန်းဦး(ဓာတုဗေဒ၊ နောက်ဆုံးနှစ်)က စာတတ်မြောက်ရေးလှုပ်ရှားဆောင်ရွက်မှု လုပ်ငန်းများတွင် တတ်အားသရွေ့ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်အေးနှင့် ဌာနဆိုင်ရာများ၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ကျိုင်းတုံတက္ကသိုလ်မှ မြန်မာစာဌာန တွဲဖက်ပါမောက္ခဒေါက်တာဒေါ်မိမိနိုင်နှင့် ဆရာမများ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံဆရာ၊ ဆရာမများ၊ ရပ်ကွက်အုပ်စု အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့သည်။

အဆိုပါ စာတတ်မြောက်ရေး လှုပ်ရှားမှုစခန်းကို ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အထိ မြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်နှင့် ကျေးရွာခုနစ်ရွာမှ စာသင်သား ၃၈၇ ဦးကို စာသင်ဝိုင်း ၃၉ ဝိုင်းဖြင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရသည်။

မြို့နယ် ပြန်/ဆက်

စဉ့်ကိုင်မြို့နယ်တွင် မီးဘေးလုံခြုံရေးအတွက် စက်သုံးဆီအရောင်းဆိုင်များအား စစ်ဆေး

စဉ့်ကိုင် မေ ၃

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေးအတွက် ရပ်ကွက်၊ ကျေးရွာများတွင် အသိပညာပေးဟောပြောခြင်း၊ မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂ ရက် နံနက် ၉ နာရီက စဉ့်ကိုင်မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် စဉ့်ကိုင်မြို့ ရန်အောင်မြင်ရပ်ကွက်စိန်သိန်း စက်သုံးဆီအရောင်းဆိုင်နှင့် ပင်ချားကျေးရွာရှိ ဇော်ဂျီစက်သုံးဆီအရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေးအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးရာတွင် စက်သုံးဆီများကို မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအတွင်း ဆီများဖြည့်ရာတွင် စနစ်တကျဖြင့် ဂရုပြုဆောင်ရွက်ရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပစ္စည်းများ၊ ပြည့်စုံစွာထားရှိရေး၊ မီးသတ်ဆေးဘူးများအသုံးပြုပုံများကို လက်တွေ့သရုပ်ပြပေးခြင်းနှင့်မီးလောင်မှုဖြစ်ပွားစေနိုင်သည့် အပြုအမူများကို ရှောင်ရှားကြရန်နှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကိုဆွေးနွေးပြောကြားခြင်းနှင့်စစ် ဆေးခြင်းများဆောင်ရွက်ခဲ့ကြသည်။

တင်တင်ထွေး(စဉ့်ကိုင်)

လက်ထောက်ဦးစီးမှူး များ မွမ်းမံသင်တန်း အမှတ်စဉ် (၂) သင်တန်းဆင်းပွဲကျင်းပ

တိုက်ကြီး မေ ၃

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာန ဒုတိယဦးစီးမှူးရာထူး တိုးမြှင့်ခန့်ထားမည့် လက်ထောက်ဦးစီးမှူးများ မွမ်းမံသင်တန်း အမှတ်စဉ် ၂ သင်တန်းဆင်းပွဲကိုမတ်လ ၃၁ ရက် နံနက် ၉ နာရီတွင် တိုက်ကြီးမြို့နယ် ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်းတွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါသင်တန်းတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး (ကျောင်းအုပ်ကြီး) ဦးမျိုးဦးက သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။ သင်တန်းဆင်းပွဲသို့ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား ၃၃၉ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သင်တန်းတွင် ကြေးတိုင်နှင့် စီမံကိန်းဌာနခွဲ၊ မြေတိုင်းပုံထုတ်ဌာနခွဲ၊ မြေယာစီမံခန့်ခွဲရေးဌာနခွဲ၊ စာရင်းအင်းဌာနခွဲ၊ စီမံရေးရာဌာနခွဲများမှ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ ညွှန်ကြားချက်များ၊ စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေ စသည့်ဌာနလုပ်ငန်းများအပြင် ကွန်ပျူတာဘာသာရပ်နှင့် Crop Database သဘောတရားများ စသည့်ဘာသာရပ်များကို လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။

ထွန်းလှိုင် (မြိုင်)

သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးနှိမ်နင်းရေး ဗွီနိုင်းဆိုင်းဘုတ်များဆိုက်ထူ

မန္တလေး ဧပြီ ၃

သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ် တားဆီးနှိမ်နင်းရေး အရှိန်အဟုန်မြင့်ဆောင်ရွက်မှုတစ်ရပ်အဖြစ် ရပ်ကွက်များအတွင်း ပြည်သူများအား အသိပညာပေးဟောပြောခြင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ သတင်းပေးတိုင်ကြားနိုင်ရေးအတွက် ဗွီနိုင်းဆိုင်းဘုတ်များ တပ်ဆင်ခြင်း၊ ဆေးဆိုင်များတွင် ကာမရာဂစိတ်ကြွဆေးပြားများ ရောင်းချမှုမရှိစေရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂ ရက် နံနက် ၁၀ နာရီက ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်နှင့် (စ) ရပ်ကွက်အတွင်းရှိ ရပ်ကွက်ရုံးများနှင့် လူစည်ကားရာ လမ်းဆုံလမ်းခွများတွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ပြည်သူများသတင်းပေးတိုင်ကြားနိုင်ရန် ဗွီနိုင်းဆိုင်းဘုတ် ၁၅ ခုအား တပ်ဆင်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေးတောင်ပိုင်းမှ ဒုတိယရဲမှူးသန်းထွန်း၊ ပြည်ကြီးတံခွန်မြို့နယ် မြို့မရဲစခန်းမှ ဒုတိယရဲမှူးဇော်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်နေပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သန်းဇော်မင်း(ပြန်/ဆက်)

အရာတော်မြို့နယ်တွင် အယ်လ်နီညိုကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

အရာတော် ဧပြီ ၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ၌ လာမည့်နွေရာသီတွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေ ရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဧပြီ ၁ ရက်က ကျေးရွာများအရောက်ကွင်းဆင်းဆောင်ရွက်နေကြောင်း သိရသည်။

လတ်တလောကာလမှာ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အပူရှိန်များ မြင့်တက်လာပြီဖြစ်ကြောင်း၊ အပူရှိန်များ မြင့်တက်လာမှုကြောင့် အရာတော်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သောက်သုံးရေကန်များ သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းအပြင် ကျေးရွာများမှာ လတ်တလော သောက်ရေသုံးရေရှိပေမဲ့ ရုတ်တရက် သောက်သုံးရေပြတ်လပ်နိုင်သော ကျေးရွာ (၆) ရွာကို သောက်သုံးရေပြတ်လပ်မှုအခြေအနေနှင့် ကြုံတွေ့လာပါက ဆက်သွယ်ဆောင်ရွက်ရမည့် နည်းလမ်းများကို ကျေးရွာများနှင့် ညှိနှိုင်း၍ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်မှ ဦးစီးအရာရှိ ဦးတေဇာထွန်းက ပြောကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

ဖတ်စရာ

မြင်းလှည်းကလေးနဲ့သွားမှုများ အင်းဝရွှေစည်းခုံဘုရား

à တိမ်တမန်

ပျော်ရွှင်ခြင်း၊ လွတ်လပ်ခြင်း၊ သဘာဝအလှအပရှုခင်းများနှင့် စိတ်ကိုပျော်ရွှင်ကြည်နူးစေသော ဘုရားဖူးခရီးစဉ်တစ်ခုကိုပြပါဆိုလျှင် အင်းဝဒေသ ဘုရားဖူးခရီးစဉ်ကို ပြသရမည်ဖြစ်သည်။ တံတားညီနောင် မြစ်ညီအမဟု တင်စားထားသော ဧရာဝတီမြစ်ကူးတံတားများဖြစ်သည့် အင်းဝတံတား (စစ်ကိုင်းတံတား)၊ ဧရာဝတီတံတား (ရတနာပုံ) တို့၏ အလှများ၊ စစ်ကိုင်းတောင်တန်း၏ အလှများ၊ ကမ်းခြေဇေယျာဦးမှ စေတီပုထိုးများစွာကို ပြည့်စုံစွာခံစားရသော ဒေသပင်ဖြစ်သည်။

ဒုဋ္ဌဝတီမြစ်ကို စက်လှေဖြင့်ဖြတ်အကူးတွင် လှပသောရှုခင်းကို မြင်တွေ့နိုင်ပေသည်။ အင်းဝဘက်အရောက် မယ်နုအုတ်ကျောင်းအနီးတွင် များလှစွာသော မြင်းလှည်းများက ဆီးကြိုနေပေသည်။ ယောကျ်ားကလေးများသာမက မိန်းကလေးများပင် မောင်းနှင်လေ့ရှိသည်။ မြင်းလှည်းတစ်စီးလျှင် နှစ်ယောက်နှုန်းတင်ဆောင်ကာ အင်းဝတစ်ခွင် လှည့်လည်ဘုရားဖူးရခြင်းအရသာမှာ စိတ်ကို လွတ်လပ်ပေါ့ပါးပျော်ရွှင်စေပေသည်။ အင်းဝဒေသရောက် ဘုရားဖူးများမှာ အင်းဝရွှေစည်းခုံဘုရားသို့ မြင်းလှည်းကလေးများဖြင့် သွားရောက်ဖူးမြော်လေ့ရှိသည်။

ဒေသခံများကမူ မြင်းလှည်းကလေးနှင့်သွားမှုများ အင်းဝရွှေစည်းခုံဘုရားဟုပင် တင်စားထားကြသည်။ အင်းဝရွှေစည်းခုံဘုရားမှာ အင်းဝမြို့ဟောင်းရှိ စည်တိုပုံမြို့ရိုး၏ အနောက်တောင်ထောင့်တွင်တည်ရှိသော စေတီပင်ဖြစ်သည်။ စေတီတော်ကို ပထမအင်းဝခေတ်၊ မင်းကြီးစွာစော်ကဲ (အေဒီ ၁၃၆၇-၁၄၀၀) မြန်မာသက္ကရာဇ် (၇၃၂) ခု အေဒီ (၁၃၇၀) တွင် တည်ထားကိုးကွယ်ခဲ့သော စေတီပင်ဖြစ်သည်။ စေတီတော်တည်ထားရခြင်းအကြောင်းထဲတွင် မင်းကြီးစွဲစော်ကဲငယ်ဆရာ၏ တိုက်တွန်းချက်လည်းပါသည်။ မင်းကြီးစွာစော်ကဲမင်းဖြစ်သောအခါ ငယ်ဆရာက ဘုန်းကြီးလို့သက်တော်ရှည်လိုသော် အနောက်တောင်အရပ်မှာ ဘုရားတည်ဆိုသော တိုက်တွန်းချက်အရ ရွှေစည်းခုံစေတီတော်ကို တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။

စေတီတော်မှာ နောက်ဆက်ခံသည့် ညောင်ရမ်းအဆက်ဆက် အလေးထားကိုးကွယ်ခဲ့သည့် စေတီတစ်ဆူဖြစ်သည်။ သာလွန်မင်းလက်ထက်တွင်တစ်ကြိမ်၊ ပြည်မင်းလက်ထက်တွင်တစ်ကြိမ်၊ လုံးတော်ပြည့် ရွှေချတော်မူခဲ့သည်။ အထူးသဖြင့် ညောင်ရမ်းမင်း၏ အချို့သောဘာသာရေးအခမ်းအနားကို ရွှေစည်းခုံစေတီတော်၌ ကျင်းပလေ့ရှိသည်။ စေတီတော်၏ထူးခြားချက်မှာ ညောင်ဦးရွှေစည်းခုံစေတီတော်ကဲ့သို့ ပစ္စယံများ၊ မကာရ်းရုပ်ပါ နတ်လှေကားများ၊ စေတီရံများနှင့်အတူ နောက်ပိုင်းကိုယ်ထည်နှစ်ခုရှိသော ထောင့်ခြင်္သေ့ကြီးများ ထည့်သွင်းတည်ဆောက်ထားသည်။

ခေတ်အဆက်ဆက် သဘာဝဘေးအန္တရာယ်ကြောင့် ပြိုကျပျက်စီးမှုရှိခဲ့သော်လည်း ဂေါပကအဖွဲ့နှင့် ဒေသခံများ စုပေါင်းပြင်ဆင်မှုဖြင့် စေတီတော်ကို အင်္ဂါရပ်စုံလင်စွာ ဖူးမြော်နိုင်သည်။ လက်ရှိကာလတွင် အင်းဝဒေသရောက် ပြည်တွင်းဘုရားဖူးများ၊ နိုင်ငံတကာခရီးသွားဧည့်သည်များမှာ မြင်းလှည်းကလေးများဖြင့် အင်းဝရွှေစည်းခုံဘုရားသို့ အရောက်သွားလေ့ရှိကြသည်။ ။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေစီးရေလာကောင်းမွန်ရေး အပတ်စဉ်ဆောင်ရွက်

ရန်ကုန် ဧပြီ ၃

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း ရေစီးရေလာကောင်းရေးအတွက် ခရိုင်စည်ပင်သာယာရေးကော်မတီက ကြီးကြပ်၍ ခရိုင်အင်အားဖြင့် အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်နေကြောင်း ဧပြီ ၂ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် တပင်ရွှေထီးလမ်းတစ်လျှောက် ရေစီးရေလာကောင်းရေး ဆောင်ရွက်နေသည့်လုပ်ငန်းခွင်မှ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသိန်းဌေးက ပြောသည်။

"တပင်ရွှေထီးလမ်းက အမှတ် ၉ ရပ်ကွက်နဲ့ အမှတ် ၁၀ ရပ်ကွက်ကို နယ်နမိတ်ပိုင်းခြားထားတဲ့ လမ်းမကြီးပါ။ တပင်ရွှေထီးလမ်း ရေနုတ်မြောင်းက နောင်ရိုးချောင်းကတစ်ဆင့် ငမိုးရိပ်ချောင်း မြစ်ထွက်ပေါက်ကို စီးဝင်သွားပါတယ်" ဟု ၎င်းကပြောသည်။

ယင်းလုပ်ငန်းကို အရှေ့ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးတင့်လွင်က ကြီးကြပ်၍ ခရိုင်နယ်နိမိတ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ စီမံရေးရာဌာန၊ သန့်ရှင်းရေးဌာန၊ လမ်းနှင့်တံတားဌာန၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနတို့မှ ဝန်ထမ်းအင်အား ၁၀၀ ခန့်ဖြင့် တပင်ရွှေထီးလမ်းတစ်လျှောက် ခြုံနွယ်မြက်ပင်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ပိန်းရိုင်း၊ ဗေဒါနှင့် အမှိုက်သရိုက်များအား ဆယ်ယူရှင်းလင်းဆောင်ရွက်ကြသည်။

မောင်သုည

နဂါးတောင်ရှိ ရှေးဟောင်းစေတီအား လာရောက်ဖူးမျှော်ကြသည့် ဘုရားဖူးများ အဆင်ပြေစွာ ကြည်ညိုလေ့လာနိုင်ရန် ကားလမ်းဖောက်လုပ်

သီပေါ ဧပြီ ၃

မန္တလေး-လားရှိုး-မူဆယ်သွား ပြည်ထောင်စုကားလမ်းမကြီးအနီးမှ ခွဲထွက်၍ နဂါးတောင်ရှိ ရှေးဟောင်းစေတီသို့ သွားရန် တောင်တက်ကားလမ်းတစ်ခုကို စေတနာရှင်တစ်စုက ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါတောင်တက်ကားလမ်းဖောက်လုပ်လျက်ရှိသည့်နေရာမှာ ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပန်စဝ်မိန်းကျေးရွာအုပ်စုတွင်ဖြစ်သည်။ နဂါးတောင်ဟု ဒေသခံတို့က ခေါ်ဆိုသမုတ်ကြသော ယင်းတောင်ပေါ်တွင် ရှေးစော်ဘွားကြီးများတည်ထားကိုးကွယ်ခဲ့သည့် ရှေးဟောင်းစေတီတစ်ဆူရှိသည်။ မကြာမီက တောင်ငူမြို့မှ ဆရာတော်တစ်ပါးက အိပ်မက်အရ ဒေသခံများနှင့် လာရောက်ပူးပေါင်း ရှာဖွေဖော်ထုတ်ခဲ့ရာတွင် ယင်းရှေးဟောင်းစေတီတော်အား တွေ့ရှိခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ စေတီတော်ဟောင်းအား ပြန်လည်ပြုပြင်မွမ်းမံပြီး ဉာဏ်တော်အမြင့်ပေ ၃၀ ဖြင့်တည်ထားကာ ရွှေထီးတော်တင်လှူပူဇော်ထားသည်။ ယင်းတောင်ပေါ်စေတီတော်ကုန်းမြေတွင် သာသနာတော်စည်ပင်ထွန်းကားရန် ရည်ရွယ်ချက်များဖြင့် နဂါးရုံဘုရားသစ်တစ်ဆူ တည်ထားပြီး သီပေါမြို့မှ ဦးပိုးဖြူနှင့် မောင်နှမတစ်စု၊ ဇီးပင်ကြီးမှ ဦးဝင်းထွန်း-ဒေါ်မြသန်းမိသားစုတို့က ဇရပ်တစ်ဆောင်ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။

ရန်ကုန်မြို့မှ စေတနာရှင် ဦးသန်းဝင်းနှင့် ဦးရွှေသောင်းတို့ကလည်း ကျပ်လေးသိန်းတန်ဖိုးရှိ ဆိုလာပြား၊ ဘက်ထရီ၊ အင်ဗာတာတို့ကိုလည်း လှူဒါန်းထားရှိကြသည်။ ပြည်ထောင်စုကားလမ်းမကြီးပေါ်မှ ခွဲထွက်၍ ၎င်းနဂါးတောင်ပေါ်သို့ တက်ရောက်နိုင်ရေးအတွက် လမ်းအရှည် ပေ ၃၀၀၀ ကျော်၊ အကျယ် ၂၅ ပေရှိ တောင်တက်ကားလမ်းကို ခက်ခဲစွာ ဖောက်လုပ်လျက်ရှိရာတွင် စေတနာရှင် ဦးစိုင်းကာလိန်ဝမ်းနှင့် သားကိုအိုက်ကျော် အောင်ကမ္ဘာရှားကုမ္ပဏီမိသားစုမှ မြေကော်ဘက်ဟိုးယာဉ်ကြီးများ၊ မြေသယ်ကားများဖြင့်ပါဝင်ရောက်ကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ အဆိုပါနဂါးတောင်ပေါ်ရှိ ရှေးဟောင်းနောင်တော်ကြီးစေတီတော်သို့ ဖောက်လုပ်လျက်ရှိသော တောင်တက်လမ်းအချောခင်းရေး၊ တောင်ပတ်လမ်းဖောက်လုပ်ရေး၊ လျှပ်စစ်မီးရရှိရေးတို့ကို မိုးမကျမီ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ကြိုးစားစီမံလျက်ရှိကြောင်း၊ တောင်တက်ကားလမ်း အချောခင်းကျင်းပြီးစီးသွားပါက ရပ်နီးရပ်ဝေးမှ ဘုရားဖူးများနှင့် ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များပါ အလွယ်တကူ သွားလာနိုင်ရန် ရည်မှန်းထားကြောင်း၊ စေတနာရှင် အလှူရှင်တစ်စုက တတ်စွမ်းနိုင်သမျှ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းသာဖြစ်ပြီး ရပ်နီးရပ်ဝေးသို့ မည်သည့်အလှူခံကိုမှ စေလွှတ်ထားခြင်းမရှိကြောင်း ဦးစီးစီမံဆောင်ရွက်နေသည့် အကျိုးတော်ဆောင်တစ်ဦးဖြစ်သူ ဦးဘအေး (အကောင်းကြိုက်မြန်မာထမင်းဆိုင်ပိုင်ရှင်၊ သီပေါမြို့) က ရှင်းလင်းပြောပြခဲ့သည်။

အဆိုပါနဂါးတောင်ပေါ်ရှိ ရှေးဟောင်းစေတီသို့ တက်ရောက်ရာ တောင်တက်ကားလမ်း အချောခင်းကျင်းခြင်းလုပ်ငန်းများနှင့် သာသနာရေးဆောင်ရွက်မှုလုပ်ငန်းများအတွက် တတ်စွမ်းနိုင်သမျှ တစ်တပ်တစ်အားပါဝင်ကူညီလှူဒါန်းလိုကြသည့် စေတနာရှင်များအနေဖြင့် ဖုန်း-၀၉ ၆၀၆၃၄၂၁၁၊ ၀၉ ၃၃၄၂၂၂၅၅၉၊ ၀၉ ၇၈၈၀၈၄၀၈၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **သီပေါကိုလတ်**

မြန်မာနိုင်ငံရှိ အမေရိကန်သံရုံးမှ တတိယအတွင်းဝန်နှင့် နိုင်ငံရေးကျွမ်းကျင်သူတို့ ရေးမြို့နယ် ကော်မတီလေးရပ်မှ တာဝန်ရှိသူများအားတွေ့ဆုံ၍ အခက်အခဲပြဿနာများဆွေးနွေး

ရေး ဧပြီ ၃

မြန်မာနိုင်ငံရှိ အမေရိကန်သံရုံးမှ တတိယအတွင်းဝန် Mr. J. Keegan de Lancie နှင့် နိုင်ငံရေးကျွမ်းကျင်သူ ဒေါ်နန်းခင်လေးငယ်တို့သည် ရေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ဧပြီ ၂ ရက် နံနက် ၉ နာရီက မြို့နယ်ကော်မတီလေးရပ်မှ တာဝန်ရှိသူများအား တွေ့ဆုံခဲ့ပြီး မွန်ပြည်သစ်ပါတီနှင့်ဆက်ဆံရေး၊ ငြိမ်းချမ်းရေး တိုးတက်ကောင်းမွန်ရေး၊ NCA လက်မှတ်ထိုးနိုင်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး၊ လူမှုစီးပွားဘဝတိုးတက်ရေး၊ ယဉ်ကျေးမှုထိန်းသိမ်းရေးကိစ္စရပ်များနှင့် မြေယာသိမ်းဆည်းမှု ရှိ-မရှိကိစ္စတို့အား ၁ နာရီ ၁၅ မိနစ်ကြာ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆက်လက်ပြီး နံနက် ၁၁ နာရီက ဒေသအတွင်း လက်ရှိတွေ့ကြုံခံစားနေရသော စီးပွားရေးအခြေအနေများ၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကိစ္စရပ်များကို ဖိတ်ကြားထားသည့် မြို့မိမြို့ဖများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ယင်းနောက်မွန်ဒေသလူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ရုံး၌ မွန်းလွဲ ၂ နာရီက ဖိတ်ကြားထားသောအရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ ဒေသအတွင်းလက်ရှိဖြစ်ပေါ်တွေ့ကြုံခံစားနေရသော သိမ်းဆည်းခံလယ်ယာမြေပြဿနာများ၊ ရေလုပ်သားပြဿနာများ၊ မူးယစ်ဆေးဝါးကြောင့်ဖြစ်ပေါ်နေသောပြဿနာများ၊ မွန်ကရင်တိုင်းရင်းသားယဉ်ကျေးမှု စာပေကဏ္ဍ၊အမျိုးသမီးအခွင့်အရေးဆိုင်ရာများ၊ လူမှုဘဝခြိမ်းခြောက်ခြင်းနှင့် လူ့အခွင့်အရေးဆိုင်ရာ ဖြစ်ပေါ်ခံစားနေရသည့်အရာများကို တွေ့ဆုံဆွေးနွေးခဲ့သည်။

ဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမေရိကန်အစိုးရအနေဖြင့် ကူညီထောက်ပံ့ပေးနေသည့်ပြင် လက်ရှိအစိုးရသစ်လက်ထက်တွင်လည်း ဒေသအတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အမေရိကန်သံရုံးမှ တတိယအတွင်းဝန် Mr.J.Keegan de Lancie က ပြောသည်။

အဆိုပါအမေရိကန်သံရုံးမှ တာဝန်ရှိသူများသည် ရေးမြို့နယ်သို့ ရောက်ရှိနေစဉ်တွင် ဧပြီ ၁ ရက်က မွန်ပြည်သစ်ပါတီ ထားဝယ်ခရိုင်မှ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံ၍ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်များ၏ ရပ်တည်မှုအခြေအနေများကိုဆွေးနွေးခဲ့ကြောင်း သိရသည်။ **ထွဋ်ထွဋ်(ရေး)**

နမ့်စန်မြို့နယ်တွင် နွေရာသီ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုဖွင့်ပွဲ ကျင်းပ

နမ့်စန် ဧပြီ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်တွင် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁ ရက် နံနက် ၉ နာရီက မြို့နယ်ခန်းမတွင် ကျင်းပခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်ကော်မတီသုံးရပ်မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ပညာရေးဌာနမှ ဆရာ၊ ဆရာမများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသူရက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခေတ္တမြို့နယ်ပညာရေးမှူး ဒေါ်စုစုလှိုင်က လူတိုင်းအတွက် ပညာရေးရည်မှန်းချက်အရ စာဖတ်ဝိုင်းများကို လုပ်အားပေး ဆရာ၊ ဆရာမများ၊ ပင်လုံတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများဖြင့် ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ မေလ ၁၅ ရက်ထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နမ့်စန်မြို့နယ်အနေဖြင့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ရွှေ့ပြောင်းစမ်းသပ်အကောင်အထည်ဖော်မှုအနေဖြင့် ဟိုက်ဖတ်ကျေးရွာနှင့် မိုင်းစိတ်ကျေးရွာတို့တွင် စာသင်ဝိုင်းခြောက်ဝိုင်းဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သူရအောင်(ပြန်/ဆက်)**

ဖျာပုံခရိုင်ကျေးရွာများ၌ မူလတန်းကြိုကျောင်းများဖွင့်လှစ်နိုင်၍ ဒေသခံများဝမ်းသာ

ဖျာပုံ ဧပြီ ၃

လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ ဖျာပုံခရိုင်အတွင်းမှ မူလတန်းကြိုကျောင်းများအား ဧပြီ ၁ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဖွင့်လှစ်သည့် မူလတန်းကြိုကျောင်းများတွင် ဖျာပုံမြို့နယ် ကျုံကဒွန်းကျေးရွာမူလတန်းကြိုကျောင်း၊ ကဇော်ကျေးရွာ မူလတန်းကြိုကျောင်းနှင့် အမာမြို့နယ်ခွဲ မူလတန်းကြိုကျောင်းတို့ပါဝင်ပြီး ခွင့်ပြုရန်ပုံငွေကျပ်သိန်းပေါင်း ၁၂၀၀ သုံးစွဲဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ မူလတန်းကြိုကျောင်းဆောင်သစ်များကို တိုင်းဒေသကြီး လူမှုဝန်းထမ်းဦးစီးမှူး ညွှန်ကြားရေးမှူး ဒေါ်ခင်မေနုနှင့် ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ကျေးရွာများတွင် မူလတန်းကြိုကျောင်း ဖွင့်လှစ်လိုက်သည့်အတွက် မြို့ပေါ်ရှိ ကလေးငယ်များနည်းတူ ကျေးရွာရှိ ကလေးငယ်များလည်း မူလတန်းကြိုပညာရပ်များ သင်ယူနိုင်မည်ဖြစ်၍ ဒေသခံများဝမ်းသာနေကြကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

၁၃၇၇ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း နှစ်စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိသော သင်္ကြန်အထူးရထားများ ပုံမှန်ပြေးဆွဲမည်

ရန်ကုန် ဧပြီ ၃

ရန်ကုန်မြို့တွင်းနေထိုင်သော ရထားစီးခရီးသည်များနှင့် နယ်ဒေသများရှိ ရထားစီးခရီးသည်များ အဆင်ပြေစေရေးအတွက် နှစ်စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိသော သင်္ကြန်အထူးရထားတွဲဆိုင်းများကို ၁၃၇၇ ခုနှစ် သင်္ကြန်ကာလအတွင်း၌လည်း နေ့စဉ် သင်္ကြန် အထူးရထားခရီးစဉ်များအဖြစ် ခရီးစဉ်အလိုက် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားက ဧပြီ ၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

လာမည့် ဧပြီ ၉ ရက်တွင် ရန်ကုန်-မန္တလေး သင်္ကြန်အထူးရထားတစ်စင်း၊ ဧပြီ ၁၀ ရက်တွင် ရန်ကုန်-မန္တလေး သင်္ကြန်အထူးရထားတစ်စင်းနှင့် မန္တလေး-ရန်ကုန် သင်္ကြန်အထူးရထားတစ်စင်း၊ ဧပြီ ၁၁ ရက်တွင် ရန်ကုန်-မန္တလေး သင်္ကြန်အထူးရထားတစ်စင်းနှင့် မန္တလေး-ရန်ကုန် သင်္ကြန်အထူးရထားတစ်စင်း၊ ဧပြီ ၁၂ ရက်တွင် ရန်ကုန်-မန္တလေး သင်္ကြန်အထူးရထားတစ်စင်း၊ ဧပြီ ၁၇ ရက်တွင် မန္တလေး-ရန်ကုန် သင်္ကြန် အထူးရထားတစ်စင်းနှင့် ဧပြီ ၁၈ ရက်တွင် မန္တလေး-ရန်ကုန်သင်္ကြန် အထူးရထားတစ်စင်းတို့အား ပြေးဆွဲသွားမည်ဖြစ်ပြီး ဧပြီ ၁၉ ရက်တွင် ရန်ကုန်မြို့၌ ရထားတွဲဆိုင်းများအား သိမ်းဆည်းမည်ဖြစ်သည်။ ဧပြီ ၂၀ ရက်တွင် ရန်ကုန်-နေပြည်တော်ပြေးဆွဲမည့် သင်္ကြန်အထူးရထား (၁)၊ (၂)ရထားတွဲဆိုင်း နှစ်ဆိုင်းအား ပြေးဆွဲပေးသွားမည်ဖြစ်သည်။

မြန်မာ့မီးရထား တိုင်းအမှတ်(၇)မှ လက်ထောက်အထွေထွေမန်နေဂျာ (ပို့ဆောင်ရေး) ဦးကျော်စိုးလင်းက “ သင်္ကြန်ကာလနီးတဲ့ ပြီးခဲ့တဲ့နှစ် ဧပြီ ၈ ရက်ကတော့ အစုအဖွဲ့လိုက်သွားတဲ့ သီးသန့်ခရီးသည်တွေဟာ အမှတ်(၅)အဆန်၊ အမှတ် (၃)အစုန်တို့မှာ များပြားခဲ့ပါတယ်။ အဲဒီတော့ ရထားစီးခရီးသည်များ လက်မှတ်အခက်အခဲ နည်းနည်းဖြစ်ခဲ့ကြရပါတယ်။ ဒီနှစ်မှာလည်း အဲ့လိုသီးသန့်တွဲတွေကို ခရီးသည်များတောင်းဆိုလာမှုရှိပေမယ့် ကျွန်တော်တို့ မြန်မာ့မီးရထားက ဒီရထားတွဲဆိုင်းဖြစ်တဲ့ အမှတ်(၅)အဆန်၊ (၃) အစုန်တို့ကို မပေးတော့ဘဲ နေပြည်တော်ကနေ RBE ရထားနှစ်စင်းကို ဧပြီ ၇ ရက်နဲ့ ၈ ရက်မှာ ပြေးဆွဲပေးမယ့် ရန်ကုန်-မန္တလေးရထားခရီးစဉ်ဖြစ်တဲ့ သင်္ကြန်အထူးရထားခရီးစဉ်မှာ ပြေးဆွဲပေးမှာပါ။ သင်္ကြန်အထူးရထားတွဲဆိုင်းတွေအတွက် ရထားစီးခရီးသည်တွေ လက်မှတ်ဝယ်ယူရာမှာ အခက်အခဲမဖြစ်စေရပါဘူး။ (၅) အဆန်အထက်တန်းတွဲကလွဲလို့ ကျန်ရထားတွဲဆိုင်းတွေမှာ လက်မှတ်ဝယ်ယူမှုအဆင်ပြေမှာပါ။ သင်္ကြန်ကာလပြေးဆွဲပေးမယ့် ရိုးရိုးတန်းတွဲတွေမှာလည်း ခုံပြည့်သွားပြီဆိုရင် ရထားစီးခရီးသည်တွေ အဆင်ပြေစေဖို့အတွက် ခုံမဲ့များကို စီစဉ်ရောင်းချပေးသွားမှာပါ။ အမှတ်(၅) အဆန် အထက်တန်းတွဲကလွဲလို့ပေါ့ ” ဟု ရှင်းပြခဲ့သည်။

ဧပြီ ၁၇ ရက်မှစတင်ကာ သင်္ကြန်ရထားတွဲဆိုင်းများအပါအဝင် ပုံမှန်ပြေးဆွဲပေးနေသည့် ရထားတွဲဆိုင်းများပါ ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ဧပြီ ၂၀ ရက်တွင် ရန်ကုန်-နေပြည်တော်ပြေးဆွဲမည့် သင်္ကြန်အထူးရထား (၁)၊ (၂) ရထားတွဲဆိုင်းနှစ်ဆိုင်းအား ပြေးဆွဲပေးသွားမည့်စာရင်းအရ သင်္ကြန်အထူးရထား(၁) မှာ ရန်ကုန်ဘူတာကြီးမှ ည ၇ နာရီ ခွဲတွင်ထွက်ခွာပြေးဆွဲပေးသွားမည်ဖြစ်ကာ ဒုတိယအထူးရထား(၂) မှာ ည ၈ နာရီတွင် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်းနှင့် ခရီးသည်များနှင့်သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဘူတာရုံများ အချိန်မီသိရှိစေရန်အတွက် ဘူတာများ၌ အသေးစိတ်ထုတ်ပြန်ပေးထားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ ဧပြီ ၂ ရက်နေ့တွင်ထုတ်ပြန်ထားသောထုတ်ပြန်ချက်အရ သိရသည်။

စိုးဝင်း(MLA)

ချောင်းဆုံမြို့နယ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများက ရေရှားပါးသည့်ကျေးရွာများသို့ သောက်သုံးရေများဖြန့်ဝေ

ချောင်းဆုံ ဧပြီ ၃

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ဧပြီ ၁ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများက တော်ပွန်ကျေးရွာ၊ ခရိုက်ဒူးကျေးရွာ၊ ရေတွင်းကုန်းကျေးရွာ၊ ဆယ်ပလာကျေးရွာများသို့ သောက်သုံးရေများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အယ်လ်နီညိုရာသီဥတုကြောင့် ကျေးရွာတစ်ချို့တွင် သောက်သုံးရေရှားပါးမှုများ ကြုံတွေ့နေရသည့်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရေရှားပါးသည့်ဒေသများဖြစ်သည့် ခရိုက်ဒူးကျေးရွာ၊ ဝယ်စုကနိကျေးရွာ၊ တော်ပွန်ကျေးရွာများကို မတ်လမှစပြီး ရေဂါလန် ၁၈၀၀ ကို ပေးဝေထားပြီးဖြစ်သည်။

ယခုအခါ တော်ပွန်၊ ခရိုက်ဒူး၊ ရေတွင်းကုန်း၊ ဆယ်ပလာကျေးရွာများကို ဧပြီလ ၁ ရက်က မြို့နယ်၊ ကျေးလက်ဌာနနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းတို့ပူးပေါင်းပြီး ရေဂါလန် ၃၀၀၀ ကို ဖြန့်ဝေပေးလျက်ရှိကြောင်း မြို့နယ်ကျေးလက်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်မျိုးလွင်ထံမှ သိရသည်။ ဆက်လက်ပြီး ရေရှားပါးသည့်ကျေးရွာများသို့ အခြားဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ သောက်သုံးရေများရရှိရေးအတွက် ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။ **ထူးအိမ်(ပြန်/ဆက်)**

ဒေသခံများအတွက် အကျိုးဖြစ်ထွန်းစေမည့် မဲဇလီ (၂) ရေထိန်းတံခါး တည်ဆောက်မှုစီမံကိန်း ရာခိုင်နှုန်းပြည့်ဆောင်ရွက်ပြီးစီး

ညောင်တုန်း မေ ၃

ဧရာဝတီတိုင်းဒေသကြီးညောင်တုန်း မြို့နယ် မဲဇလီရွာမကျေးရွာအနီးရှိ ကုက္ကိုဝ မြစ်မှ ပေ ၁၀၀၀ အကွာ၌ရှိသော နိုင်ငံတော် ရန်ပုံငွေ ကျပ် ၄ ဒသမ ၉ ဘီလျံကျော် ကုန်ကျခံ တည်ဆောက်လျက်ရှိသည့် မဲဇလီ (၂) ရေထိန်းတံခါးတည်ဆောက် နေမှု စီမံကိန်းမှာ ယခုအခါတည်ဆောက်မှု စီမံကိန်းရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးစီး နေပြီဖြစ်သောကြောင့် ဒေသခံများအတွက် အကျိုးဖြစ်ထွန်းစေတော့မည်ဖြစ်သည်။

အဆိုပါ မဲဇလီရွာမကျေးရွာအနီးရှိ မဲဇလီ (၂) ရေထိန်းတံခါးအား ၂၀၁၅ ခုနှစ် မေလက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ရေထိန်းတံခါး၏ အလျားမှာ ၂၁၆ ပေ ဖြစ်၍ အနံမှာ ၁၃၃ ပေ ဖြစ်ကာ ရေထိန်း တံခါး၏ အကျယ်မှာ ၆ ပေရှိပြီး အမြင့်မှာ ၈ ပေရှိမည်ဖြစ်သည်။ ရေထိန်းတံခါး၏ အထက်ပိုင်းနှင့် အောက်ပိုင်းအရွယ်အစား အား Flap Gates ၆ ပေ × ၈ ပေ ၁၄ ပေါက် ဆောင်ရွက်သွားမည်ဖြစ်ပြီး မိုးရာသီကာလ ရေဘေးကာကွယ်ရန်အတွက် ၁၅ ပေခွဲ နှင့် ၁၀ ပေခွဲ စက်ဝိုင်းပုံသဏ္ဍာန်ဂိတ်ဖြစ် သော RADIAL GATE ခုနစ်ပေါက်ဖြင့် ထိန်းကာတည်ဆောက်ထားရာ ရေထိန်း တံခါး၏ အမျိုးအစားမှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ နည်းပညာဖြင့် တည် ဆောက်ခဲ့သော မဲဇလီ (၂) ရေထိန်းတံခါး တည်ဆောက်နေမှု လုပ်ငန်းခွင်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ဝန်ထမ်းအင်ဂျင်နီယာ ၁၅ ဦး နှင့် လုပ်သားအင်အား ၃၀၀ ဦးတို့ ပါဝင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မဲဇလီ (၂) ရေထိန်းတံခါး တည်ဆောက်ရန်အတွက် ဆည်မြောင်းအင်ဂျင်နီယာများက ဒီဇိုင်း ပုံစံရေးဆွဲခဲ့ကာ ဆည်မြောင်းနှင့် ရေအသုံး ချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက် ရေး(၆) မှ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ရုံးချုပ်ဖြစ်သော ဆည်မြောင်းနှင့် ရေအသုံး ချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဒီဇိုင်းနှင့် ပုံထုတ် ဌာနခွဲမှ ဒီဇိုင်းရေးဆွဲခဲ့ကြောင်း သိရသည်။

မဲဇလီ (၂) ရေထိန်းတံခါးတည်ဆောက် ရခြင်း၏ ရည်ရွယ်ချက်မှာ တူးဖော်ပြီးစီး သွားသည့် ပန်းလှိုင်မြစ်အား သဲ၊ နုန်းမပို့ချ စေရန်အတွက်လည်းကောင်း၊ ညောင်း တုန်းကျွန်းမှ စီးဆင်းလာမည့်မြစ်ရေများ ကြောင့် အနီးအနားရှိကျေးရွာများ ရေကြီး နစ်မြုပ်မှုမဖြစ်ပေါ်စေရေးအတွက် ရေဘေး ကာကွယ်ခြင်းဖြင့်လည်းကောင်း၊ မိုးစပါး အပြင် နွေရာသီကာလ၌ ပန်းလှိုင်မြစ်အား ရေချိုများ ထိန်းသိမ်းပြီး မြစ်ကြောင်းတစ် လျှောက် ဝဲ၊ ယာရှိ ကျေးရွာများမှ ပြည်သူ များ နွေစပါးစိုက်ပျိုးအောင်မြင်ထွန်းစေရန် အတွက်လည်းကောင်း တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ယခုအခါ မိုးရာသီကာလရေဘေး ကာ ကွယ်ရန်အတွက် ၁၅ ပေခွဲနှင့် ၁၀ ပေခွဲ စက်ဝိုင်းခြမ်းပုံသဏ္ဍာန် ဂိတ်ဖြစ်သော RADIAL GATE ခုနစ်ပေါက် တပ်ဆင် ဆောင်ရွက်ထားရှိပြီး အဆိုပါ ခုနစ်ပေါက် တပ်ဆင်ရန်နှင့် မတင်ရန်အတွက် အထိုင် ချမည့် PR ကလပ်ခုံ များလည်း ဆောင်ရွက် ပြီးစီးခဲ့ပြီဖြစ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချ မှု စီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၆)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးငြိမ်းက "ပန်းလှိုင်မြစ်ကြီး ပြန်လည် တူးဖော်ပြီးတဲ့အခါမှာ အနီးအနားရွာများ မှာ ရေကြီးနစ်မြုပ်မှုများ မဖြစ်တော့ပါဘူး။ ဒီ မဲဇလီ (၂) ရေထိန်းတံခါး တည်ဆောက် ပြီးစီးသွားပြီဆိုရင် အနီးအနားရွာများက တောင်သူတွေ သီးနှံအထွက်တိုးလာပါလိမ့် မယ်။ ပြီးတော့ တောင်သူများရဲ့ လူမှု စီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမှာပါ။ ရေ ထိန်းတံခါးအပေါ်မှာလည်း တံတားပါတဲ့ အတွက်ကြောင့် ကျေးရွာများမှ ပြည်သူများ ဟာ တစ်ရွာနဲ့တစ်ရွာ ကူးသန်းသွားလာ ရာမှာ လည်းလွယ်ကူသွားပါလိမ့်မယ်"ဟု ရှင်းပြခဲ့သည်။

မဲဇလီ (၂) ရေထိန်းတံခါးတည်ဆောက် ပြီးစီးခဲ့ပြီဖြစ်သောကြောင့် မိုးတွင်းကာလ ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးအတွက် ရေထိန်းတံခါးဖြင့် ထိန်းသိမ်းပေးသွားမည် ဖြစ်ပြီး နွေရာသီစပါးစိုက်ပျိုးအောင်မြင်ဖြစ် ထွန်းရေးအတွက် ဒီဇင်ဘာလမှ မေလ ထိကိုကျေးရွာများ ရေရရှိရေးဆောင်ရွက် သွားမည်ဖြစ်သည်။

ယင်းရေထိန်းတံခါး တည်ဆောက်လိုက် ခြင်းကြောင့် ရေဘေးကာကွယ်သည့် လယ် ဧက တစ်သိန်းနှစ်သောင်းရှိလာမည်ဖြစ်ပြီး အနီးအနားကျေးရွာပေါင်း ၂၀ ကျော်မှ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နေကြ သော တောင်သူဦးကြီးများ၏ လယ်ဧက ၄၀၀၀၀ ကျော်အား ရေပေးဝေနိုင်တော့ မည်ဖြစ်သည်။ လာမည့် ၂၀၁၇-၂၀၁၈ ခုနှစ် ၌ နယ်သာလန်နိုင်ငံမှ နည်းပညာအကူ အညီရယူကာ မြန်မာအင်ဂျင်နီယာများဖြင့် လှိုင်မြစ်ဝအနီး၌ ရေထိန်းတံခါးအကြီး အား တည်ဆောက်ရန်ရှိကြောင်း စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန မှထပ်မံသိရသည်။

"ဒီမဲဇလီ (၂) ရေထိန်းတံခါးကြီးရဲ့ ရေတံခါးအမြင့်ကို ၂၄ ပေနဲ့ တည်ဆောက်ခဲ့ ပါတယ်။ အခုကတော့ ရေထိန်းတံခါးကြီး ရေရှည်တည်တံ့ခိုင်မြဲစေဖို့အတွက် ကျွန် တော်တို့ဌာနပိုင်းဆိုင်ရာကတော့ သတ် မှတ်ချက်များနဲ့အညီ ဝန်ထမ်းအင်အား များကို အသုံးပြုပြီး ထိန်းသိမ်းဆောင်ရွက် သွားမှာပါ။ ကျေးရွာများက ဒေသခံတွေက လည်း ငါးဖမ်းခြင်း၊ ယင်းထောင်ခြင်းနဲ့ တမံတုတ်တာတို့ကို မလုပ်စေချင်ပါဘူး။ တမံတုတ်ထားတာတွေကို ပြန်မသိမ်းနိုင် တော့ မြစ်တိမ်ကောမှုကို ဖြစ်ပေါ်စေပါ တယ်။ ပြည်သူတွေဘက်ကတော့ ပန်းလှိုင် မြစ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေဖို့အတွက် ကို လိုက်နာစေချင်ပါတယ်" ဟု လက် ထောက်ညွှန်ကြားရေးမှူး ဦးတိုးငြိမ်းက ထပ်မံသုံးသပ်ပြောကြားသည်။

ပန်းလှိုင်မြစ်ပေါ်ရှိ ရေထိန်းတံခါး ကိုးခု အားပြန်လည်ပြုပြင်ဆောင်ရွက် ပြီးစီး သွားပြီဖြစ်ကြောင်း၊ မဲဇလီ (၁) ရေထိန်း တံခါးကိုလည်း ၁၉၈၂ ခုနှစ်က စတင်တည် ဆောက်ခဲ့ကြောင်း၊ ပန်းလှိုင်မြစ်နှင့် လှိုင်မြစ် ဆုံရာနေရာ အထက်ပိုင်းနေရာ၌လည်း လက်ရှိ တည်ဆောက်နေသည့် မဲဇလီ (၂) ရေထိန်းတံခါး ထက်ပိုမိုကြီးမားသော ရေ ထိန်းတံခါးကြီး တစ်ခုအား နယ်သာလန် နိုင်ငံမှ နည်းပညာဖြင့် တည်ဆောက်ရန် စီစဉ်ထားကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အတွင်း ရေထိန်းတံခါး အကြီး၊ အသေး စုစုပေါင်း ၁၂၃ ခုရှိပြီး ဧရာဝတီတိုင်းဒေသ ကြီးအတွင်း ရေထိန်းတံခါး အကြီး၊ အသေး စုစုပေါင်း ၁၈၉ ခုရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မှ သိရသည်။ **သတင်းနှင့်ဓာတ်ပုံ- စိုးဝင်း(MLA)**

ဖတ်စရာ

ဘုရားဖူးများ အားထားသွားလာသည့် အင်းဝဒေသမှ ထူးခြားသော

မဟာဗောဓိပင်

ခ တိမ်တမန်

အင်းဝမြို့ဟောင်းသည် ရှေးဟောင်းယဉ် ကျေးမှုဒေသဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်တွင်တည်ရှိသည်။ သဘာဝ ဂေဟစနစ်များ၊ လက်မှုလုပ်ငန်းများစွာကို လေ့လာနိုင်ပြီး ရှေးဟောင်းစေတီများကို လေ့လာဖူးမြော်နိုင်သည်။ ရှေးဟောင်းယဉ် ကျေးမှုဇုန်ဖြစ်သည့်အတွက် နိုင်ငံတကာ ခရီးသွားဧည့်သည်များကို အထူးစွဲဆောင်စေ သော ဒေသပင်ဖြစ်သည်။

ခေတ်အပိုင်းအခြားအရ ပထမအင်းဝ ခေတ်၊ ဒုတိယအင်းဝခေတ်၊ တတိယအင်းဝ ခေတ်၊ စတုတ္ထအင်းဝခေတ်လက်ရာ ဘုရား စေတီများ၊ အတွင်းမြို့ရိုး၊ စည်တိုပုံမြို့ရိုး၊ (ဒုတိယမြို့ရိုး) အပြင်မြို့ရိုး(တတိယမြို့ရိုး) များကိုလေ့လာနိုင်သည်။ ထင်ရှားသော ရှေးဟောင်းအဆောက်အအုံများအဖြစ် နန်း တော်ရာနေရာ၊ အင်းဝရွှေစည်းခုံစေတီတော်၊ နန်းမြင့်မျှော်စင်၊ ဗားကရာကျောင်း၊ ထီးလှိုင် ရှင်စေတီ၊ လောကသရဖူဘုရားကြီး၊ ညောင် ရမ်းခေတ်ဘုရားစုများ၊ အင်းဝဆင်ကျုံးခံတပ်၊ ဝက်ဘာဘုရား၊ မြင့်မိုရ်တောင်ဘုရား၊ လောက ဒုဿမာန်အောင်စေတီ၊ ကြောင်လိန်ဘုရား၊ လေးထပ်ကြီးဘုရား၊ အောင်မြေဘုံးစံမယ်နု အုတ်ကျောင်း၊ အင်းဝရှေးဟောင်း သုတေသန ပြတိုက်၊ စန္ဒာမုနိ၊ ဂူတော်သစ်၊ မောင်အို အုတ် လမ်းနှင့် အခြားဘုရားစုများစွာကို လေ့လာနိုင် သည်။

ရှေးဟောင်းယဉ်ကျေးမှုဇုန်ဖြစ်သလို မြင်း လှည်းများစွာဖြင့် ဘုရားဖူးသွားလာနိုင်သည့် ဓလေ့ရှိနေသည်မှာ ပိုမိုစိတ်ဝင်စားစရာ ကောင်းလှသည်။ အင်းဝဒေသတွင် ပြည်တွင်း ဘုရားဖူးများ အားထားသွားလာသော နေရာ၊ နယ်ခံများအလေးထားသောနေရာတစ်ခုရှိ သည်။ ထိုနေရာမှာ မဟာဗောဓိအောင်မြေနှင့် မဟာဗောဓိပင်ဖြစ်သည်။ မဟာဗောဓိပင်မှာ မူလအပင်နေရာအလယ်တွင် အောင်မြေ အဖြစ်ထားရှိသည်။ ထူးခြားသည်မှာ မူလ အပင်မှပွားလာသောဗောဓိ ပင်မှာကိုးပင်ဖြစ် နေခြင်းပင်ဖြစ်သည်။ ထိုဗောဓိကိုးပင်မှာ အဝိုင်းလိုက်ပေါက်နေပြီး ဒေသခံများနှင့် ပြည်တွင်းဘုရားဖူးများ အလေးထားကြသည်။

နှစ်စဉ် ဗောဓိကိုင်းထောက်၍ ကုသိုလ် ပြုသူတို့များပြားလျက်ရှိသည်။ ဗောဓိကိုးပင်မှ ဖြာထွက်လာသော ဗောဓိပင်အကိုင်းရှည်လာ သမျှ အုတ်တိုင်များဖြင့် ဗောဓိကိုင်း ထောက် ကြသည်။ ဗောဓိကိုင်းထောက်သည့် ကုသိုလ် ကို အလေးထားပြုလုပ်သည့်အတွက် ကိုင်း ထောက် အုတ်တိုင်အများဆုံးတည်ရှိရာနေရာ ဟုပင်ဆိုထားသည်။ ဗောဓိကိုင်းထောက် အုတ်တိုင်များစွာရှိပြီး အုတ်တိုင်တိုင်းတွင် ကဗ္ဗည်းများရေးထိုးထားသည်။ နှစ်စဉ် ဗောဓိ ကိုင်းရှည်လာခြင်းနှင့်အညီ ဗောဓိကိုင်း ထောက်တိုင်များကုသိုလ်ပြုသူများပြားလျက် ရှိ သည်။ မဟာဗောဓိအောင်မြေကျောင်းဝင်း အတွင်းတွင် မြန်မာမှုလက်ရာစစ်စစ်ဖြင့် ပြု လုပ်ထားသော ဘုရားကျောင်းဆောင်များ၊ ခေတ်သစ်နံရံဆေးရေးပန်းချီများ၊ နွားလှည်း များဖြင့်ဘုရားဖူးဟန် အင်္ဂတေရုပ်တုများတည် ရှိသည်။ ဗောဓိပင်ကို နှစ်စဉ် ကဆုန်လပြည့် နေ့တွင် ညောင်ရေသွန်းလောင်းပြီး အင်းဝ ဒေသမှ အားထားပြုလုပ်သည့်ပွဲအဖြစ် ထင်ရှား သည်။

လက်ရှိကာလတွင် ပြည်တွင်းဘုရားဖူးများ မှာ ရှေးဟောင်းစေတီများကို ဖူးမြော်ပြီးသည် နှင့် မဟာဗောဓိပင်ကိုသွားရောက်လေ့ရှိ သည်။ မဟာဗောဓိပင်ကိုးပင်ကို အေးချမ်း အောင်မြင် မဟာဗောဓိပင်၊ သာယာစည်ဝေ မဟာဗောဓိမြေဟုဆိုကာ ဗောဓိကိုင်းထောက် ကုသိုလ်ပြုသူများပြားလျက်ရှိကြောင်း သိရ သည်။

ဆောင်းပါး

à မြဖူး(လမ်းမတော်)

“ဘာကြောင့် သတင်းစာဖတ်သင့်တာလဲ”

သတင်းစာကို လူတိုင်းလိုလိုဖတ်ဖူးကြသည်။ အကြိုက်ချင်းမတူကြတာပဲရှိမည်။ သတင်းစာမဖတ်ဖူးသူ ရှိတော့ရှိမည်။ သို့သော် နည်းပါသည်။ ဒါကလည်းဝေးလံခေါင်ဖျား ဒေသအချို့မှာ သတင်းစာမရှိသဖြင့် မဖတ်နိုင်၊ မဖတ်ဖြစ်ကြခြင်းဖြစ်လိမ့်မည်။

သတင်းစာဖတ်ခြင်း၊ မဖတ်ခြင်းက အပြစ်မဟုတ်ပါ။ သတင်းစာဖတ်ခြင်း၏အကျိုး၊ အပြစ်ကိုသာ သိရှိနားလည်ကြဖို့ လိုပေသည်။

သတင်းစာသည် ပြည်သူတို့၏ နားနှင့်မျက်စိဖြစ်သည်ဟု (၁၈) နှစ်မြောက် သတင်းနှင့်စာနယ်ဇင်း နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဦးဟန်ဇော်နှ (ဥပဒေ) ၏ သတင်းစာများအပေါ် ဝေဖန်ထောက်ပြမှုတွင် ဆိုထားသည်။

မျက်စိအဆုံး၊ နားအရှုံးဟူသော မြန်မာစကားတစ်ခုရှိသည်။ မှန်ပါသည်။ သတင်းစာမဖတ်သူက နားနှင့်မျက်စိပိတ်ထားသလို ဖြစ်နေတတ်သည်။ လူတစ်ယောက်မှာ နားကန်းလျှင် လူဖြစ်ရှုံးသည်နှင့်တူသည်။ မျက်လုံးကန်းလျှင်တော့ ဘဝပါဆုံးပြီဖြစ်သည်။

မျက်စိမမြင်တော့ ဆင်တစ်ကောင်နှင့် မျက်မမြင်ပုဏ္ဏားခြောက်ယောက်လို စမ်းတဝါးဝါးနှင့် ထင်ရာမြင်ရာပဲပြောနိုင်သည်။ အကောင်အထည်၊ ပုံသဏ္ဍာန် မမြင်ရတော့ ဆုံးဖြတ်ချက်တွေကမခိုင်မာ။ ကိုယ်တိုင်မမြင်ရတော့ သူများပြောသမျှတွေကို ဟုတ်နိုးနိုးထင်ပြီး ယုံလွယ်ကြသည်။ သည်လိုလူတွေက နားမျက်စိဖွင့်ထားသည့်သူတွေနှင့် ယှဉ်ပြိုင်ပြောဖို့ ခက်ခဲလှသည်။

နားကန်းသူတွေကလည်း ထို့အတူဖြစ်သည်။ ဘယ်သူဘာပြောလို့ပြောမှန်းမသိ။ သူများရယ်လျှင်လိုက်ရယ်၊ သူများလက်ခုပ်တီးလျှင် လိုက်တီးရုံပဲရမည်။

သည်တော့ နားရောမျက်စိရောပွင့်မှ အများနှင့်တန်းတူပြောနိုင်၊ ဆိုနိုင်၊ ဆုံးဖြတ်နိုင်မည်ဖြစ်သည်။ သည်တော့ သတင်းစာဖတ်ခြင်း၊ မဖတ်ခြင်းက ကွဲပြားမှုတွေရှိနေသည်ကို အထူးပြောစရာ မလိုတော့ပေ။

သတင်းစာသည် ပြည်တွင်း၊ ပြည်ပတွင် ဖြစ်ပေါ်ပြောင်းလဲနေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍအသီးသီးကို အကုန်အစင်မဟုတ်တောင် သိသင့်သိထိုက်၊ မှတ်သင့်မှတ်ထိုက်တာတွေကို ပြည်သူသိအောင် ဖော်ပြနေခြင်းဖြစ်သည်။

သတင်းထောက်တွေအတွက် သတင်းဦးရဖို့ အရေးပါလှသလို သတင်းစာတစ်စောင်အတွက် သတင်းထူးမှ ပြည်သူတွေ ပိုစိတ်ဝင်စားကြမည်ဖြစ်သည်။

သတင်းစာတစ်စောင်ဖြစ်ဖို့အတွက် မလွယ်ကူလှပေ။ ထို့အတူ သတင်းစာတစ်စောင် ရပ်တည်ရန်အတွက်လည်း မည်မျှကြိုးပမ်းရသည်ကို သတင်းစာလုပ်ငန်းလုပ်သူတို့သာ ခံစားနားလည်လွယ်ကြမည်ဟုထင်သည်။

နိုင်ငံပိုင်သတင်းစာသည် အစိုးရကိုယ်စားပြုသည့် သတင်းစာမဟုတ်ပေ။ သို့သော် သတင်းစာသည် နိုင်ငံ၏ ပုံရိပ်တစ်ခုဖြစ်ပေသည်။ နိုင်ငံတော်၏မူဝါဒ၊ ရပ်တည်ချက်ကို နိုင်ငံပိုင်မီဒီယာများကသာ ဖော်ပြလေ့ရှိကြသည်။

ထိုအချက်သည် အစိုးရအာဘော်မဟုတ်ပေ။ နိုင်ငံတော်က ကျင့်သုံးအကောင်အထည်ဖော်မည့် မူဝါဒနှင့် ရည်မှန်းချက်ကို ပြည်သူတွေသိအောင် သတင်းစာမှ တစ်ဆင့်ဖော်ပြပေးခြင်းဖြစ်သည်ကို သတင်းစာဖတ်သူတိုင်း သဘောပေါက်သင့်ကြသည်။

တချို့က နိုင်ငံပိုင်သတင်းစာတွေကို အစိုးရသတင်းစာဟု လွယ်လွယ်ခေါ်ကြတာရှိသည်။ အစိုးရသတင်းတွေချည်းပဲ၊ အခြားသတင်းတွေ စုံအောင်မပါ၍လည်း မဖတ်ကြသူတွေရှိသည်။

ထိုသူတွေကို အပြစ်မပြောလိုပါ။ လူတိုင်း မိမိနှစ်သက်ရာစာပေကို ရွေးချယ်ဖတ်ရှုခွင့်ရှိပေသည်။ သို့သော် သူတို့၏သတင်းစာအပေါ် ရှုမြင်သုံးသပ်မှုက အားနည်းဖွယ်ကောင်းလှသည်ကို တွေ့မြင်ရပေသည်။

သတင်းစာဖတ်သူသည် မိမိနိုင်ငံ၏ ပြည်တွင်းရေးရာကိစ္စများကို မလွဲမသွေဖတ်ရှုရမည်သာဖြစ်သည်။

ပုဂ္ဂလိကသတင်းစာနှင့် အခြားဂျာနယ်၊ စာစောင်များသည် နိုင်ငံပိုင်သတင်းစာနှင့် နှိုင်းယှဉ်ပါက ကွဲပြားမှုအနည်းငယ်တော့ ရှိကြမည်ဖြစ်သည်။

နိုင်ငံပိုင်သတင်းစာဖြစ်သည့်အတွက် သတင်းသည် တိကျမှန်ကန်မှုရှိသည်။ လက်တွေ့ကျသဖြင့် ခိုင်လုံသော သတင်းလည်း ဖြစ်သည်။ ပုဂ္ဂိုလ်ရေးအရ ထိခိုက်နစ်နာစေမည့် ဇောင်းပေးရေးသားမှုမျိုးကို ကောက်နုတ်ဖော်ပြခြင်းမရှိပေ။ သတင်းလွတ်လပ်ခွင့်ရှိသော်လည်း နိုင်ငံပိုင်မီဒီယာဖြစ်သည့်အတွက် ကျင့်ဝတ်၊ သိက္ခာကိုစောင့်ထိန်းသော သတင်းစာအဖြစ် ရပ်တည်ရပေသည်။

တစ်နည်းအားဖြင့် သတင်းစာသည် ပြည်သူတွေ၏ ဘဝဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးနေသည့် နိုင်ငံတော်၏ ဘောင်ငါးချက်ကို ဖော်ပြပေးနေသော စာမျက်နှာများပင်ဖြစ်သည်။ သည်စာမျက်နှာတွေကို ကျော်လွှား၍ မသွားသင့်ကြပေ။

သတင်းစာသည် ပြည်သူဖတ်ရန်အတွက် ထုတ်ဝေခြင်းဖြစ်သည်။ ထို့ကြောင့် ပြည်သူတွေ သိသင့်သိထိုက်သည့် သတင်းများကို ဖော်ပြပေးနေခြင်းဖြစ်သည်။

နိုင်ငံတော်၏ အဓိကကျသော ကျေးလက်ဒေသများ၏ စိုက်ပျိုးရေးကဏ္ဍများတွင် နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ထားရှိမှုများအပြင် ဝေးကွာသောဒေသများရှိ ကျေးရွာများအထိ မည်သို့ဆောင်ရွက်ပေးနေသည်ကို သတင်းစာဖတ်ရုံနှင့် သိရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် လယ်ယာကဏ္ဍအတွက် တောင်သူလယ်သမားများသိသင့်သည့် မိုးလေဝသ သတင်းနှင့်အတူ သဘာဝဘေးအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရေး နှိုးဆော်သတိပေးချက်များသည်လည်း နိုင်ငံပိုင်မီဒီယာမှသာလျှင် ဖော်ပြပေးခြင်းဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။

သည်မျှမက ကျန်းမာရေး၊ ပညာရေး၊ ဆက်သွယ်ရေး၊ လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ ဆောက်လုပ်ရေး၊ အားကစား အစရှိသည့် သတင်းအမျိုးမျိုးကိုလည်း သတင်းစာဖတ်ကြည့်မှ မြင်ရ၊ သိရခြင်းဖြစ်သဖြင့် သတင်းစာ၏အားသာချက်ဟု ဆိုနိုင်ပေသည်။

ယခုတစ်လောခေတ်စားလာသည့် ဇီကာဗိုင်းရပ်စ်နှင့် မွေးကင်းစကလေးငယ်များတွင် ဖြစ်ပွားနေသည့် ဦးနှောက်အမြှေးရောင်ကူးစက်ရောဂါများအကြောင်းကို သတင်းစာမှန်မှန်ဖတ်လျှင် သိရှိနိုင်မှာဖြစ်သည်။

အထူးကုဆရာဝန်ကြီးတွေက ရောဂါတားဆီးမှု၊ ကုသမှု၊ ကြိုတင်ကာကွယ်မှုအကြောင်းတွေကို သတင်းစာမှတစ်ဆင့် ပြောကြားထားပေသည်။

အဆိုပါအကြောင်းအရာတွေကို ဖတ်မှတ်သိရှိထားမှ အခြားသူများကို ပြန်လည်ဝေမျှနိုင်မည်ဖြစ်သည်။ ကျန်းမာရေးအသိ၊ ကျန်းမာရေးရှုထောင့်မှနေ၍ ကောင်းသော အကြံဉာဏ်တွေ ပေးနိုင်မှာဖြစ်သည်ကို သတင်းစာဖတ်ခြင်း၏ အကျိုးတရားအဖြစ် လက်ခံကြရပေမည်။

သတင်းစာမဖတ်တော့ နိုင်ငံတော်၏ ကြိုးပမ်းလုပ်ဆောင်မှုတွေကို မသိရပေ။ မိမိနိုင်ငံ၏ ကြီးပွားတိုးတက်မှု၊ ခေတ်မှီဖွံ့ဖြိုးမှုရလဒ်ကောင်းတွေကိုလည်း ဂယနဏ မသိကြတော့ပေ။

သတင်းစာတစ်စောင်၏ တန်ဖိုးသည် လက်ဖက်ရည်တစ်ခွက်စာပင်မရှိသော်လည်း သတင်းစာတစ်စောင်ကို ဖတ်ပြီးလျှင် များစွာသောအကြောင်းအရာမျိုးစုံကို တစ်ထိုင်တည်းသိရှိနိုင်ခြင်းဖြင့် အကျိုးကျေးဇူးကား တန်ဖိုးဖြတ်၍ မရနိုင်ပေ။

နိုင်ငံသားမှန်လျှင် မိမိနိုင်ငံ၏ ပြည်တွင်းရေးရာကို စိတ်ဝင်စားသင့်ကြသည်။ မိမိနိုင်ငံတွင်းဖြစ်ပျက်မှု၊ ပြောင်းလဲမှု၊ တိုးတက်ဖွံ့ဖြိုးမှုဖြစ်စဉ်များကို သိမြင်ဖတ်ရှုရခြင်းအားဖြင့် သတင်းစာသည် ပြည်သူနှင့် ကူးလူးဆက်နွယ်နေသော မီဒီယာဖြစ်သည်ကို လက်ခံသင့်ကြသည်။

သည့်အတွက် သတင်းစာသည် လူတစ်ယောက်၏ ဘဝတွင် မည်မျှအရေးပါသည်ကို သတင်းစာမှန်မှန်ဖတ်ရုံနှင့် လုံလောက်နေပြီဖြစ်သည်။

ပြည်သူလူထု၏ နား၊ မျက်စိပွင့်စေဖို့ သတင်းစာများမှတစ်ဆင့် နိုင်ငံတော်၏ဆောင်ရွက်ပေးနေမှုကို အသိအမှတ်ပြုကြဖို့ လိုပေသည်။

သက်တမ်းရာကျော်ရှိနေပြီဖြစ်သည့် မြန်မာ့အလင်းနှင့် သက်တမ်းခြောက်ဆယ်ဝန်းကျင်ရှိ ကြေးမုံသတင်းစာများ၏ ပုံရိပ်သည် မည်သည့်အစိုးရစနစ်ပင်ပြောင်းပြောင်း မပြောင်းမလဲရှိနေသင့်သော လူထုဆက်သွယ်ရေးမီဒီယာတစ်ခုဖြစ်သည်ဟု ယုံကြည်ပါသည်။

သတင်းစာသည် ပြည်သူနှင့် အမြဲထိတွေ့မှုရှိနေသော စာမျက်နှာများဖြစ်ကြသည်။ ထိုစာမျက်နှာတွေကို ကျော်လွှားသွားမည်ဆိုလျှင် နိုင်ငံ၏ပြည်တွင်းရေးရာကိစ္စမှန်သမျှကို မျက်ကွယ်ပြုရာရောက်ပေလိမ့်မည်။

နိုင်ငံတော်၏ လုပ်ဆောင်ချက်မှန်သမျှကို သတင်းစာဖတ်ရှုခြင်းဖြင့် ပေါ်လွင်အောင်ဖော်ပြပေးနေသကဲ့သို့ ပြည်သူတို့ ဘဝပုံရိပ်ကိုလည်း သတင်းစာပုံမှန်ကြည့်သူတိုင်း မြင်တွေ့ရမည်ဖြစ်သည်။

ဘယ်မြို့၊ ဘယ်ရွာ၊ ဘယ်ဒေသတွေမှာ ဘာတွေလိုအပ်နေသည်ကို သတင်းစာဖတ်လျှင် သိနိုင်ကြသည်။ ဆွေမျိုး၊ မိတ်သင်္ဂဟ၊ မိတ်ဆွေများ၏ သာရေး၊ နာရေးသတင်းများကိုလည်း သတင်းစာ စာမျက်နှာပေါ်မှတစ်ဆင့် ဖတ်ရှုသိရှိနိုင်ပြီး လူမှုဝတ္တရားများကိုလည်း ကျေပွန်စေမည်ဖြစ်သည်။

ခြုံငုံသုံးသပ်ရပါမူ သတင်းစာသည် နိုင်ငံတော်အတွင်း ပြည်သူတို့၏ဘဝဖြစ်စဉ်နှင့် နိုင်ငံရေးရာကိစ္စများကို ပြည်သူများထံ တိုက်ရိုက်ဖော်ပြပေးနေသည့် ပုံရိပ်ဖြစ်သည့်အတွက် သတင်းစာကို နေ့စဉ်ပုံမှန်ဖတ်ရှုကြဖို့ လိုပေသည်။

သတင်းစာရှိလျှင် သတင်းစာဖတ်သူလည်း ရှိနေမည်ဖြစ်သည်။ နှစ်ပေါင်းများစွာဖြတ်ကျော်ခဲ့ပြီဖြစ်သော နိုင်ငံပိုင်သတင်းစာ၏ တည်တံ့ခိုင်မြဲမှုသည် နိုင်ငံ၏သမိုင်းကြောင်း၊ ပြည်သူများ၏ လူမှုဘဝ တိုးတက်ပြောင်းလဲမှုများကို ထင်ဟပ်ပြဆိုနေသည့် စာမျက်နှာများဖြစ်သည်ကို လက်ခံရမှာဖြစ်သည်။ ထိုစာမျက်နှာများကို ပယ်ရှားပစ်နိုင်ဖို့ မလုပ်ဆောင်သင့်ပေ။

ဒီမိုကရေစီအသွင်ကူးပြောင်းသည့် နိုင်ငံများတွင် သတင်းစာမရှိဟူသော အချက်ထက်၊ သတင်းစာသည် ပြည်သူဖတ်ရန် အလိုအပ်ဆုံးသော စာပေတစ်ရပ်ဖြစ်ကြောင်း ကြိုဆိုလက်ခံရမည်ဖြစ်သည်။

သို့ဆိုလျှင် ကြေးမုံဆက်လက်တည်တံ့စေရန်နှင့် ကြေးမုံအခွန့်ရှည်ပါစေဟု ဆုတောင်းမေတ္တာပို့သရပေသည်။

လယ်ဝေးမြို့ အမှတ်(၁)ရပ်ကွက်၌ ဧပြီ ၂ ရက် ညနေ ၃ နာရီခွဲတွင် မီးလောင်မှုဖြစ်ပွားရာ နေအိမ်ခြောက်လုံးမီးလောင်ဆုံးရှုံးခဲ့သည်။ ဖြစ်စဉ်မှာ အမှတ်(၁)ရပ်ကွက် ဒေါ်မမ၏နေအိမ်ရှိ မီးကြွင်းမီးကျန်မှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး လူများထိခိုက်မှုမရှိကြောင်း သိရသည်။ မီးလောင်မှုဖြစ်ပွားရာသို့ လယ်ဝေးမြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ်လေးစီး၊ မီးသတ်ဦးစီး မြင့်ဆန်းနှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၇ ဦး၊ ပြည်သူ ၂၀၀ ဦးခန့်က ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ပြီး ညနေ ၄ နာရီ ၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။
သတင်းနှင့် ဓာတ်ပုံ– (မြို့နယ် ပြန်/ဆက်)

NEW MOTION Travels & Tours

ရွှေလျားသစ်လွင် သင်္ကြန်ခရီးစဉ်

☆ တောင်ကြီး ခရီးစဉ်	- April; 11,12,13
☆ မန္တလေး ခရီးစဉ်	- April; 11
☆ တောင်ကြီး-ပုဂံ ခရီးစဉ်	- April; 11,12
☆ ပုဂံ-ရွှေစက်တော် ခရီးစဉ်	- April; 11
☆ ပုဂံ ခရီးစဉ်	- April; 11,12
☆ အလောင်းတော်ကဿပ ခရီးစဉ်	- April; 13
☆ ပုဂံ-အလောင်းတော်ကဿပ ခရီးစဉ်	- April; 12
☆ ပြင်ဦးလွင်-အလောင်းတော်ကဿပ ခရီးစဉ်	- April; 11,12

အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။ Ph; 01 527 922, 01 538 811, 09 731 489 22, 09 260 792 878.

အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။

ရန်ကုန် - ငွေဆောင် ခရီးစဉ်
April - 12 ~ 15
(Myanmar Treasure Resort, Aureum Resort & Spa)

မန္တလေး - ငွေဆောင် ခရီးစဉ်
April - 11 ~ 16
(Aureum Resort & Spa)

ရန်ကုန် - ငပလီ ခရီးစဉ်
April - 12 ~ 15
(Aureum Resort & Spa)

မန္တလေး - ငပလီ ခရီးစဉ်
April - 12 ~ 15
(Thande Beach Hotel)

အမှတ်-234, 33လမ်း, 81 × 82 လမ်းကြား။
Ph; 09 431 478 79, 09 259 033 443

Computer Software Developer ကောင်းတစ်ယောက်ဖြစ်နိုင်ဖို့အတွက်

Programming Fundamental

- Programming သည် အရေးကြီးသောဘာသာရပ်တစ်ခုအဖြစ်ပါဝင်လျက်ရှိပါသည်။
- ဤအတန်းတွင် Programming Language အားလုံး၏ အခြေခံ Techniques များဖြစ်သော (array, control structure (if,while, do....while,for) နှင့် method) စသည်တို့ကို real-world examples များနှင့်တကွ လေ့လာရမည်။
- Problem Solving Skills နှင့် Logical Thinking Skills များတိုးတက်လာစေရန်Case-Study များ၊ လုပ်ငန်းခွင် ပြဿနာများကို Flow Chart, Pseudo Code များအသုံးပြုပြီး ကိုယ်တိုင်ဖြေရှင်းရမည်။
- ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် HND တက်မည့်သူများ မဖြစ်မနေ တက်ရောက်သင့်ပါသည်။

GUSTO Institute of Information Technology
Tel : 09- 730 31302, 01- 504632, 01- 503715
No.289 (A), Pyay Road (Near MyayNiGone Bus-Stop), Sanchaung Tsp; Yangon.

သရဖူ မြတ်နိုးသူ Travels & Tours Co.,Ltd

Ph: 01-551453, 09-5156297, 09-5014517, 09-450053758

မဟာသင်္ကြန်အားလပ်ရက် အထူးခရီးစဉ်များ	April	Scania
မြဝတီ၊မဲဆောက်၊ ဗန်ကောက်၊ပတ္တရား၊ အယုဒ္ဒရ	12/20 (Flight)	420/500 $
မန်း၊ စစ်ကိုင်း၊ အလောင်းတော်ကဿပ၊ မုံရွာ၊ ပြင်ဦးလွင်/ ရွှေဘို(အောင်မြေဗြဲဒ္ဓန)	12	170000/200000
မန်း၊ပြင်ဦးလွင်၊လားရှိုး၊မူဆယ်၊ရွှေလီ၊ဝမ်တိန်၊မံခီ	12	230000
စစ်တွေ၊ မြောက်ဦး၊ ကျောက်တော်၊ ငွေသောင်	12	190000
မြိတ်၊ကော့သောင်း၊ ရနောင်း၊ သူဌေးကျွန်း	12,13	320000

MEGA TWO STAR
တောင်ကြီး-အင်းလေး-ပင်းတယ-ကလော-မိုင်းသဲတောင်-ငြသိမ်ချောင်းအိုင် ခရီးစဉ်
Hotel, Restaurants, စက်လှေခ (၄)ည(၅)ရက် - ၁၇၀၀၀၀/-
(01) 8603651, (09) 5141446, 5032762, 251039391
April 12 ထွက်မည်။

ရွှေကျော် ခရီးစဉ်
095194608, 09252899887, 0973177727

ထက်အောင်လင်း 09-73040151
H.A.L TRAVELS
ချောင်းသာ
09-49215713, 09-440471633

"ဗနတ"ဝန်ထမ်းဟောင်းများ ပြန်လည်တွေ့ဆုံပွဲ ဖိတ်ကြားလွှာ

ဗဟိုနိုင်ငံရေးတက္ကသိုလ် ဝန်ထမ်းဟောင်းများ (ဒုတိယအကြိမ်)တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တက်ရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်	-	၈-၅-၂၀၁၆ ရက် (တနင်္ဂနွေနေ့)
အချိန်	-	နံနက် ၉ နာရီမှ ၁၂း၀၀ နာရီ
နေရာ	-	သာသနာ့ဗိမာန်တော်ကြီး၊ ရွှေပြည်သာ (မြို့ဦးစေတီအနီး)

တွေ့ဆုံပွဲကျင်းပရေးအဖွဲ့

ဆက်သွယ်ရန်ဖုန်း ဦးမောင်တင့် ၀၉-၅၀၂၉၅၈၀၊ ဦးခင်မောင်သန်း ၀၉-၂၅၀၃၆၄၇၈၂၊ ဦးဖိုးဝင်း ၃၆၀၇၄၃၈၉

ရွှေစည်ဦး 01-248970, 09-73051455, 09-250641705

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၄(စက်မှု)၊ မြေကွက်အမှတ်(၂၀)၊ ဧရိယာ(၁. ၅၁၉)ဧက၊ မြေကွက်တည်နေရာ အမှတ်(၂၀)၊ လှသီဂီလမ်းနှင့် ဦးဖိုးလှိုင်လမ်းထောင့်၊ ဇုန်(၃)၊ ရွှေပြည်သာ၊ ဦးသက်ဌေး အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးသက်ဌေး[၁၂/ရကန(နိုင်)၀၆၀၄၄၀]မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာခြင်းအပေါ် လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီး ကန့်ကွက်ချက်မရှိခြင်းကြောင့် ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်ပါသဖြင့် မြေငှားစာချုပ်အမှတ်-ရပသ(စက်မှု)(၆၄)၄၅/၂၀၀၁ (၅-၁၀-၂၀၀၁)ရက်စွဲဖြင့် ထုတ်ပေးထားသည့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)စာအုပ်အား ပယ်ဖျက်သွားမည်ဖြစ်ရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂၉/အေ)မြေကွက်အမှတ်(၂၁/၁)ဧရိယာ(၀. ၃၇)ဧက၊ မြေကွက်တည်နေရာအမှတ်-၂၁၊ ပြည်လမ်း၊ ပျဉ်းမပင်ကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ သည်အင်တာကောင်တင်နီကိုပေါ် ရေးရှင်းအမည်ပေါက်G၊ ၃(က)ရပြီးမြေအား မင်္ဂလာဒုံမြို့နယ်၊ တရားရုံးတရားမကြီးမှု အမှတ်-၂၀/၂၀၁၂(၃၀-၃-၂၀၁၂)(တရားလို ဦးသန်းမြင့် ၎င်း၏ကိုယ်စားလှယ်စာရသူ ဒေါ်ဆွေဆွေ မိုး) သို့ မြေကွက်အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေရန် အမိန့်ချမှတ်ပြီး တရားမဇာရီမှုအမှတ် -၁၅/၂၀၁၂(၂၇-၈-၂၀၁၂)၏ အမိန့်တင်ပြပြီး တရားရုံး ဒေါ်ညွှန့်တင်ကိုယ်စား ဘီလစ် ဒေါ်ချစ်စုဝင်း[၁၂/ဥကမ(နိုင်)၂၃၁၀၁၉]မှ လယ်ယာမြေကို ဥပဒေပုဒ်မ၃(က)အရ လယ်ယာမြေဟုသောစကားရပ်တွင် အကျုံးမဝင်ကြောင်း ဝန်ခံချက်လက်မှတ် တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

FDA မှ အလုံကုန်ထုတ်လုပ်ခြင်း
ထောက်ခံချက်အမှတ် - 1309 PC 0021

အဖိုးတန်ဂျင်ဆင်းမြစ်နှင့် ဗီတာမင်အီးတို့၏အစွမ်းကြောင့် ဆံပင်နီခြင်း၊ ဆံပင်နှစ်ခွဖြစ်ခြင်း၊ ဆံသားပျက်စီးခြင်းများကိုပြန်လည်ကောင်းမွန်စေပါသည်။ နေ့စဉ်ပုံမှန် လိမ်းပေးခြင်းဖြင့် ဆံပင်သားကိုပိုးသားကဲ့သို့ နက်မှောင်တောက်ပစေပါသည်။

Apple Production Co., Ltd.
အမှတ် (A/၂၉)၊ ဦးဝိစာရလမ်း၊ (၃၄) တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ - ၈၆၁၈၀၈၁ ၊ ၀၉-၄၉၃၁၆၄၀၈ ။

ဖုန်း-၀၁-၂၀၀၆၉၉၊ ၀၉၅၁၉၈၆၁၂၊ ၀၉၅၅၀၈၁၃၀

WAI YAN ELECTRONICS
Brands · Experts · Service
Like Us On
http://www.facebook.com/waiyanelectronics

Super CRAZY SUMMER SALE
1st ~ 11th April | 2016
LAST CHANCE!
ONLY 11 DAYS LEFT
တန်မှတန်တဲ့ အထူးဈေးနှုန်း ၊ အထူးလက်ဆောင်

ကျပ်သိန်း၁၀၀ကျော် ဗလာမပါကံစမ်းမဲ လက်ဆောင်များ

ငွေကျပ် ၃သိန်းခွဲနှင့်အထက် ဝယ်ယူပြီး ဗလာမပါကူပွန်(၁)စောင်
ငွေကျပ် ၆သိန်းနှင့်အထက် ဝယ်ယူပြီး ဗလာမပါကူပွန်(၂)စောင်
ငွေကျပ် ၁၀သိန်းနှင့်အထက် ဝယ်ယူပြီး ဗလာမပါကူပွန်(၃)စောင် ရယူကံစမ်းလိုက်ပါ။

"Promotion ကာလ..."

- Wai Yan Electronics (Pansodan): 01- 250596-7
- Wai Yan Electronics (Insein): 01- 642678
- Wai Yan Electronics (Bago): 09 260632525
- Wai Yan Electronics (Kabaraye): 01- 401416
- Wai Yan Electronics (Mandalay): 02- 72580-4
- Wai Yan Electronics (Lashio): 09 252337733
- Wai Yan Electronics (South Dagon): 01- 8100343-4
- Wai Yan Electronics (Nay Pyi Taw): 067- 8108089
- Wai Yan Electronics (Pyay): 053- 24040, 09 49 501580
- Wai Yan Electronics (Bo Aung Kyaw): 01- 398571
- Wai Yan Electronics (Taunggyi): 081- 200571

Iron Cross
MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
မဟာသင်္ကြန်ပွဲတော် MPT နဲ့ နွှဲပျော်
၂၀၁၆ မန်းသင်္ကြန်ကို MPT မဏ္ဍပ်မှာ IC နဲ့အတူ ပျော်ပျော်ကြီး ဆင်နွှဲဖို့ ဖိတ်ခေါ်လိုက်ပါတယ်
အသေးစိတ်သိရှိလိုပါက
http://www.mpt.com.mm
https://facebook.com/mptofficialpage
MPT OFFICIAL သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
CALL CENTER 106
(၂၄)နာရီအခမဲ့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(၄၅)နှစ်မြောက်မင်္ဂလာဆုတောင်း

ကျေးဇူးရှင်ဖေဖေ ဗိုလ်ချုပ်ဝင်းမြင့်(ငြိမ်း)နှင့် မေမေ ဒေါ်နီနီတို့၏ ၄-၄-၂၀၁၆ ရက်တွင် ကျရောက်သော (၄၅)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတု တိုင်အောင် ကျန်းမာချမ်းသာပြီး ချစ်သောသားသမီးများ၊ ချစ်သောမြေးများနှင့်အတူ လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

ချစ်သောသားသမီးများ	-	မောင်သိန်းဆွေ-မီးမီး
	-	မီးငယ်
	-	အောင်စူ-ချယ်ချယ်
	-	ကောင်းသစ်ဝင်းမြင့်(ခ)ဇာနည်ဝင်းမြင့်
ချစ်မြေးများ	-	သက်ထား၊ စစ်သွေး၊ ယွန်းယွန်း၊ သဲသဲ၊ ကိုဟိန်း၊ လလုံး၊ အာဒီး၊ ပေါက်စ(**HOTEL COROLLA** မိသားစု)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မင်းကြီးလမ်း၊ တောင်သူကုန်းရပ်ကွက်၊ စေတနာမွန်လမ်းသွယ်၊
အမှတ်(၁၇/၁၉)၊ ယုဇနမြိုင်ခြံ၊ တိုက်(A)၊ မြေညီထပ်နေ
ဦးမိုးကျော်ဦး-ဒေါ်စန်းစန်းစိုးတို့၏သားကြီး

ဗိုလ်ကြီးရာဇာမြင့်

[B.Sc(Electronic)D.S.A]၊ ရေးမြို့

နှင့်

မွန်ပြည်နယ်၊ ရေးမြို့၊ နတ်မောက်လမ်း၊ ရန်ကြီးအောင်ရပ်ကွက်၊ အမှတ်(၁၇)နေ
ဦးမြင့်ဆွေ(စက်ပြုပြင်ရေး)-ဒေါ်ခင်စောရီတို့၏ဒုတိယသမီး

မမြတ်လေးမွန် B.A(Geography)

ဆေးဘက်ကျွမ်းကျင်(၄)၊ ရေးမြို့၊ ပြည်သူ့ဆေးရုံ

တို့၏ ၂၆-၃-၂၀၁၆ရက်(စနေနေ့)တွင် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့်
ဗိုလ်ကြီးရာဇာမြင့်-မမြတ်လေးမွန်

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1C/5699၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

(၄၅)နှစ်မြောက်မင်္ဂလာဆုတောင်း

ကျေးဇူးရှင် ချစ်ဖေဖေ ဦးမြင့်ကြည် (Director, Myat Noe Thu Construction Co.,Ltd)နှင့် ချစ်မေမေ ဒေါ်မကြီးတို့၏ ၄-၄-၂၀၁၆ ရက်တွင် ကျရောက်သော ကြည်နူးဂုဏ်ယူဖွယ် (၄၅)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်များစွာတိုင် ကျန်းမာပျော်ရွှင် သာယာချမ်းမြေ့သောဘဝကို ပိုင်ဆိုင်လျက် ချစ်သော သား၊ သမီး၊ မြေးများနှင့်အတူတကွ ဘာသာ၊ သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်၍ ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

သားကြီး	-	ဦးကျော်မျိုးထွန်း(ဒု-ညွှန်ကြားရေးမှူး၊ တံတားအထူးအဖွဲ့-၄)-ဒေါ်စောနီလာမောင်
သားလတ်	-	ဦးမျိုးမင်းကြည်**(Hexagon C&E;LEADS Facade)**-ဒေါ်ဇင်မာဝင်း(ခေတ္တ-စင်ကာပူ)
သားငယ်	-	ဗိုလ်မှူးတိုးနိုင်ထက်(မျက်စိပါရဂူ)**(No.2,D.S.G.H) -** ဒေါက်တာယမင်းနိုင်**(Product Manager, SANOFI)**
ချစ်မြေးများ	-	မေကျော်၊ ရှင်းခန့်မင်းကြည်၊ သူရကျော်၊ ပိုင်ဇင်မင်းကြည်၊ သန့်တည်ကြည်

နှစ်(၅၀)ပြည့်ရွှေရတုမင်္ဂလာဆုတောင်းလွှာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာနေ ဖေဖေ တပ်ကြပ်ကြီးထွန်းတင်(ဆေးငြိမ်း) နှင့် မေမေ ဒေါ်တင်အောင် တို့၏ ၄-၄-၂၀၁၆ရက်တွင် ကျရောက်သော မင်္ဂလာရက်မြတ် နှစ်(၅၀)ပြည့်ရွှေရတုမှသည် နောင်နှစ်ပေါင်းများစွာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သာသနာအကျိုးနှင့် ဝိပဿနာတရားများ ပွားများအားထုတ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သား၊ သမီး၊ မြေးများ

သမီးကြီး	-	ဒေါ်ချိုချိုမာ **B.Sc(Chem,Q)** (ဦးစီးအရာရှိ-စီးပွား/ကူးသန်းဝန်ကြီးဌာန)
သမီးလတ်	-	ဒုအရာခံဗိုလ်ကျော်မြင့်ဦး-ဒေါ်ချိုချိုမြင့် **B.Sc(Maths,Q),DA**(မန်နေဂျာ-မြန်မာမိုဘိုင်းလ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)
သမီးငယ်	-	ဒေါ်ချိုချိုဝင်း **B.Sc(Zoology)(Executive, Catering Dept:Myanmar National Airlines)**
မြေး	-	မရတနာကျော်မြင့် **2nd Year(Physics)**၊ ဒဂုံတက္ကသိုလ်

ရေသန့်ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်ရန်

ဒဂုံ (အရှေ့၊ တောင်၊ မြောက်)၊ရွာသာကြီးနယ်မြေများအတွက် RO & UV စက်ကြီး သောက်ရေသန့် ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။

Ph-09-448026388

ဝယ်လိုသည်

- ယာဉ်အို နှစ်(၂၀)အပ်ကား၊
- မီနီ taxi
- R⁻(ဆူဇူကီးပစ်ကပ်)

Ph:09-448007377

ကြော်ငြာ

Minn San Eain Travel & Tour Co., Ltd. 01-8551106, 09-259259153, 09-5044271, 09-259259154

- မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ Apr 11 220000
- ပုဂံ (စွယ်တော်လေးဆူ)၊ မန္တလေး၊ ပြင်ဦးလွင် Apr 11 200000
- ထားဝယ်(ရှင်ကိုးရှင်)၊ မြိတ်၊ မောင်းမကန်၊ ကျိုက္ခမီ၊ စက်စဲ Apr 11 210000 / Apr 17 170000
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ ကက္ကူ၊ ထမ်စမ်း Apr 8 130000 / Apr 12 170000

အာရှနဂါး Asia Dragon ကျိုက်ထီးရိုး ချောင်းသာ/ငွေဆောင်
Ph:01 707062, 09 799100100, 01 703790, 09 797100100

ရွှေဥဒေါင်းမင်း 09-421152677, 09-421122687
မဟာသင်္ကြန်တောင်ကြီးအထူးခရီးစဉ်
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ကလော၊ အောင်ပန်း 100000
မွေတော်ကက္ကူ၊ ထမ်စမ်းလိုဏ်ဂူ (စား+တည်းငြိမ်း)..... Apr 11 ထွက်မည်
လူဦးရေကန့်သတ်ထားပါသဖြင့် အမြန်ဆုံးဆက်သွယ်ဝယ်ယူနိုင်ပါသည်။

ရွှေပင့်ကူ
April ၁၁ ထွက်မည်

Royal Gandamar Travels & Tours
3*Hotel, AirCon Express, Meals, Guide, စရိတ်ငြိမ်း

၁။ ထားဝယ်ရှင်ကိုးရှင်-လောင်းလုံးကျွန်း	(၆ရက်)	Apr11,13,14,15	၂၄၀၀၀၀
၂။ တောင်ကြီး-အင်းလေး-ကလော-ပင်းတယ	(၅ရက်)	Apr 11,16	၁၉၅၀၀၀*
၃။ ရွှေစက်တော်-ပုဂံ (စွယ်တော်၄ဆူ)-ပုပ္ပါး	(၅ရက်)	Apr 9,13	၁၇၀၀၀၀
၄။ စစ်ကိုင်း-မုံရွာ-အလောင်းတော်ကဿပ-ကျောက်ဆည်	(၅ရက်)	Apr 11,16	၁၇၀၀၀၀
၅။ ပုဂံ (စွယ်တော်၄ဆူ)-ပုပ္ပါး-ပခုက္ကူ	(၄ရက်)	Apr 9,12,15	၁၂၀၀၀၀
၆။ ဖားအံ-ကျုံဆော-မော်လမြိုင်-စက်စဲ	(၃ရက်)	Apr 9,12,15,18	၉၄၀၀၀

အမှတ်(၁၈၅/၁၈၇) မဟာဗန္ဓုလလမ်း နှင့် ၅၂လမ်းထောင့် Yurimieko ရှေ့၊ ဗိုလ်တစ်ထောင်မြို့နယ်
Ph-01-397484, 09-333 53275, 09-25089 2626

UNIQUE STAR TRAVELS & TOURS

Cambodia - Bangkok	(6D)	($ 750)
Phuket - Bangkok	(6D)	($ 950)
Chiangmai-Bangkok	(6D)	($ 850)
Singapore - Malay	(6D)	($ 1050)
Singapore	(4D)	($ 900)
Vietnam - Cambodia	(6D)	($ 950)

Bangkok-Pattaya-Ayuttaya (6D)
[Tiger Zoo, Alcaza Show, Nong Nooch Garden, Coral Island , Kao Chee Chan, King Power, Dream World, Safari World, Emerald Buddha, Baiyoke Sky Dinner, Cruise Dinner, Ayutthaya]
Apr: 3, 23, 30 / May: 7 ($ 350 / $ 400)
Apr: 10, 11, 12, 13, 14 ($ 400/ $ 450)

Yangon/Mandalay-Bangkok Airticket များကိုလက်ကားဈေးဖြင့်ရောင်းချနေပါသည်။
70/A, Kabaaye Pagoda Rd,860 4964-65-66, 708 353, 705 723, 09 7310 9133- 44- 55- 66.
No(126), 42th Street, 83rd x 84th St, Mandalay.Ph: 099 - 7200 3797, 09 - 514 8079.

ဈာပိုသား မြန်မာ့နှစ်သစ်ကူးဒါနအလှူခရီးစဉ်
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ထမ်ဆမ်း၊ မွေတော်ကက္ကူ၊ မြင်းမထိဂူဘုရားစုံဖူးနှစ်သစ်ကူး (စားတည်းငြိမ်း)(၃)ညအိပ်(၄)ရက် 55000 ခရီးစဉ်အားလုံး(၁၂.၄.၂၀၁၆)ထွက်မည်။
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ မွေတော်ကက္ကူ၊ ထမ်ဆမ်းလိုဏ်၊ ကော်တောင်ကွဲစေတီ၊ ကန်ခုနစ်ဆင့်ထီးပွင့်ကံ၊ မြင်းမထိဂူဘုရားစုံဖူး (စားတည်းငြိမ်း)(၄)ညအိပ်(၅)ရက် 70000
ကျိုက်(၅)ကျိုက် (ကျိုက်ထီးဆောင်း၊ ကျိုက်သလ္လံ၊ ကျိုက်ပေါ်လော၊ ရှင်းကျိုက်မရော၊ ကျိုက္ခမီ) စက်စဲ၊ ဝင်းစိန်တောရ၊ ဦးခန္တီ၊ ဦးဇိနတ္တား၊ လပိုတောင်၊ ဇင်းကျိုက်ရေတံခွန်၊ သထုံ၊ ရွှေစာရံ၊ အလံတရာ ဘုရား၊ လမ်းဘုရားစုံဖူး၊ တည်းခိုခန်း(၁)ညအိပ်(၂)ရက်၊ ဆိုင်ထမင်း(၃)နပ်ကျွေး 40000
Ph:09425334456,0949323965,0949578205

ရွှေလမ်းခရီး...မှ သင်္ကြန်လက်မှတ်ရောင်းပြီ
- မန်းရွှေစက်တော်ဘုရားပွဲ၊ ကျောင်းတော်ရာနှင့် အထက်မြန်မာပြည်ခရီးစဉ်များ
- အလောင်းတော်ကဿပ၊ (ဗိုလ်ဝင်တောင်၊ ရွှေဘတောင်) ကျိုက်ထီးရိုး(ရေ၅)
- ပုဂံ၊ (စွယ်တော်လေးဆူ) (ပြည့်ငါးပြည့်)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ - သီဟိုဠ်ရှင်
- တောင်ကြီး (မွေတော်ကက္ကူ)၊ (ထမ်စမ်းလိုဏ်ဂူ)၊ အင်းလေး၊ ပင်းတယ
- မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ကျောက်စိမ်းစေတီ၊ သောကြာနေ့တိုင်း
- ထားဝယ် ရှင်ကိုးရှင်၊ မြိတ်၊ မောင်းမကန်ကမ်းခြေ၊ မော်လမြိုင်
- မော်လမြိုင်၊ ဇွဲကပင်တောင်၊ ကျိုက်မရော၊ ကျိုက္ခမီ၊ စက်စဲကမ်းခြေ
(ထမင်းကျွေး၊ ကား၊ တစ်ဆင့်သွားကား၊ ဧည့်လေး၊ တည်းခိုခန်း စရိတ်ငြိမ်း)
- အင်းတော်ကြီး - ရွှေမြဘုရားပွဲတော်၊ မြစ်ကြီးနား၊ မေခမလိခမြစ်ဆုံ + မိုးကုတ်
- ရခိုင်ပြည်နယ် - မြောက်ဦး၊ ကျောက်တော်(မဟာမုနိ)၊ စစ်တွေ (ငပလီကမ်းခြေ)
အမှတ်(၁၁၅)၊ ပန်းဆိုးတန်းလမ်း။ 01371317,095124678,098627170

AMERICAN VISION
PROFESSIONAL EYE CARE CENTER

မျက်စိနှင့်မျက်မှန်ကိစ္စအားလုံး တစ်နေရာတည်းနှင့်ပြီးပြည့်စုံတဲ့

မူလပထမ အမေရိကန်ဗွီးရှင်း

နွေရာသီ Sunglasses Promotion အထူးအစီအစဉ်
ခရမ်းလွန်ရောင်ခြည် (UV Ray) များကိုရာနှုန်းပြည့်ကာကွယ်ပေးသော
ကမ္ဘာကျော် BRANDED နေကာမျက်မှန်ဝယ်ယူသူတိုင်းအတွက်

SUMMER SALE

1st pair... 10% discount
2nd pair... 20% discount
3rd pair... 30% discount
+ လက်ဆောင်တွေလည်း ထပ်ပေးဦးမှာနော်။
only until 30.4.2016

နှစ်ပေါင်း (23) နှစ်တိုင်အောင် ယုံကြည်စိတ်ချစွာဖြင့် အစဉ်တစိုက် ဝယ်ယူအားပေးမှုများအား အမေရိကန်ဗွီးရှင်းမှ အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကမ္ဘာကျော် Branded မျက်မှန်ကိုင်းမျိုးစုံ အစစ်အမှန်တွေကို တစ်နေရာတည်းမှာအစုံအလင်ရွေးချယ်ဝယ်ယူနိုင်ပါပြီ။

AMERICAN VISION ဆိုင်ခွဲများအားလုံးမှာ လျှော့ပေးနေပြီမို့အခုပဲသွားလိုက်ကြစို့သူငယ်ချင်းတို့ ။

YGN: (01) 242476, 203465, 516733, 539604, (09) 8627445.
MDY: (02) 35588, 32053, NPT: (067) 432393

သင်၏မြင်ကွင်းများအား တိကျမှန်ကန်စွာဖြင့်အကောင်းဆုံးပြန်လည်ရရှိစေရန် နောက်ဆုံးပေါ်
ကမ္ဘာ့ခေတ်မီ ခွဲစိတ်၊ စမ်းသပ် စက်သစ်ကြီးများစုံလင်စွာရှိပြီး မျက်စိနှင့်ပတ်သက်သည့်ရောဂါမျိုးစုံအား အတွေ့အကြုံရင့်ကျက်သော
မျက်စိအထူးကုဆရာဝန်ကြီးများကိုယ်တိုင် စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေးနေသော အမေရိကန်ဗွီးရှင်းမှာမှ စိတ်ချရမယ်နော်။

LG Life's Good

LG BRAND SHOP @ MYANMAR PLAZA

GRAND OPENING

4TH ~11TH, APRIL | 2016

စတင်ဖွင့်လှစ်ခြင်း အထူးအစီအစဉ်

ငွေကျပ်(၅)သိန်းဖိုးနှင့် အထက် ဝယ်ယူသူတိုင်းအတွက်
ငွေကျပ် ၃၅,၀၀၀ တန်ဖိုးရှိ LG Premium Gift Set လက်ဆောင်

*** LG Brand Shop Myanmar Plaza တွင်သာ ***

TMW Enterprise Limited

ဝယ်ယူပါ Lucky Draw Coupon ဖြတ်ပိုင်း LG Monitor အပါအဝင် ဆုလက်ဆောင်များစွာ နေ့စဉ် (၅၀)ဦးသာ (ကုန်မှုသောက်ဝယ်ရန်)

အမှတ် - ၁၉၂၊ Myanmar Plaza ဒုတိယထပ် ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၉ - ၆၇၄၀၀၅၀၄၄

မေဃဝတီခရီးသွားလုပ်ငန်း
Maygawaddy Travels&Tours Co,Ltd.

၁။သံဝေဇနီယလေးဌာန၊အဝိဇဟိတသုံးဌာန (၈)ရက်ခရီး၊ (ဧပြီ-၁၃) ၉သိန်း
၂။သီရိလင်္ကာ(ဗုဒ္ဓမြတ်စွယ်တော်)ထိုင်း၊ကမ္ဘောဒီးယား(၆/၉)ရက်ခရီးစဉ်၊(မေ–၁၉ရက်)
ကဆုန်ညောင်ရေသွန်းပွဲတော်
သံဃာတော်/ဆရာလေးများအားအထူးနှုန်းဖြင့်ကုသိုလ်ယူပို့ဆောင်ပေးနေပါပြီ။
အမှတ်(၁၇)မဟာရာလမ်း၊ကျိုက္ကဆံရပ်ကွက်၊ဗဟန်းမြို့နယ်၊(၂၁/၄)ရ–ရပ်ကွက်၊ကမာရွတ်မြို့နယ်။
☎ ဖုန်း- ၀၁ ၅၃၉ရရ၉၊၀၉၅၀၆၅၁၃၀၊၀၉၄၂၀၀၈၄၉၉၈၊၀၉ရ၃၁၀၉၅၀၃
Email:maygawaddy02@gmail.com

တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊ ဘွဲ့ကြို၊ ဘွဲ့ရနှင့် ရုံးဝန်ထမ်းများအတွက်

www.getc-languageschool.com

GETC

မြေနီကုန်း 01-537895, 09-262963776
တာမွေ 01-549590, 09-254148006
မရမ်းကုန်း 01-663960, 09-259822220
အင်းစိန် 09-259822226/ 7
Enroll Now for March Intake!
▲Communicative English ▲General English ▲FCE ▲IELTS

TRAVEL VILLAGE
အဆင့်မြင့် ခရီးသွားလုပ်ငန်း
"နှစ်ဆန်းတစ်ရက်နေ့သင်္ကြန် အထူးခရီးစဉ်များ"
- တောင်ကြီး-အင်းလေး-ကလော-ပင်းတယ April 17,12(189,000Ks) Scania car
